# ကြေးမုံ

The Mirror

Established in 1957

၁၉၅၇ ဖေ့ဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ (15-10-2014) (၇၉၉၄)


**တပေါင်း တော်မင်္ဂလ မုတ္တမ်**

**ဖြိုးဖြိုး ခွေ့တာခြင်းသည် မြတ်သောမင်္ဂလာ မည်၏။**

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံ အထက် ပိုင်းဒေသများတွင် မိုး ဆက်လက် ထစ်ချုန်းရွာ မည်။ ။

ပြည်သူ့လွှတ်တော်အစည်းအဝေး

## အလုပ်သမားတစ်ဦးသည် လူမှုဖူလုံရေးအကျိုးဝင်သူဖြစ်ပါက လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၄**

ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အစီအစဉ်(၇)ခုဖြင့် ကျင်းပပြီး မေးခွန်း(၇)ခုမေးမြန်းဖြေကြားခဲ့ကြသည်။

အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး၏ **"အလုပ်သမားနှင့်အလုပ်ရှင် အငြင်းပွားမှုဖြေရှင်းရာတွင် နစ်နာသူအလုပ်သမားများအတွက် လျော်ကြေးငွေမှာ နည်းပါးနေပါသဖြင့် ပြင်ဆင်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက အလုပ်သမားတစ်ဦး ထိခိုက်သေဆုံးလျှင် အလုပ်သမားလျော်ကြေးအက်ဥပဒေနှင့်အညီ လျော်ကြေးပေးရန် အနည်းဆုံး ငွေကျပ်တစ်သိန်းခွဲနှင့် အများဆုံးငွေကျပ်လေးသိန်းခွဲအထိ သတ်မှတ်ထားပါကြောင်း။

အလုပ်သမားတစ်ဦးသည် အမြဲတမ်းလုံးဝမသန်မစွမ်းဖြစ်လျှင်သော်လည်းကောင်း၊ အမြဲတမ်း တစ်စိတ်တစ်ဒေသ မသန်မစွမ်းဖြစ်လျှင်သော်လည်းကောင်း အလုပ်သမားလျော်ကြေးအက်ဥပဒေနှင့်အညီ လျော်ကြေးပေးရန် အနည်းဆုံးငွေကျပ်နှစ်သိန်းနှင့် အများဆုံးငွေကျပ်ခြောက်သိန်းအထိ သတ်မှတ်ထားပါကြောင်း၊ ထို့ပြင် အလုပ်သမားတစ်ဦးသည် လူမှုဖူလုံရေးအကျိုးဝင်သူဖြစ်ပါက

**စာမျက်နှာ ၇ ကော်လံ ၁ သို့**

အမျိုးသားလွှတ်တော်အစည်းအဝေး

## ရပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်ကအတည်ပြု

**နေပြည်တော် အောက်တိုဘာ ၁၄**

ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)မှ ဦးဟာရှိန်းဘွေ၏ **"၁၉၇၄ မှ ၁၉၈၆ ခုနှစ်အထိ သက်တမ်း (၃)ကြိမ်တွင် အရွေးချယ်ခံကျေးရွာအုပ်စုနှင့် ရပ်ကွက်ကောင်စီဥက္ကဋ္ဌ၊ အတွင်းရေးမှူး တာဝန်ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်များ၏ ပင်စင်ခံစားခွင့်ရှိသူများ လျှောက်ထားသော်လည်း ယနေ့တိုင်ရရှိရန် ခက်ခဲနေမှုအပေါ် ကွင်းဆင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက မင်းတပ်မြို့နယ်အတွင်း ၁၉၇၄ မှ ၁၉၈၆ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံရေးပင်စင်ခံစားခွင့် မရရှိသေးသူ (၁၂)ဦးမှ ဦးဟုန်ဘူ၊ ဦးကင်ဟုန်းနှင့် ဦးရွှေချိန်တို့ (၃)ဦး၏ တာဝန်ထမ်းဆောင်မှုနှင့်စပ်လျဉ်း၍ ပထမအကြိမ် ပြည်သူ့ကောင်စီသက်တမ်းမှ စတုတ္ထအကြိမ် ပြည်သူ့ကောင်စီ သက်တမ်းအထိ ယခင်မင်းတပ်မြို့ ပြည်သူ့ကောင်စီရုံး၏ ပေးပို့ထားသည့် မှတ်တမ်းများနှင့် တိုက်ဆိုင်စိစစ်ရာတွင် တာဝန်ထမ်းဆောင်ခဲ့သည့် အထောက်အထား မတွေ့ရှိပါကြောင်း။

**စာမျက်နှာ ၇ ကော်လံ ၁ သို့**

## ပုသိမ်ခရီးစဉ်နှင့် ပုသိမ်ရှုခင်းကြည့်ခရီးစဉ် တိုးချဲ့ပျံသန်းပြေးဆွဲမည်

**ရန်ကုန် အောက်တိုဘာ ၁၄**

မြန်မာ့လေကြောင်းက အောက်တိုဘာ ၁၈ ရက်မှစ၍ Grand Caravan ၁၀ ယောက်စီး လေယာဉ်ဖြင့် ရန်ကုန်-ပုသိမ်-ရန်ကုန် ခရီးစဉ်များကို စတင်ပျံသန်းပြေးဆွဲသွားမည်ဖြစ်ပြီး ထိုနေ့မှာပင် Grand Caravan လေယာဉ်ဖြင့် ရှုခင်းကြည့်ခရီးစဉ်များအဖြစ် ပုသိမ်-ငွေဆောင်-ချောင်းသာ-ပုသိမ်နှင့် ပုသိမ်-ငွေဆောင်-မော်တင်စွန်း- ပုသိမ် ခရီးစဉ်များ ကို ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်းနှင့် လေယာဉ်စီးခနှုန်းထားများမှာ Promotion ကာလ အထူးနှုန်းထားအဖြစ် ရန်ကုန်-ပုသိမ်ငွေကျပ် ၃၀၀၀၀ နှင့် ပုသိမ်မှနေ၍ ရှုခင်းကြည့် ခရီးစဉ်ဖြစ်သည့် ပုသိမ်-ငွေဆောင်-မော်တင်စွန်း ငွေကျပ် ၃၀၀၀၀ နှင့် ပုသိမ်-ငွေဆောင်-ချောင်းသာ-ပုသိမ် ငွေကျပ် ၂၅၀၀၀ ဖြင့် ပျံသန်းပေးမည်ဖြစ်ပြီး

**စာမျက်နှာ ၇ ကော်လံ ၆ သို့**

## စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန် ထွန်စက်နှင့် ရိတ်သိမ်းခြွေလှေ့စက်များ လွှဲပြောင်းပေးအပ်



**ရန်ကုန် အောက်တိုဘာ ၁၄**

ကျေးလက်နေ တောင်သူများ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် ခေတ်မီစက်ကိရိယာများအသုံးပြု၍ လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ပြီး လူမှုစီးပွားဘဝ မြင့်မားစေရန်ရည်ရွယ်၍ ဂျပန်နိုင်ငံမှ (JICA)၏ အထောက်အပံ့ဖြင့် ထွန်စက်နှင့် ရိတ်သိမ်းခြွေလှေ့စက်များ လွှဲပြောင်းပေးအပ်ပွဲကို အောက်တိုဘာ ၁၄ ရက်က သန်လျင်မြို့ရှိ အမှတ် (၁၈)စက်မှုလယ်ယာစခန်း၌ ကျင်းပသည်။

အဆိုပါ လွှဲပြောင်းပေးအပ်ပွဲတွင် စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကိုကိုအောင်က လွှဲပြောင်းပေးအပ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးပြီး ခရိုင်ဦးစီးမှူး ဦးနိုင်ဦးက စက်များကိုင်တွယ်အသုံးပြုပုံ နည်းစနစ်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာ တောင်သူများအတွက် ရရှိသော

**စာမျက်နှာ ၉ ကော်လံ ၄ သို့**




ကြေးမုံစာတည်းရှုထောင့် ၁၅-၁၀-၂၀၁၄၊ ဗုဒ္ဓဟူးနေ့

# နိုင်ငံ့ဝမ်းစာ စားနပ်ရိက္ခာ

"အူမတောင့်မှ သီလစောင့်နိုင်မည်" ဆိုစကားသည် သက်ရှိများ ရှင်သန်ရေးအတွက် အာဟာရသည်အရေးကြီးကြောင်း၊ မရှိမဖြစ်လိုအပ်ကြောင်း ညွှန်းဆိုထားခြင်းဖြစ်ပါသည်။ ဘဝတစ်ခုရှင်သန်မှုအကြောင်းတရားလေးပါးဖြစ်သည့် ကံ၊ စိတ်၊ ဥတု၊ အာဟာရတွင် "အာဟာရ"သည် အခြေခံအကျဆုံးလိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ အာဟာရမပြည့်မီပါက ပြုလုပ်သည့်ကံ မပီပြင်နိုင်သလို စိတ်အလိုမကျဖြစ်နေမည်မလွဲပေ။

စားနပ်ရိက္ခာပြည့်မီရေးတွင် မိမိတို့နိုင်ငံအတွက် လယ်ယာမြေကဏ္ဍဖွံ့ဖြိုးရေးကို မျက်ခြည်မပြတ်အလေးထားဆောင်ရွက်နိုင်မှ တော်ကာကျပါမည်။ ကမ္ဘာ့နိုင်ငံများတွင်လည်း ထိုနည်းနှင်နှင်ပင် ရိက္ခာဖူလုံရေးကို နည်းမျိုးစုံနှင့် ဖြည့်တင်းနေကြရသည်။ မိမိတို့နိုင်ငံလို လယ်ယာကိုင်းကျွန်း၊ မြေလွတ်မြေရိုင်းပေါများသော နိုင်ငံများတွင် သမားရိုးကျမိရိုးဖလာလယ်ယာစိုက်ပျိုးရေးပုံစံရှိနေသေးသော်လည်း တချို့သော စိုက်ပျိုးမြေနည်းပါးသည့် နိုင်ငံများ ဥပမာ တောင်ကိုရီးယား၊ ဂျပန်စသည့် နိုင်ငံများတွင် စိုက်ပျိုးမြေနည်းနည်းမှ ရိက္ခာများများရရှိအောင် နည်းပညာသုံးကာ ဝမ်းစာဖြည့်တင်းနေကြရသည်။ စိုက်ပျိုးမြေလုံးလုံးမရှိသော နိုင်ငံများ ဥပမာ စင်ကာပူလို နိုင်ငံများတွင် ရိက္ခာအတွက် အိမ်နီးနားချင်းနိုင်ငံများကို မှီခိုနေကြရသည်။

လက်ရှိကမ္ဘာ့လူဦးရေ ခုနစ်ဘီလီယံခန့်ရှိနေသည်။ လာမည့် ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေ ကိုးဘီလီယံကျော် ၁၀ ဘီလီယံထိ တိုးပွားလာမည်ဟု သိရသည်။ လူဦးရေတိုးပွားလာမှုကြောင့် စိုက်ပျိုးမြေများ ကျုံ့လာမည်၊ သစ်တောများ ပြုန်းတီးလာမည်၊ စားကျက်မြေများပျောက်ကွယ်လာမည်။ အနာဂတ်ရိက္ခာအရေးအတွက် ရတက်မအေးနိုင်စရာဖြစ်စဉ်များ။ လက်ရှိကမ္ဘာ့လူဦးရေအနက် နေ့စဉ်လူဦးရေသန်းပေါင်း ၈၅၀ ခန့်သည် စားနပ်ရိက္ခာအခက်အခဲနှင့် အာဟာရမပြည့်ဝမှုဒဏ်ခံစားနေရကြောင်း သိရသည်။ ထိုလူများ၏ အူမ မတောင့်နိုင်မှုသည် အကြွင်ဒေသအတွက် ကောင်းကျိုးဖြစ်စေမည်မဟုတ်။ အစာအိမ်ပြဿနာကြုံရပြီဆိုလျှင် အရာအားလုံးအသေးအမွှားဖြစ်သွားရတတ်သည်။

ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်တွင် လာမည့် ၂၀၂၅ ခုနှစ်အရောက်တွင် ကမ္ဘာတစ်ဝန်းလုံးငတ်မွတ်ခေါင်းပါးမှုပပျောက်ရေးရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိနေသည်။ ရည်မှန်းချက်ပြည့်မီဖို့ဆိုလျှင် သမားရိုးကျစိုက်ပျိုးနေမှုဖြင့် လိုက်မမီနိုင်တော့ပါပြီ။ တစ်ဖက်တွင်လည်း မိမိတို့နိုင်ငံ၏ မိရိုးဖလာစိုက်ပျိုးရေးလုပ်ငန်းခွင်တွင် အဓိကလုပ်အားရှင်များ ရှားပါးလာနေမှုနှင့် အခက်ကြုံတွေ့နေကြရပါပြီ။ လယ်ယာလုပ်သားရှားပါးလာမှု၊ ခိုင်းကျွဲ၊ ခိုင်းနွားများ ပါးလျားလာနေမှုများကို တစ်နိုင်ငံလုံးအနှံ့ ကြုံတွေ့နေရသည်။ ဤအချက်ကလည်း အဆိုးထဲက အကောင်းဆိုသလို လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာသို့ ပြောင်းလဲဖို့တွန်းအားတစ်ရပ်ဖြစ်လာခဲ့ပါပြီ။

လူဦးရေတိုးပွားလာခြင်းနှင့်အတူ ထုတ်ကုန်နှစ်ဆတိုးလာဖို့ ကြိုးစားကြရမည်ဖြစ်ရာ ပုံမှန်သွားနေကျလမ်းကြောင်းမှ ခွဲထွက်လျက် နည်းပညာအား သုံးကြရတော့မည်။ လက်ရှိလုပ်သားလုပ်အားရှားပါးမှုက ဤအချက်အတွက် အထောက်အကူဖြစ်စေပါသည်။ ထွန်စက်၊ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်၊ တလင်းပျောက်အခြောက်ခံစက်များကို နိုင်ငံတော်မှ ပံ့ပိုးမှုများ ရရှိမည်ဆိုပါလျှင် မိမိတို့နိုင်ငံအတွက် ထောင်စုနှစ်ရည်မှန်းချက်ပြည့်မီရုံသာမက ပိုလျှံသည်အထိ ထုတ်လုပ်နိုင်ပါမည်။

"ရေရှည်တည်တံ့ခိုင်မြဲသော လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့် တစ်ချိန်တည်း၊ တစ်ပြိုင်တည်းတွင် သဘာဝတောတောင်ရေအရင်းအမြစ်၊ သစ်တောအရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုမှ ကာကွယ်တားဆီးနိုင်ရေးလုပ်ငန်းများကို အထူးအလေးအနက်ထား၍ ဆောင်ရွက်ပေးကြရန်" ဟူသည့် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မိန့်ကြားချက်သည် အာဆီယံနိုင်ငံများ၏ ပကတိ အခြေအနေများနှင့် တစ်သားတည်းကျပါသည်။

စိုက်ပျိုးရေးတွင် စိုက်ပျိုးရေလုံလောက်စွာရရှိမှုက အဓိကဖြစ်ရာ "ဥတုရာသီတောကိုမှီ၏"ဆိုစကားအတိုင်း သဘာဝ တောတောင်၊ ရေအရင်းအမြစ်၊ သစ်တောများစသဖြင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုမရှိအောင် ကာကွယ်တားဆီးထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း စိုက်ပျိုးရေးနှင့် တန်းတူထား လုပ်ဆောင်သွားကြရပါမည်။

ဤနှစ်ချက်သည် ဒင်္ဂါးတစ်ပြား၏ ခေါင်းနှင့်ပန်းပမာ ခွဲခြားမရစကောင်းသော အရာများဖြစ်ကြသည်။ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ အမှီသဟဲပြုဖက်၊ အကျိုးပြုဖက်လည်းဖြစ်သည်။ ကာဗွန်လွှန်ကဲကာ မြေကမ္ဘာအား ဒုက္ခပေးနေချိန် ဤစိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတစ်နည်း အစိမ်းရောင်စီးပွားရေးလုပ်ငန်းက မိမိတို့ဝန်းကျင်ကို လွှန်ကဲကာဗွန်များအန္တရာယ်မှ တစ်ချက်ခုတ် နှစ်ချက်ပြတ် ကာကွယ်မှုလည်း ပေးသွားနိုင်ပါကြောင်း။ ။

## ဘုရားဖူးများ ညအိပ်တည်းခိုနားနေနိုင်ရန် ရတနာဆင်များရှင်ဘုရားကြီးအတွင်း တည်းခိုဆောင်ကြီးနှစ်ဆောင်တည်ဆောက်ထား

**စစ်ကိုင်း အောက်တိုဘာ ၁၄**

စစ်ကိုင်းတောင်ရိုးနှင့် စစ်ကိုင်းမြို့သို့ မြန်မာနိုင်ငံတစ်ဝန်းမှ လာရောက်ဘုရားဖူးမြော်ကြမည့်ဘုရားဖူးအဖွဲ့များ အဆင်ပြေစွာ ညအိပ်တည်းခိုနားနေနိုင်ရေးအတွက် စေတနာရှင်မိသားစုတစ်စုတို့က သမိုင်းဝင်ရတနာစေတီ ဆင်များရှင်ဘုရားကြီး၏ ပရိဝုဏ်အတွင်းတွင် "သာသနဟိတကာရီ" တည်းခိုဆောင်ကြီးနှစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းကြောင်း ဝမ်းမြောက်ဖွယ်သိရှိရသည်။ အဆိုပါ မိသားစုအနေဖြင့် စစ်ကိုင်းမြို့သို့ ဘုရားဖူးမြော်လာရောက်လည်ပတ်ကြသည့် ဘုရားဖူးအဖွဲ့များ အဆင်ပြေစွာ ညအိပ်တည်းခိုနားနေနိုင်ကြစေရန်အတွက် လူ ၈၀ စီ တည်းခိုနားနေနိုင်သည့် RC အမျိုးအစား တည်းခိုဆောင်ကြီးနှစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းကြောင်း၊ အဆိုပါတည်းခိုဆောင်ကြီးနှင့်အတူ ဘုရားဖူးများအသုံးပြုနိုင်ရန် မိုးလုံလေလုံယာဉ်ရပ်နားသည့်နေရာ၊ စားဖိုဆောင်၊ ကျား၊မရေချိုးခန်း၊ ကျား၊ မ သန့်စင်ခန်း၊ အဝီစိစက်ရေတွင်း၊ ထမင်းစားစားပွဲများကို စီစဉ်ထားကြောင်း၊ "သာသနဟိတကာရီ" တည်းခိုဆောင် တစ်ဆောင်လျှင် လူ ၂၀ ဆံ့ အခန်း လေးခန်းစီဖြင့် ဖွဲ့စည်းတည်ဆောက်ထားကြောင်း၊ လျှပ်စစ်မီးလုံး၊ ပန်ကာ၊ ဖုန်းအားသွင်းရန် နေရာများကိုလည်း တပ်ဆင်ပေးထားကြောင်း၊ ဘုရားဖူး အဖွဲ့လူ ၁၆၀ တစ်ပြိုင်နက် ညအိပ်တည်းခိုနိုင်ကြောင်း သိရသည်။

"တည်းခိုတဲ့ဘုရားဖူးဧည့်သည်တွေ စိတ်ချမ်းသာ၊ လွတ်လပ်လုံခြုံစွာ တည်းခိုနားနေနိုင်ဖို့အတွက် အဆင်ပြေအောင် စီစဉ်ထားပါတယ်။ တည်းခိုခကောက်ခံမှုလုံးဝမရှိပါဘူး။ တည်းခိုဆောင်ပြုပြင်ထိန်းသိမ်းဖို့အတွက် စေတနာသဒ္ဓါတတ်အား သရွေ့ နည်းများမဆို လှူဒါန်းနိုင်ပါတယ်။ လှူဒါန်းငွေကို စနစ်တကျ လက်ခံပါတယ်။ ဘုရားဖူးအဖွဲ့တွေ အနေနဲ့ လာရောက်တည်းခိုလိုတယ်ဆိုရင် ဖုန်း-၀၉-၃၃၁၉၉၁၄၅ ကို ကြိုတင်ချိတ်ဆက်ထားရင်လည်း ရပါတယ်" ဟု သာသနဟိတကာရီ တည်းခိုဆောင်တာဝန်ခံ ဦးထွန်းထွန်းဦးက ပြောပြသည်။

စစ်ကိုင်းတောင်ရိုးနှင့် စစ်ကိုင်းမြို့သို့ လာရောက်လည်ပတ်ဘုရားဖူးမြော်သည့် ဘုရားဖူးအဖွဲ့များအနေဖြင့် ရတနာစေတီ ဆင်များရှင်ဘုရားကြီး ပရိဝုဏ်အတွင်းရှိ "သာသနဟိတကာရီ" တည်းခိုဆောင်ကြီးတွင် တည်းခိုမည်ဆိုပါက မြို့လယ်တွင် တည်ရှိနေသဖြင့် စားသောက်နေထိုင်သွားလာမှုများစွာအဆင်ပြေကြောင်း၊ အဖွဲ့လိုက် တစုတစည်း တည်းခိုနိုင်သည့်အပြင် သပ်ရပ်သန့်ရှင်းကျယ်ဝန်း လုံခြုံမှုရှိကြကြောင်း၊ လာရောက်တည်းခိုနားနေသည့် ဘုရားဖူးအဖွဲ့များ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရကြောင်း သိရသည်။

(နန္ဒာမင်းလွင်)






## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၁၄**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၅၅၁၀၀ | - | ၆၅၆၁၀၀ |
| မန္တလေး | ရွှေဈေး | ၆၅၄၈၀၀ | - | ၆၅၅၈၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၉၀. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၅၉. ၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၁. ၆၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၀. ၅၃၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၃. ၇၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၂၂၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၂၄. ၀၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၂. ၉၁၉ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၈၆၅. ၁၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၈. ၈၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

Since 1986
KMD Education Services
SQA Scottish Qualifications Authority
HND Higher National Diploma
အင်္ဂလန်နိုင်ငံမှတိုက်ရိုက်ပေးအပ်သော
အဆင့်မြင့် ကွန်ပျူတာဒီပလိုမာသင်တန်း
• တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်ပြီးသူတိုင်းတက်ရောက်နိုင်သောသင်တန်းဖြစ်သည်။
သင်တန်းအပ်နှံပြီး
KMD Gift Card ရယူပါ....
KMD GIFT CARD
300,000/-KS
အောက်တိုဘာ HND တန်းခွဲသစ် အပ်နှံသူများအတွက်
ISO 9001:2008 Cert. No. 683180
(၃၃၁)၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။ ☎ - ၅၂၇၄၃၆/၅၃၄၁၇၀/၅၀၂၂၃၃/ ၃၈၁၀၀၃၅/ ၃၉၀၂၈၆။

ပြည်တွင်းရေးရာ

# နိုင်ငံတော်သမ္မတဦးသိန်းစိန် မြန်မာနိုင်ငံလုံးဆိုင်ရာ စက္ကဗျူဟာပင်မသိုင်းအဖွဲ့ချုပ်သို့ ဂုဏ်ပြုဆုငွေများ ချီးမြှင့်

**နေပြည်တော် အောက်တိုဘာ ၁၄**

မြန်မာလူမျိုးတို့၏ ရှေးခေတ်သိုင်းပညာများကို ရိုးရာမပျက်ထိန်းသိမ်းစောင့်ရှောက်၍ စနစ်တကျပြန့်ပွားအောင် လေ့ကျင့်ဆောင်ရွက်ပေးလျက်ရှိသော ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် အိုးဘိုကျေးရွာရှိ မြန်မာနိုင်ငံလုံးဆိုင်ရာ စက္ကဗျူဟာပင်မသိုင်းအဖွဲ့ချုပ်၏ သိုင်းပညာစိစစ်ဖော်ထုတ်ပြသမှုကို အဆိုပါကျေးရွာ၌ အောက်တိုဘာ ၁၃ ရက်က ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားသို့ စိတ်ဝင်စားသောဒေသခံပြည်သူများစွာနှင့်အတူ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး တက်ရောက်ခဲ့သည်။

စက္ကဗျူဟာသိုင်းအဖွဲ့ချုပ်သည် အဖွဲ့ဝင်တိုင်းအား ကိုယ်ကျင့်သိက္ခာဖြူစင်စေရန် ငါးပါးသီလခံယူစေခြင်း၊ ပုတီးစိပ်၊ သမထထိုင်စေခြင်းနှင့် စိတ်စွမ်းအားမြှင့်တင်၍ ထူးခြားသော သိုင်းပညာစွမ်းအားများကို အမျိုးစုံလင်စွာ ပြသခဲ့ကြသည်။ လှံတစ်ချောင်းပေါ်တွင် ဝမ်းလျားမှောက်၍ လှည့်ပြနိုင်ခြင်း၊ မျက်လုံး၊ နားထင်တို့တွင် ထောက်၍ ဓားဦးချွန်အားကွေးပြခြင်း၊ လည်ပင်းပေါ် လှံစိုက်၍ ကုပ်ပေါ်၌ ကျောက်ဖျာခဲတင်ကာ မကွဲမချင်း ဆယ်ပေါင်တူဖြင့် ရိုက်ခွဲပြခြင်းစသော ထူးဆန်းသည့်ပြကွက်မျိုးစုံကို စိတ်စွမ်းအားမြင့်မားသော သိုင်းပြကွက်များဖြင့်ပြသခဲ့ရာ တက်ရောက်လာသူ ပြည်သူအပေါင်းက အထူးအံ့သြစွာဖြင့် ကြည့်ရှုအားပေးခဲ့ကြသည်။ အဆိုပါသိုင်းသင်တန်း၏ ရည်ရွယ်ချက်နှင့် လေ့ကျင့်ဆောင်ရွက်ပေးနေမှုများသည် ခေတ်ကာလလူငယ်များ၏ ပြည်ပမှ ဝင်ရောက်လာသော သတင်းမီဒီယာမျိုးစုံ၏ အတုခိုးမှားမှုကိုမဖြစ်စေဘဲ မြန်မာ့ရိုးရာသိုင်းပညာ မပျောက်ပျက်အောင်ဆောင်ရွက်ပေးမှုနှင့် အကျင့်သီလပိုင်းဆိုင်ရာစာရိတ္တကို ထိန်းသိမ်းလေ့ကျင့်ပေးမှုတို့ကြောင့် သင်တန်းသား တစ်သိန်းနီးပါး လေ့ကျင့်ပေးနိုင်ခဲ့ကြောင်းနှင့် အသင်းဝင် ၃၀၀၀ နီးပါးရှိပြီဖြစ်ကြောင်း သိရသည်။




အဆိုပါစက္ကဗျူဟာပင်မသိုင်းအဖွဲ့ချုပ်၏ ဆောင်ရွက်နေမှုများကိုကြားသိရသဖြင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဆုငွေကျပ်သိန်း ၅၀၀ နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက အားကစားနှင့် ပြပွဲသုံးပစ္စည်းများ၊ ပံ့ပိုးငွေများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

**☆ တပ်မတော်မှ**

ဆောင်ရွက်သွားရန်တို့အား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တပ်မတော်၏မှန်ကန်သည့်ရည်ရွယ်ချက်အဖြစ် ရပ်တည်လုပ်ဆောင်နေမှု၊ လက်ရှိဖော်ဆောင်နေသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းအတိုင်း မယိမ်းမယိုင်လျှောက်လှမ်းနိုင်ရေးပါဝင်ဆောင်ရွက်နေမှု၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေလိုသည့် မှန်ကန်သောစိတ်စေတနာတူညီကြသည့် တပ်မတော်နှင့်မီဒီယာအတူတကွ ပူးပေါင်းဆောင်ရွက်ရေးတို့အား အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သော်တို့တက်ရောက်ကြပြီး မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့်အတူ အတွင်းရေးမှူး ဦးကျော်မင်းဆွေ၊ တွဲဖက်အတွင်းရေးမှူး ဒေါ်နန်းကလျာဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးသီဟစော၊ ဦးရဲမင်းဦး၊ ဦးကိုကို၊ ဦးဇော်သက်ထွေးတို့တက်ရောက်ကြပြီး တွေ့ဆုံပွဲအပြီးတွင် စုပေါင်းအမှတ်တရဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

**❖ အမရပူရမြို့မှ**

အလှူရှင်မှာ ဆရာတော်တစ်ပါးဖြစ်သည်ဟု သိရသည်။ တံတားဆောက်လုပ်မှုအနေဖြင့် ပန်းရန်မှအစ ဆောက်လုပ်မှုအပိုင်းများအားလုံးကို ဦးချစ်မောင်ကိုယ်တိုင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း ခုနစ်လခန့်ကြာမြင့်ခဲ့ကြောင်း သိရသည်။ ယခုအခါတွင် အမရပူရမြို့နယ် တပ်ကြီးရွာမြောက်ဘက် အင်းဝသို့သွားရာ ကားလမ်းဘေးတွင် လက်ရာမြောက်စတီးကြိုးတံတားကိုဖြတ်ကာ ရွှေပေါက်ကျွန်းစေတီတော်ကို ကြည်ညိုဖူးမြော်နိုင်ပါကြောင်း ရေးသားအပ်ပါသည်။ **(တိမ်တမန်)**

---

# ရွှေ ၈၊ ငွေ ၄၊ ကြေး ၅ ဆုတံဆိပ်ရရှိခဲ့သော ကနူးလှေလှော်အားကစားအဖွဲ့ ပြန်လည်ရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၁၄**

၂၀၁၄ ခုနှစ် အောက်တိုဘာ ၈ ရက်မှ ၁၂ ရက်အထိ စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သော အရှေ့တောင်အာရှ ကနူးလှေလှော်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်ရှစ်ခု၊ ငွေတံဆိပ်လေးခုနှင့် ကြေးတံဆိပ်ငါးခုဖြင့် နိုင်ငံအလိုက် အဆင့်(၂)ရရှိခဲ့သော အောင်ပွဲရ မြန်မာ့လက်ရွေးစင် ကနူးကယက်လှေလှော်အသင်းသည် အုပ်ချုပ်သူ/နည်းပြများနှင့်အတူ ယမန်နေ့ည ၇ နာရီက စင်ကာပူလေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာကြသည်။

အဆိုပါပြိုင်ပွဲများတွင် အမျိုးသား(၂)ယောက်တွဲ မီတာ(၁၀၀၀)နှင့် မီတာ(၅၀၀) ကနူးလှေလှော်ပြိုင်ပွဲ၌ ဝင်းထိုက်နှင့်စိုင်းမင်းဝေအတွဲက ရွှေတံဆိပ်တစ်ခုစီ၊ အမျိုးသား(၂)ယောက်တွဲ မီတာ(၂၀၀)ကနူးလှေလှော်ပြိုင်ပွဲ၌ ဝင်းထိုက်နှင့်မောင်မောင်အတွဲက ရွှေတံဆိပ်တစ်ခု၊ အမျိုးသားတစ်ဦးချင်း မီတာ(၁၀၀၀)နှင့်မီတာ(၅၀၀)ကနူးလှေလှော်ပြိုင်ပွဲများ၌ သန့်ဇင်ဦးက ရွှေတံဆိပ်တစ်ခုစီ၊ အမျိုးသားတစ်ဦးချင်း မီတာ(၂၀၀) ကနူးလှေလှော်ပြိုင်ပွဲ၌ မောင်မောင်က ရွှေတံဆိပ်တစ်ခု၊ အမျိုးသမီး(၁)ဦးချင်း မီတာ(၂၀၀) ကနူးလှေလှော်ပြိုင်ပွဲ၌ နော်ချယ်ရီဝင်းက ငွေတံဆိပ်တစ်ခု၊ အမျိုးသား(၁)ဦးချင်း ကယက်လှေလှော်ပြိုင်ပွဲများ၌ အောင်မျိုးသူက မီတာ(၁၀၀၀)တွင် ရွှေတံဆိပ်တစ်ခု၊ မီတာ(၅၀၀)တွင် ငွေတံဆိပ်တစ်ခုနှင့် မီတာ(၂၀၀)တွင် ကြေးတံဆိပ်တစ်ခုစီ၊ အမျိုးသား(၄)ယောက်တွဲ ကယက်လှေလှော်ပြိုင်ပွဲများ၌ စောကေရှ၊ ရာဇာထွန်း၊ မြင့်ကိုကိုနှင့် ဇော်ဝေလတ်တို့အတွဲက မီတာ(၁၀၀၀)တွင် ငွေတံဆိပ်တစ်ခု၊ မီတာ(၅၀၀)တွင် ရွှေတံဆိပ်တစ်ခုနှင့် မီတာ(၂၀၀)တွင်ငွေတံဆိပ်တစ်ခုစီ၊ အမျိုးသမီး(၂)ယောက်တွဲ ကယက်လှေလှော်ပြိုင်ပွဲ၌ မျိုးသန္တာထွန်းနှင့် ချိုမာလွင်အတွဲက မီတာ(၅၀၀)နှင့် မီတာ(၂၀၀)တွင် ကြေးတံဆိပ်တစ်ခုစီ၊ အမျိုးသမီးတစ်ဦးချင်း ကယက်လှေလှော်ပြိုင်ပွဲ၌ မျိုးသန္တာထွန်းက မီတာ(၅၀၀)တွင် ငွေတံဆိပ်တစ်ခုနှင့် မီတာ(၂၀၀)တွင် ကြေးတံဆိပ်တစ်ခုစီ အသီးသီးရရှိခဲ့သည်။

၎င်းပြိုင်ပွဲတွင် ရွှေ ၁၀ ခု၊ ငွေရှစ်ခု၊ ကြေးလေးခုဖြင့် နိုင်ငံအလိုက် အိမ်ရှင်စင်ကာပူအသင်းက အဆင့်(၁)ရရှိခဲ့ပြီး မြန်မာနိုင်ငံက ရွှေရှစ်ခု၊ ငွေလေးခု၊ ကြေးငါးခုဖြင့် အဆင့်(၂)၊ အင်ဒိုနီးရှားနိုင်ငံက ရွှေငါးခု၊ ငွေခုနစ်ခု၊ ကြေးလေးခုဖြင့် အဆင့်(၃)ရရှိခဲ့ပြီး ဗီယက်နမ်က အဆင့်(၄)၊ ထိုင်းအသင်းက အဆင့်(၅)နှင့် ဖိလစ်ပိုင်အသင်းက အဆင့်(၆)တို့ရရှိကာ ထိုပြိုင်ပွဲတွင် အိမ်ရှင်စင်ကာပူအသင်းက (A)အသင်းနှင့် (B)အသင်းနှစ်သင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်းသိရသည်။

အဆိုပါပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်နှင့် အရှေ့တောင်အာရှ ကနူးလှေလှော်အဖွဲ့ချုပ်ကွန်ဂရက်သို့ တက်ရောက်ရန် အားကစားဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး ခေါင်းဆောင်သော မြန်မာလှေလှော်အားကစားအဖွဲ့သည် အောက်တိုဘာ ၉ ရက်တွင် ထွက်ခွာခဲ့သည်။ အောက်တိုဘာ ၁၀ ရက်တွင် စင်ကာပူနိုင်ငံ Canoe Sport Central ၌ Southeast Asian Games Federation Congress အစည်းအဝေးကျင်းပရာ မြန်မာ၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ စင်ကာပူနှင့် မလေးရှားနိုင်ငံတို့မှ ကနူး/ကယက် လှေလှော်အဖွဲ့ချုပ် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။ အဆိုပါအစည်းအဝေးတွင် ၂၀၁၅ ခုနှစ် ဇွန်လတွင် စင်ကာပူနိုင်ငံ၌ကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ မြန်မာနိုင်ငံအနေဖြင့် အမျိုးသားကယက် လေးယောက်လှော် MK-4 မီတာ ၂၀၀ ပွဲစဉ်အားပယ်ဖျက်မပေးနိုင်ကြောင်း အဓိကထားဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းတွင် Maraina Reservoir ၌ ကနူး/ကယက်လှေလှော်ပြိုင်ပွဲအား ပြုလုပ်ခဲ့ပြီး မြန်မာလှေလှော်အဖွဲ့မှ ရွှေ(၈)၊ ငွေ(၄)၊ ကြေး(၅) ဆုတံဆိပ်များ ရရှိခဲ့သည်။ မြန်မာအားကစားအဖွဲ့ခေါင်းဆောင်သော အားကစားဝန်ကြီးဌာနမှ ရုံးအဖွဲ့မှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ မြန်မာလှေလှော်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာသန်းတိုး၊ အထွေထွေအတွင်းရေးမှူး ဦးဖေဝင်းတို့က ဆုများကို ချီးမြှင့်ပေးခဲ့ကြသည်။

"စင်ကာပူနိုင်ငံ၌ကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်းပေါင်း ၃၆ မျိုးပါဝင်ပြီး မြန်မာနိုင်ငံအနေဖြင့် ၃၃ မျိုး ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ကြောင်း၊ လှေလှော်အားကစားအဆင့်(၂)ရရှိမှုသည် ကြိုးစားမှု၏အောင်မြင်မှုပြယုဂ်ဖြစ်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း" ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦးက ပြောကြားခဲ့သည်။ **ခင်မောင်ဝင်း(ကြေးမုံ)**

---

သမ္မတ၊ သွင်၊ မင်္ဂလာ(၁)၊ မင်္ဂလာစံပြ၊ ဝင်းလိုက်(မန္တလေး)
၃ . ၁၀ . ၂၀၁၄ ရက်မှ တစ်ပြိုင်တည်းပြပြီ




ရွှေဆောင်(၁) ၊ Top Royal
မြို့မ(မန္တလေး) ၊ အောင်သီရိ(လားရှိုး)
၁၇ . ၁၀ . ၂၀၁၄ ရက်မှ တစ်ပြိုင်တည်းပြပြီ




နေပြည်တော်(၂) ၊ မင်္ဂလာ(၂)ဗဟိုစင်တာ
မင်္ဂလာစံပြ ၊ မန္တလေး-မင်္ဂလာဒိုင်းမွန်း
၁၇ . ၁၀ . ၂၀၁၄ ရက်မှ တစ်ပြိုင်တည်းပြပြီ




နေပြည်တော်(၁) ၊ မင်္ဂလာစံပြ
မန္တလေး-မင်္ဂလာဒိုင်းမွန်း
၁၀ . ၁၀ . ၂၀၁၄ ရက်မှ တစ်ပြိုင်တည်းပြပြီ




ရွှေဆောင်(၂) ၊ မန္တလေး-မင်္ဂလာဒိုင်းမွန်း
၁၀ . ၁၀ . ၂၀၁၄ ရက်မှ စတင်ပြပြီ




နေပြည်တော်(၃)
၁၀ . ၁၀ . ၂၀၁၄ ရက်မှ စတင်ပြပြီ




| သမ္မတ | သွင် | မင်္ဂလာ(၁) | မင်္ဂလာ(၂) | မင်္ဂလာစံပြ | ရွှေဆောင်(၁) | ရွှေဆောင်(၂) | နေပြည်တော် | Top Royal | ဝင်းလိုက်(မန္တလေး) | မြို့မ(မန္တလေး) | မင်္ဂလာဒိုင်းမွန်း(မန္တလေး) |
|---|---|---|---|---|---|---|---|---|---|---|---|
| ၀၁-၂၄၆၉၆၂ | ၀၁-၃၇၂၅၉၄ | ၀၁-၂၄၃၀၅၇ | ၀၉၇၃၂၅၄၀၉၁ | ၀၉၇၃၁၇၆၀၀၀ | ၀၁-၂၅၂၁၁၃ | ၀၁-၃၇၀၇၈၇ | ၀၁-၂၅၁၂၇၇ | ၀၉၄၂၀၁၆၂၉၁ | ၀၂-၃၉၁၂၈ | ၀၂-၃၉၁၃၆ | ၀၉၄၀၂၇၆၅၆၃၁ |
| ၀၁-၂၄၆၉၆၃ | ၀၉၇၃၂၃၅၆၀ | ၀၁-၂၄၃၀၅၈ | ၀၉၇၃၂၅၄၀၉၂ | ၀၉၇၃၁၇၆၁၁၁ | ၀၁-၃၈၈၀၃၄ | ၀၉၇၃၀၀၁၇၀၄ | ၀၁-၂၅၁၂၈၈ | ၀၉၄၂၀၁၆၂၉၂ | ၀၂-၆၀၂၉၁ | ၀၂-၃၉၁၃၇ | ၀၉၄၀၂၇၆၅၆၄၂ |

ပွဲချိန်သတိပြု
၁၀:၀၀ နာရီ ၁၂:၃၀ နာရီ ၃:၃၀ နာရီ ၆:၃၀ နာရီ ၉:၃၀ နာရီ
Mingalar Cinemas facebook




*အောက်တိုဘာ ၁၃ ရက်က မြို့တော်မော်စကို၌ တရုတ်ဝန်ကြီးချုပ်နှင့် ရုရှားဝန်ကြီးချုပ်တို့အား ပူးတွဲကြေညာချက် လက်မှတ်ရေးထိုးပြီးနောက် တွေ့ရစဉ်။*

# စစ်အေးခေတ် ပြီးဆုံးချိန်နောက်ပိုင်း ရုရှားနှင့် တရုတ် ဆက်ဆံရေး မြှင့်တင်

**မော်စကို အောက်တိုဘာ ၁၄**

တရုတ်ဝန်ကြီးချုပ်လီကေ့ချန်သည် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အောက်တိုဘာ ၁၄ ရက်တွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း၊ စစ်အေးခေတ်ပြီးဆုံးချိန်နောက်ပိုင်း နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်နိုင်ရန် တရုတ်နှင့် ရုရှားနိုင်ငံတို့ ကြိုးပမ်းလျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်ဝန်ကြီးချုပ်လီသည် ရုရှားနိုင်ငံသို့ ရောက်ရှိနေပြီး ဝန်ကြီးချုပ်ဒီမစ်ထရီမက်ဗီဒေ့ဗ်နှင့် စွမ်းအင်ကဏ္ဍမှသည် ဘဏ္ဍာရေးလုပ်ငန်းအထိ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များကို အောက်တိုဘာ ၁၃ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။

တရုတ်နှင့် ရုရှားနိုင်ငံတို့သည် ကုန်သွယ်ရေးတွင် အမေရိကန်ဒေါ်လာအပေါ် တည်မှီနေမှု လျှော့ချနိုင်ရေးအတွက် ယွမ်ငွေနှင့် ရူဘယ်ငွေဖလှယ်ရေး သဘောတူညီချက်တစ်ရပ်ကိုလည်း လက်မှတ်ရေးထိုးခဲ့သည်။

ယူကရိန်းပဋိပက္ခနှင့် ပတ်သက်၍ အမေရိကန်၊ ဥရောပသမဂ္ဂတို့နှင့် ရုရှားနိုင်ငံအကြား တင်းမာမှုများ ဖြစ်ပေါ်နေချိန်တွင် ရုရှားနိုင်ငံသို့ တရုတ်ဝန်ကြီးချုပ် ရောက်ရှိလာခြင်းဖြစ်သည်။

ရုရှားနိုင်ငံသုံး ရူဘယ်ငွေသည် အောက်တိုဘာ ၁၃ ရက်က ယူရိုနှင့်ဒေါ်လာငွေတို့နှင့် ဖလှယ်ရာတွင် စံချိန်တင် တန်ဖိုးကျဆင်းခဲ့သည်။ ရုရှားဗဟိုဘဏ်က ရူဘယ်ငွေကို ကာကွယ်နိုင်ရန် ငွေကြေးဘီလီယံပေါင်းများစွာကို အသုံးပြုခဲ့သော်လည်း တန်ဖိုးကျဆင်းလျက်ရှိသည်။ ထိုစဉ်အတွင်း ရေနံဈေးနှုန်းများ ကျဆင်းလာခြင်းကြောင့် ကမ္ဘာ့စီးပွားရေး ထိခိုက်မှုဖြစ်လာနိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

# အဲဖရန့်ခ်လေယာဉ် ပျက်ကျခြင်းမရှိမီ လေယာဉ်မှူးနှစ်ဦး အိပ်စက်နေခဲ့ဟုဆို

**လန်ဒန် အောက်တိုဘာ ၁၄**

၂၀၀၉ခုနှစ်က ဘရာဇီးနိုင်ငံ ကမ်းလွန်ပင်လယ်ပြင်အတွင်းသို့ အဲဖရန့်ခ်လေကြောင်းမှ ခရီးသည်တင်လေယာဉ် ပျက်ကျခြင်းမရှိမီ မိနစ်ပိုင်းအလိုတွင် လေယာဉ်မှူးသုံးဦးအနက် နှစ်ဦးမှာ အိပ်စက်လျက်ရှိနေကြကြောင်း၊ ယင်းလေယာဉ်ပျက်ကျမှုကြောင့် လေယာဉ်ပေါ်လိုက်ပါလာသူ ၂၂၈ဦးစလုံး အသက်သေဆုံးခဲ့ကြကြောင်း ဗြိတိန်နိုင်ငံ လန်ဒန်တွင် ထုတ်ဝေသော ဒေးလီးမေးလ်သတင်းစာက အောက်တိုဘာ ၁၄ ရက်တွင် ရေးသားဖော်ပြသည်။

လေကြောင်းခရီးစဉ်အမှတ် ၄၄၇ ပျံသန်းလာသော အဲဘတ်စ်-၃၃၀ အမျိုးအစားလေယာဉ် ပျက်ကျခဲ့မှုနှင့် ပတ်သက်၍ ပြင်သစ်မတော်တဆမှုများ စစ်ဆေးရေးဌာနမှ အယ်လိန်းဘူးလတ်ဦးဆောင်သောအဖွဲ့က စုံစမ်းစစ်ဆေးမှုအသစ် ပြုလုပ်ခဲ့သည်။

ကမ္ဘာ့အပူပိုင်းဒေသ မုန်တိုင်းဖြစ်ပေါ်နေချိန်အတွင်း လေယာဉ်ကို ဘေးဥပဒ်မကျရောက်အောင် ထိန်းသိမ်းမောင်းနှင်ရမည့် လေယာဉ်မှူးသုံးဦးအနက် နှစ်ဦးမှာ အိပ်စက်လျက်ရှိနေသည်ဟု မှတ်တမ်းတင်အသံဖမ်းစက်မှတ်တမ်းများအရ သိရှိရကြောင်း သတင်းစာတွင် ဖော်ပြသည်။

၂၀၀၉ခုနှစ် ဇွန် ၁ ရက်က အဆိုပါလေယာဉ်ပျက်ကျမှု ဖြစ်ပွားခဲ့သည်။ ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့မှ ပြင်သစ်နိုင်ငံ ပါရီမြို့သို့ ပျံသန်းလာသောလေယာဉ်သည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်းသို့ ပျက်ကျခဲ့သည်။ အဲဖရန့်ခ်လေကြောင်းဌာန သမိုင်းကြောင်းတွင် လူသေဆုံးမှုအများဆုံး မတော်တဆမှုဖြစ်ရပ်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ပီတီအိုင်။**



*အတ္တလန္တိတ်သမုဒ္ဒရာအတွင်းမှ ပြန်လည်ဆယ်ယူရရှိသော လေယာဉ်ပျက်အပိုင်းအစများကို မှတ်တမ်းပုံတွင် တွေ့ရစဉ်။*



# ဂျပန်နိုင်ငံအရှေ့ပိုင်း၌ မုန်တိုင်းတိုက်ခတ် အမျိုးသားနှစ်ဦးသေဆုံး၊ တစ်ဦးပျောက်ဆုံးနေ

**တိုကျို အောက်တိုဘာ ၁၄**

ဂျပန်နိုင်ငံ၌ ဗွန်ဖောင်းဟု အမည်ပေးထားသော တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် အမျိုးသားနှစ်ဦး သေဆုံးခဲ့ရပြီး တစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း၊ မုန်တိုင်းကြောင့် ဆုံးရှုံးပျက်စီးရမှုအခြေအနေကို တာဝန်ရှိသူများက တွက်ချက်လျက်ရှိကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျပန်နိုင်ငံ အရှေ့ပိုင်းဒေသ၌ အောက်တိုဘာ ၁၄ ရက် အစောပိုင်းက တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်ခဲ့သည်။ ပြီးခဲ့သည့် ရက်သတ္တပတ်ကုန်က အိုကီနာဝါကျွန်းတွင် မုန်တိုင်းတိုက်ခတ်ခဲ့ပြီး နိုင်ငံတောင်ပိုင်း ကျူရှူးကျွန်းတွင် ကုန်းတွင်းပိုင်းသို့ဝင်ရောက်ကာ မုန်တိုင်းအားပျော့သွားကြောင်း မိုးလေဝသအေဂျင်စီက ပြောကြားသည်။

ဂျပန်နိုင်ငံရှိ ပြည်နယ်အရေအတွက်၏ ထက်ဝက်ခန့်ဖြစ်သော ပြည်နယ် ၂၃ ပြည်နယ်တွင် တိုင်ဖွန်းမုန်တိုင်းနှင့် ဆက်နွယ်နေသော မတော်တဆမှုများကြောင့် ၉၆ ဦး ထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အင်န်အိပ်ချ်ကေ အသံလွှင့်ဌာနက သတင်းထုတ်ပြန်သည်။

ပစိဖိတ်သမုဒ္ဒရာအရှေ့မြောက်ပိုင်း ဆူနာမီဘေးဒဏ် ခံစားခဲ့ရသော ဖူကူရှိမဒိုင်အိချိ အဏုမြူစခတ်အားပေးစက်ရုံ တည်ရှိရာဒေသ၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့သော်လည်း ပျက်စီးထိခိုက်မှုများမရှိကြောင်း တိုကျို လျှပ်စစ်ဓာတ်အားကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

**ကျိုဒို။**



*ဂျပန်နိုင်ငံ အရှေ့ပိုင်း၌ တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် အဆောက်အအုံများ ပျက်စီးနေသည်ကို တွေ့ရစဉ်။*

# မရိန်းတပ်ဖွဲ့ဝင်ကို လွှဲပေးရေး မြို့တော်မနီလာ၌ ဆန္ဒပြ

**မနီလာ အောက်တိုဘာ ၁၄**

ဖိလစ်ပိုင်လူမျိုးတစ်ဦးကို သတ်ဖြတ်ခဲ့မှုဖြင့် စွဲချက်တင်ခံထားရသူ အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦးကို တရားစီရင် စစ်ဆေးနိုင်ရေးအတွက် ဖိလစ်ပိုင်နိုင်ငံသို့ လွှဲပြောင်းပေး အပ်ရန် မြို့တော်မနီလာရှိ အမေရိကန်သံရုံးရှေ့တွင် ဆန္ဒပြတောင်းဆိုခဲ့ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ မရိန်းတပ်ဖွဲ့ဝင်ကို ဆူးဘစ်ပင်လယ်အော်ရှိ ဆိပ်ကမ်းတစ်ခု၌ ရပ်နားထားသော ယူအက်စ်အက်စ် ပယ်လီလျူအမည်ရှိ စစ်သင်္ဘောပေါ်တွင် ထိန်းသိမ်းထားကြောင်း အမေရိကန် မရိန်းတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးဘရက်ဘာတီးက ပြောကြားသည်။ ယင်းပင်လယ်ဆိပ်ကမ်းသည် မြို့တော်မနီလာ အနောက်မြောက်ဘက် ကီလိုမီတာ ၈၀(မိုင် ၅၀)ခန့်အကွာတွင် တည်ရှိသည်။

အဆိုပါ မရိန်းတပ်ဖွဲ့ဝင်ကို အမေရိကန်ရေတပ်နှင့် ဖိလစ်ပိုင်ရဲတပ်ဖွဲ့တို့က ပူးတွဲစုံစမ်းစစ်ဆေးလျက်ရှိသည်။

အမေရိကန်မရိန်းတပ်ဖွဲ့နှင့် ရေတပ်တို့မှ တပ်ဖွဲ့ဝင် ၃၀၀၀ ခန့်သည် စစ်ရေးလေ့ကျင့်မှုပြုလုပ်ရန် ဖိလစ်ပိုင်သို့ ရောက်ရှိနေခဲ့ပြီး ရက်သတ္တနှစ်ပတ်ကြာ စစ်ရေးလေ့ကျင့်မှုမှာ အောက်တိုဘာ ၁၀ရက်တွင် ပြီးဆုံးခဲ့သည်။

**ပီတီအိုင်။**

# ကုလဝန်ထမ်းတစ်ဦး အီဘိုလာရောဂါဖြင့် သေဆုံး

**ဘာလင် အောက်တိုဘာ ၁၄**

အနောက်အာဖရိက၌ တာဝန်ထမ်းဆောင်နေသည့် ကုလသမဂ္ဂကျန်းမာရေးဝန်ထမ်းတစ်ဦးသည် အီဘိုလာပိုးကူးစက်ခံခဲ့ရပြီးနောက် ဂျာမနီနိုင်ငံသို့ လွှန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက ရောက်ရှိလာကာ ဆေးဝါးကုသမှုခံယူနေစဉ် သေဆုံးခဲ့ရကြောင်း ဆေးရုံတာဝန်ရှိသူများက အောက်တိုဘာ ၁၄ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ဂျာမနီနိုင်ငံ လိုက်ပဇစ်မြို့ရှိ စိန့်ဂျော့ဆေးရုံ၌ အီဘိုလာရောဂါကို ကုသမှုခံယူလျက်ရှိသူ ကုလသမဂ္ဂဝန်ထမ်းသည် အောက်တိုဘာ ၁၃ ရက်ညတွင် သေဆုံးခဲ့ကြောင်း၊ ယင်းလူနာအား ဆေးရုံဝန်ထမ်းများက အထူးကြပ်မတ်ကုသပေးခဲ့ကြောင်း၊ သို့ရာတွင် အသက် (၅၆) နှစ်ရှိ အဆိုပါ ကုလသမဂ္ဂဝန်ထမ်းမှာ သေဆုံးသွားခဲ့ကြောင်း ဆေးရုံ၏ ကြေညာချက်တွင် ဖော်ပြသည်။

ဆူဒန်လူမျိုး ဆရာဝန်တစ်ဦးဖြစ်သူ ကုလသမဂ္ဂဝန်ထမ်းသည် လိုင်ဘေးရီးယားနိုင်ငံမှ ဂျာမနီနိုင်ငံသို့ လွှန်ခဲ့သောရက်သတ္တပတ်က ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားကြသည်။

**ရိုက်တာ။**

ပြည်တွင်းပြည်ပရေးရာ

# လွန်ခဲ့သည့်သုံးလအတွင်း တည်ငြိမ်မှုမရှိသည့် နိုင်ငံများ

လွန်ခဲ့သည့်သုံးလအတွင်း ကမ္ဘာတစ်ဝန်း ပြည်တွင်းရေးတည်ငြိမ်အေးချမ်းမှုမရှိသည့် နိုင်ငံများကို Maplecroft အဖွဲ့က စာရင်းပြုစုထုတ်ပြန်ကြေညာခဲ့သည်။ ကမ္ဘာ့နိုင်ငံအချို့တွင် ဖြစ်ပေါ်လျက်ရှိသည့် လူမှုရေးနှင့် နိုင်ငံရေးမတည်ငြိမ်မှုများက ကမ္ဘာ့နိုင်ငံ ၁၉၇ နိုင်ငံ၏ စီးပွားရေးကို အနှောင့်အယှက်ဖြစ်စေခဲ့သည်။

Maplecroft အဖွဲ့က လွန်ခဲ့သည့်သုံးလအတွင်း ကမ္ဘာတစ်ဝန်း ပြည်တွင်းရေး တည်ငြိမ်အေးချမ်းမှုမရှိသည့် နိုင်ငံပေါင်း ၂၀ ရာခိုင်နှုန်း မြင့်တက်လာသည်ကို တွေ့ရှိခဲ့ရပြီး မငြိမ်မသက်ဖြစ်စေသည့် အကြောင်းရင်းများမှာ ဒီမိုကရေစီတောင်းဆိုဆန္ဒပြခြင်း၊ လူမျိုးရေးနှင့် ဘာသာရေးအကြမ်းဖက်မှု ဖြစ်ပွားခြင်းနှင့် အလုပ်သမား အခွင့်အရေးများ တောင်းဆိုခြင်းများကြောင့် ဖြစ်သည်။

အထူးသဖြင့် ဟောင်ကောင်တွင် ဖြစ်ပွားနေသည့် ဒီမိုကရေစီတောင်းဆိုဆန္ဒပြမှုမှာ စီးပွားရေးတွင် အထိခိုက်ဆုံး ဖြစ်သည်ဟု Maplecroft အဖွဲ့က မှတ်ချက်ပြုခဲ့သည်။ တရုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ယခုလအတွင်းဖြစ်ပေါ်ခဲ့သည့် ဆန္ဒပြမှုများကြောင့် ကုမ္ပဏီလုပ်ငန်းများတည်ရှိသည့် နေရာ ၆၂ နေရာတွင် တည်ငြိမ်မှု ကင်းမဲ့ခဲ့ရသည်။ ဟောင်ကောင်သည် ယခုအခါ ကမ္ဘာတစ်ဝန်းတည်ငြိမ်မှုမရှိသည့် နိုင်ငံများအနက် နံပါတ် ၇၀ နေရာတွင် ရပ်တည်လျက်ရှိသည်။ ဟောင်ကောင်တွင် မတည်ငြိမ်မှုများကြောင့် အပိုကုန်ကျစရိတ် ဒေါ်လာ ၂၈၃ သန်းကုန်ကျခဲ့ရသည်။

ပြည်တွင်းရေး မငြိမ်သက်မှုများသည် အာရှစီးပွားရေးအချက်အချာနေရာများဖြစ်သည့် ထိုင်း၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့တွင်လည်း ဖြစ်ပွားခဲ့သည်။ အဆိုပါနိုင်ငံများတွင် လုပ်ကိုင်လျက်ရှိသည့် ကုမ္ပဏီများသည် အမျိုးမျိုးသော အလုပ်သမားပြဿနာများနှင့် ရင်ဆိုင်ခဲ့ရပြီး စီးပွားရေးထိခိုက်နစ်နာမှုများ ရှိခဲ့သည်ဟု Maplecroft အဖွဲ့၏ ထုတ်ပြန်ချက်အရသိရသည်။

ပြည်တွင်းရေးတည်ငြိမ်ပျက်ပြားမှုဆိုးဆိုးရွားရွားရင်ဆိုင်နေရသည့် ငါးနိုင်ငံမှာ ဆီးရီးယား၊ ဗဟိုအာဖရိက သမ္မတနိုင်ငံ၊ ပါကစ္စတန်၊ ဆူဒန်နှင့် တောင်ဆူဒန်နိုင်ငံတို့ဖြစ်ကြသည်။

ပြည်တွင်းရေးမတည်ငြိမ်မှု ဒုတိယအဆိုးရွားဆုံးငါးနိုင်ငံမှာ အီရတ်နိုင်ငံ၊ ယီမင်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ လစ်ဗျားနိုင်ငံနှင့် ဆိုမာလီယာနိုင်ငံတို့ဖြစ်ကြသည်။

ဆီးရီးယားနိုင်ငံသည် အိုင်အက်စ်စစ်သွေးကြွများနယ်မြေ၊ အာဆတ်အစိုးရပိုင်နယ်မြေ၊ ကာ့ဒ်လူမျိုးများ၊ သူပုန်များနှင့် အယ်လ်ခိုင်ဒါအကြမ်းဖက်အဖွဲ့အစည်းများကြားအစိတ်စိတ်အပိုင်းပိုင်းကွဲပြားပြီး နှစ်အတန်ကြာ ပြည်တွင်းစစ်ဖြစ်ပွားလျက်ရှိသည့်နိုင်ငံဖြစ်သည်။

ဗဟိုအာဖရိက သမ္မတနိုင်ငံ၊ ဆူဒန်နှင့် တောင်ဆူဒန်နိုင်ငံတို့မှာ လူမျိုးရေးနှင့် ဂိုဏ်းဂဏစွဲ ပဋိပက္ခများ ဖြစ်ပွားလျက်ရှိသည့်နိုင်ငံများ ဖြစ်သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဗဟိုအာဖရိက သမ္မတနိုင်ငံတွင် အစ္စလာမ်ဘာသာဝင်များနှင့် ခရစ်ယာန်ဘာသာဝင်များကြား လူမျိုးတုံးသတ်ဖြတ်မှုများအထိ ဦးတည်နေသည့် တိုက်ခိုက်မှုများကို ကာကွယ်ရန် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်များ စေလွှတ်ရန် တညီတညွတ်တည်း မဲပေးခဲ့ကြသည်။

Maplecroft အဖွဲ့က ပြည်တွင်းရေးမတည်ငြိမ်သည့် နိုင်ငံများကို စာရင်းပြုစုရာတွင် အရည်အသွေးရောအရေအတွက်ပါ နှစ်မျိုးစလုံးဖြင့် စည်းကမ်းတကျပြုစုခဲ့ခြင်းဖြစ်သည်။ ကောက်ခံရရှိသည့် အချက်အလက်များသည် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးမတည်ငြိမ်မှုများနှင့် စားနပ်ရိက္ခာဖူလုံရေးအပါအဝင် အကျင့်ပျက်ခြစားမှုဖြစ်နိုင်ခြေများကို အကဲဖြတ်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

***ကမ္ဘာ့ဘေးအန္တရာယ်များ လေ့လာသုံးသပ်ရေးအဖွဲ့ Maplecroft၏ ထုတ်ပြန်ချက်ကို ဆီလျော်အောင် ဘာသာပြန်ဆိုထားသည်။***




| Rank | Country | Category |
|---|---|---|
| 1 | Syria | Extreme |
| 2 | C.A.R. | Extreme |
| 3 | Pakistan | Extreme |
| 4 | Sudan | Extreme |
| 5 | South Sudan | Extreme |
| 6 | Iraq | Extreme |
| 7 | Yemen | Extreme |
| 8 | Bangladesh | Extreme |
| 9 | Libya | Extreme |
| 10 | Somalia | Extreme |



## ဖြည့်ဆည်းပေးမှုနှင့် လိုအပ်ချက် တစ်ထပ်တည်းကျခဲ့သည့် ရွာသစ်ကျေးရွာ

**ကျောက်ဆည် အောက်တိုဘာ ၁၄**

ရွာသစ်ကျေးရွာသည် ကျောက်ဆည်မြို့၏ အရှေ့ဘက် ၁၀ မိုင်ခန့်အကွာတွင် တည်ရှိကာ အိမ်ခြေပေါင်း ၁၅၀ ခန့်ရှိပြီး လူဦးရေ ၈၀၀ ဝန်းကျင်နေထိုင်သည့်ရွာဖြစ်သည်။ ကျေးရွာရှိ ပြည်သူများသည် ယခင်က သောက်သုံးရေအတွက် ရွာ၏တောင်ဘက် စံပါယ်တောင်ခြေရှိ ရေထွက်မှ စီးဆင်းလာသော ချောင်းရေကိုသာ အသုံးပြုခဲ့ကြသည်။ ထိုချောင်းသည် ကျေးရွာအတွင်းရှိ ကျွဲ၊ နွား၊ တိရစ္ဆာန်များအတွက် အသုံးပြုရသကဲ့သို့ ဒေသခံပြည်သူများ၏ သောက်သုံးရေအတွက်လည်း အသုံးပြုကြရသည်။

ယခုအခါ ရွာသစ်ကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် နိုင်ငံတော်၏ အထူးသီးသန့်ရန်ပုံငွေဖြင့် ကျေးလက်ဦးစီးဌာနက ငွေကျပ် သိန်း၂၀၀ အကုန်အကျခံကာ ပေ၃၀၀ခန့်ရှိ လေးလက်မ စက်ရေတွင်း၊ ဂါလန်၅၀၀၀ဆံ့ ရေလှောင်ကန်နှင့် မြင်းကောင်ရေ ၂၈ ကောင်ရှိသည့် အင်ဂျင်စက်ဖြင့် ရေစက်ရုံတစ်ရုံတို့ တည်ဆောက်ပေးခဲ့ကာ ဇွန် ၃၀ ရက်က ကျေးရွာကော်မတီထံ လွှဲပြောင်းပေးခဲ့သည်။ ယခု စက်ရေတွင်းတူးဖော်ပေးပြီးနောက် ကျေးရွာသူ ကျေးရွာသားများသည် သန့်ရှင်းသည့် သောက်သုံးရေကို အလုံအလောက်ရရှိနေပြီဖြစ်သည်။ လက်ရှိတွင် ကျေးရွာအိမ်ထောင်စုတိုင်း အိမ်တိုင်ရာရောက် သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ပိုက်လိုင်းများသွယ်ပြီး ပေးဝေနိုင်ရေးအတွက်လည်း ကျေးရွာအဖွဲ့အစည်းများ၊ ကျေးရွာသူကျေးရွာသားများနှင့်တိုင်ပင်ကာ စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ရွာသစ်ကျေးရွာသည် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး ပြည့်စုံနေပြီး ကျန်းမာရေးပြည့်စုံစေရန်အတွက် အဓိကလိုအပ်ချက်ဖြစ်သည့် နေ့စဉ်သောက်သုံးနေသော သန့်ရှင်းသောသောက်သုံးရေ ရရှိခဲ့ပြီဖြစ်သည်။ ကျေးရွာမှ အဓိကလိုအပ်ချက်ဖြစ်သည့် သန့်ရှင်းသောသောက်သုံးရေကို နိုင်ငံတော်က ဖြည့်ဆည်းပေးခဲ့သည့်အတွက် လိုအပ်ချက်နှင့် ဖြည့်ဆည်းမှု ထပ်တူကျခဲ့ပြီး ကျေးရွာသူကျေးရွာသားများလည်း ပျော်ရွှင်လျက်ရှိသည်။"ကျွန်မတို့ရွာရဲ့ အဓိကလိုအပ်ချက်ဖြစ်တဲ့ သန့်ရှင်းတဲ့ သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးခဲ့တာကို အထူးကျေးဇူးတင်ပါတယ်"ဟု သောက်ရေခပ်နေသူ မနီ၏ ဝမ်းသာပီတိစကားများကို ကြားသိခဲ့ရသည်။ **ထွန်းထွန်းနိုင်(ကျောက်ဆည်)**

အက်တိုလို ခရီးသွားဝန်ဆောင်မှုကုမ္ပဏီ
အမှတ်(၄၄)၊ ပထမထပ်၊ လမ်း-၃၀ (အောက်လမ်း)၊ ရန်ကုန်။
Find us on Facebook : www.facebook.com/attollotravel
ATTOLLO Travel & Tours
ပြည်–အကောက်တောင် | Oct 18
ပုဂံ–ညောင်ဦး–ပုပ္ပါး | Oct 24
ချင်းမိုင်–ချင်းရိုင်–ရွှေတြိဂံ–မယ်ဆိုင် | Nov 6 to 9
ဟိုချီမင်း–ဟနွိုင်း–ဟလောင်း | Dec 25 to 29
EARLY BIRD PROMOTION
PH : 01-389187 PH : 09-32109138

ပျောက်ဆုံးကြောင်း
အမှတ်(၅)၊ မြေညီထပ်၊ ဆိပ်ကမ်းသာလမ်း(အထက်)၊ ကျောက်တံတားမြို့နယ်တွင် ဖွင့်လှစ်ခဲ့သော ကျွန်တော်များ Unique Star (ဖြိုင်ဘက်မရှိ ကြယ်) Travels & Tours Co., Ltd ၏ ကုမ္ပဏီမှတ်ပုံတင်ကတ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။
ဖုန်း-၀၉-၅၄၀၁၅၆၉

အရာရှိဖြစ်သူများ ရေးပြလျှင် သတင်းစာသုံးဝည်ဝဟုတ်
ဆရာ/မ B.Ed
SH မြင့်သူထက် YU
ဓါရင့်ဆရာကြီး
English 4 Skills


ပြီးပြည့်စုံအောင်လုပတဲ့သတို့သမီးတစ်ယောက်ဖြစ်ချင်ပါသလား?
သင့်မင်္ဂလာပွဲမှာ တောက်ပလှပနေစေဖို့ အရေပြားနှင့် ကိုယ်ခန္ဓာအလှအပအတွက် နောက်ဆုံးပေါ် နည်းပညာများကို အသုံးပြုထားသော WEDDING SPECIAL PACKAGES များ စီစဉ်ထားရှိပါသည် . . .
• Bridal Rejuvenation Package
• Bridal Sexy Back Package
• Bridal Body Shaping Package
• Other Aesthetic & Laser Treatments
CliniqueSkin dermatology & laser clinic
No.17/18, Kan Street, (Behind Moon Bakery) Hlaing Township, Yangon, Myanmar.
E-mail: cliniquedeskin@outlook.com www.facebook.com/cliniquedeskin
Call Us : 09 31131145

# အီဘိုလာရောဂါ သတိထားကြပါ

## ဒေါက်တာကံညွန့်

ယခုနှစ် မတ်လလောက်ကပဲ အနောက်အာဖရိက နိုင်ငံတွေဖြစ်တဲ့ ဂီနီ၊ ဆီရာလီယွန်၊ လိုက်ဘေးရီးယား၊ ကွန်ဂို၊ နိုင်ဂျီးရီးယားစတဲ့ နိုင်ငံတွေမှာ အီဘိုလာရောဂါ ဖြစ်နေတာ အများသိပြီးဖြစ်ပါတယ်။ ဒီဒေသက လူပေါင်း ၈၀၀၀ ကျော် ကူးစက်ခံထားရပြီး ၄၀၀၀ နီးပါး သေဆုံးခဲ့ကြောင်း ကမ္ဘာ့ကုလသမဂ္ဂက ထုတ်ပြန်ထားပါတယ်။ သေဆုံးသူတွေထဲမှာ ကျန်းမာရေးဌာနက ဒုတိယဝန်ကြီးတစ်ဦး၊ ဆရာဝန်ငါးဦးနဲ့ ဆေးဝန်ထမ်း ၁၀၀ ကျော်ပါဝင်ပါတယ်။ ဒီဒေသမှာ ကူးစက်ရောဂါ ပြန့်ပွားရတာဟာ လူတွေရဲ့ ကျန်းမာရေးအသိပညာနည်းပါးမှု၊ တိုင်းပြည်တွေ ဆင်းရဲတာကြောင့် ကာကွယ်မှု၊ ကုသမှုတွေကို စနစ်တကျ မလုပ်ကိုင်နိုင်မှု၊ ကျန်းမာရေး ဝန်ထမ်းနည်းပါးမှုတွေကြောင့် ဖြစ်ကြရတာဖြစ်ပါတယ်။ ဒါပေမယ့် မကြာသေးမီက စပိန်နိုင်ငံ မက်ဒရစ်မြို့မှာ သူနာပြုဆရာမတစ်ဦးဟာ လိုက်ဘေးရီးယားနိုင်ငံက ပြန်လာတဲ့ ဓမ္မဆရာနှစ်ဦးကို ပြုစုပေးရင်း ဆေးရုံပေါ်မှာ အီဘိုလာကူးစက်ခဲ့ပါတယ်။ ဒီအခါမှာတော့ ဆေးပညာရှင်တွေ အထိတ်တလန့်ဖြစ်ကြရပါတော့တယ်။ ဒီဆရာမဟာ လိုအပ်တဲ့အကာအကွယ်လုပ်စရာ အားလုံးကိုလုပ်ဆောင်ပြီးမှ ကူးစက်ခံရတာကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် ဥရောပကော်မရှင်က စပိန်နိုင်ငံကို ဖြေရှင်းချက်ပေးဖို့ တောင်းဆိုခဲ့ကြတယ်။ ယခုနောက်ဆုံးသတင်းအရတော့ ဆရာမဟာ လူနာကိုင်ထားပြီးတဲ့ လက်အိတ်ကိုချွတ်ပြီး ထိမိခဲ့တာကြောင့်လို့ သိရပါတယ်။ ဒါဆိုလည်း ဒီလိုထိမိရုံနဲ့ ကူးစက်ခံရတာဟာ ဆေးဝန်ထမ်းတွေအားလုံးအတွက် ထိတ်လန့်စရာ သတင်းဖြစ်ပါတယ်။ ဒီဆရာမကတော့ ယခုအခါ အခြေအနေဆိုးရွားစွာ ခံစားနေရတယ်လို့ ဆိုပါတယ်။

ဒီအတောအတွင်းမှာပဲ ဗြိတိန်နိုင်ငံမှ စပိန်နိုင်ငံကို ရောက်လာတဲ့ ဗြိတိန်နိုင်ငံသားတစ်ဦးဟာလည်း အီဘိုလာရောဂါလက္ခဏာတွေနဲ့ မက်ဆီဒိုးနီးယားဆေးရုံမှာ သေဆုံးသွားခဲ့ပါတယ်။ ဒါကြောင့် သူတည်းခဲ့တဲ့ ဟိုတယ်၊ သူ့ကို ပို့ဆောင်ပေးခဲ့တဲ့ လူနာတင်ယာဉ်နဲ့ သူနဲ့ထိတွေ့ဆက်ဆံခဲ့သူတွေအားလုံး စောင့်ကြည့်စစ်ဆေးမှုတွေ လုပ်နေကြပါတယ်။ ဒ့ါအပြင် မကြာသေးမီက အမေရိကန်နိုင်ငံသား Thomas ဆိုသူတစ်ဦးဟာ ဆီရာလီယွန်နိုင်ငံက ပြန်လာပြီး Texas ပြည်နယ် ဒါးလက်(စ်)ဆေးရုံမှာ အီဘိုလာရောဂါကို ဆေးကုသမှုခံယူရင်း အောက်တိုဘာ ၈ ရက်မှာ သေဆုံးခဲ့ရပါတယ်။ ဒီလူဟာ ဆီရာလီယွန်နိုင်ငံမှာရှိစဉ်က အီဘိုလာရောဂါသည်တစ်ဦးကို ကားမောင်းပြီးဆေးရုံပို့ခဲ့ရတယ်လို့ ဆိုပါတယ်။ ဆေးပညာရှင်တွေကတော့ မကြာခင်တစ်လအတွင်း အီဘိုလာရောဂါဟာ ပြင်သစ်နိုင်ငံ၊ ဗြိတိန်နိုင်ငံတွေကို ကူးစက်ဖို့ ၅၀ ကနေ ၇၀ ရာခိုင်နှုန်းထိ သေချာနေတယ်လို့ ခန့်မှန်းထားပါတယ်။ ဆီရာလီယွန်နိုင်ငံ သမ္မတကြီးကတော့ အီဘိုလာရောဂါ ကူးစက်နေမှုအပေါ် နိုင်ငံတကာရဲ့ တုံ့ပြန်မှုဟာ နှေးကွေးလွန်းနေတယ်လို့ ဆိုပါတယ်။

ဒါကြောင့် အခုတော့ အမေရိကန်နိုင်ငံကအစ ဗြိတိန်နဲ့ ဥရောပနိုင်ငံတချို့ရဲ့ လေဆိပ်နဲ့ နိုင်ငံအဝင်၊ အထွက်ဂိတ်တွေမှာ အနောက်အာဖရိကနိုင်ငံက ပြန်လာသူတွေအပြင် ဖျားနာနေသူတွေကိုပါစစ်ဆေးဖို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။

လူတိုင်းသိကြတဲ့အတိုင်း အင်အားကြီးနိုင်ငံတစ်ခုဖြစ်တဲ့ အမေရိကန်နိုင်ငံဟာ ဒီအီဘိုလာရောဂါကူးစက်မှုကို စိုးရိမ်ပူပန်လာတာကြောင့် ယခုကျင်းပနေတဲ့ (၂၆) ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂညီလာခံမှာ သမ္မတအိုဘားမားကိုယ်တိုင်မိန့်ခွန်းပြောရာမှာ အီဘိုလာရောဂါကို တိုက်ဖျက်ရာမှာ နိုင်ငံတကာက ပူးပေါင်းပါဝင်ကြဖို့ တိုက်တွန်းခဲ့ပါတယ်။ အမေရိကန်နိုင်ငံအနေနဲ့ ဒေါ်လာ သန်းတစ်ထောင် ကူညီပေးဖို့ကိုလည်း ကတိပေးထားပါတယ်။ နောက်ပြီး ဒီဒေသကလူတွေကို ကျန်းမာရေးကူညီစောင့်ရှောက်ပေးဖို့ တပ်သား ၃၀၀၀ ကိုလည်း စေလွှတ်ဖို့ စီစဉ်ထားပါတယ်။

အမေရိကန်နိုင်ငံဟာ ISIS ခေါ်တဲ့ ဘာသာရေးအစွန်းရောက်အကြမ်းဖက်ဝါဒီတွေကို တိုက်ခိုက်ဖို့ အီရတ်နိုင်ငံကို တပ်သား ၁၀၀၀၊ ဆီးရီးယားနိုင်ငံကို တပ်သား ၆၀၀ စေလွှတ်ခဲ့ပါတယ်။ ဒီစစ်သား ၁၆၀၀ ဟာ အဲဒီနိုင်ငံတွေက စစ်မြေပြင်မှာ ရန်သူတွေကို ရင်ဆိုင်တိုက်ခိုက်ဖို့ မဟုတ်ပါဘူး။ စစ်ရေးလေ့ကျင့်ပေးရုံသက်သက်ပါ။

ယခုအနောက်အာဖရိကဒေသတွေကို လွှတ်လိုက်တဲ့ စစ်သား ၃၀၀၀ ကတော့ ကြောက်စရာအီဘိုလာရောဂါကို ရင်ဆိုင်တိုက်ခိုက်ဖို့ပဲ ဖြစ်ပါတယ်။ ဒီတပ်သားတွေဟာ လိုက်ဘေးရီးယားနိုင်ငံမှာ အခြေစိုက်ပြီး လုပ်ဆောင်စရာတွေကို ဒေသခံတွေနဲ့ပူးပေါင်းဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။ နောက်ပြီးလူနာတွေကို လက်ခံကုသပေးဖို့ ခုတင် (၁၀၀၀)ဆံ့တဲ့ ဆေးရုံကြီးတစ်ခုကိုလည်း တည်ဆောက်ပေးသွားမှာဖြစ်ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကလည်း နိုင်ငံတကာက ကျန်းမာရေးဝန်ထမ်းတွေပါဝင်တဲ့ တပ်ဖွဲ့တစ်ဖွဲ့ကို ဂီနီနိုင်ငံကိုစေလွှတ်ဖို့ ဆုံးဖြတ်ထားပါတယ်။ တစ်ဖက်ကလည်း အမေရိကန်နိုင်ငံက နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီအဖွဲ့ဟာ အီဘိုလာရောဂါတိုက်ဖျက်ရေးအတွက် မဟာဗျူဟာတစ်ခု ချမှတ်ဆောင်ရွက်နေပါတယ်။ ဒီမဟာဗျူဟာမှာ အပိုင်း(၄)ပိုင်း ပါရှိပြီး ဒါတွေကတော့-

(၁) အီဘိုလာရောဂါ ခံစားနေရသူတွေကို ထိရောက်စွာ ကုသပေးဖို့၊
(၂) ဒီရောဂါကြောင့် ဒီဒေသကလူတွေ စီးပွားရေးကျဆင်းနေတာကို ကူညီပေးဖို့၊
(၃) ဒီဒေသကလူတွေ အကူအညီပိုမိုရရှိအောင် နိုင်ငံတကာနဲ့ပူးပေါင်းဆောင်ရွက်ဖို့၊
(၄) အီဘိုလာရောဂါဆိုးကြီး တခြားဒေသတွေကို မပျံ့နှံ့အောင် ပူးပေါင်းဆောင်ရွက်ဖို့ဆိုတဲ့ အစီအစဉ်တွေ ဖြစ်ပါတယ်။

ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ကြီးကတော့ အနောက်အာဖရိကမှာ အီဘိုလာရောဂါကူးစက်မှုကို မြန်ဆန်စွာခံစားနေကြတာဟာ ဆင်းရဲမွဲတေမှုကြောင့်လို့ ထောက်ပြထားပါတယ်။ ဒါကိုဖြေရှင်းဖို့ အမေရိကန်ဒေါ်လာ ၃၂ ဘီလီယံခန့် ကုန်ကျလိမ့်မယ်လို့လည်း တွက်ပြထားပါတယ်။

ဆေးပညာရှင်တွေကတော့ အီဘိုလာရောဂါကို နိုင်ငံတကာက လျှော့တွက်ခဲ့ကြတယ်လို့ ဆိုပါတယ်။ အခုလို အမြန်နှုန်းနှင့် ကူးစက်လာပုံဟာ ဒီနှစ်မကုန်ခင်မှာ ကမ္ဘာအနှံ့ပျံ့သွားစရာရှိတယ်လို့လည်း ထောက်ပြထားကြပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း အီဘိုလာရောဂါပြဿနာကို ကျန်းမာရေးဆိုင်ရာအရေးပေါ်အခြေအနေတစ်ခုအဖြစ် ကြေညာထားပါပြီ။

ယခုနောက်ဆုံးသိရတဲ့ အားတက်စရာသတင်းတစ်ပုဒ်ကတော့ ရုရှားနိုင်ငံက အီဘိုလာရောဂါကာကွယ်ဆေးသုံးမျိုးကို ခြောက်လအတွင်း ထုတ်လုပ်နိုင်တော့မယ်ဆိုတဲ့သတင်းပါ။ နောက်သတင်းတစ်ခုက အီဘိုလာရောဂါကြောင့်ဖျက်သိမ်းလိုက်ရမလိုဖြစ်နေတဲ့ ၂၀၁၅ အာဖရိကဘောလုံးပြိုင်ပွဲကို မဖျက်သိမ်းတော့ဘဲ နဂိုအစီအစဉ်အတိုင်း ဆက်လက်ကျင်းပမယ်ဆိုတဲ့ သတင်းပါ။ ဒါက အီဘိုလာရောဂါကို ကြောက်စရာမလိုဘူးဆိုတဲ့ သဘောပါ။ နောက်သတင်းတစ်ခုကတော့ စပိန်နိုင်ငံမှာ အီဘိုလာရောဂါနဲ့ဆေးကုသနေရတဲ့ သူနာပြုဆရာမဟာ အသည်းအသန်ဖြစ်နေရာက ပြန်လည်ကောင်းမွန်လာပြီး စကားတောင်ပြောနိုင်လာပြီဆိုတဲ့သတင်းတွေပါ။ ဒါတွေကတော့ အီဘိုလာနဲ့ပတ်သက်ပြီး ဝမ်းသာစရာသတင်းတွေပါ။

ဒီအီဘိုလာရောဂါဟာ အာဘိုဗိုင်းရပ်(စ်)တစ်မျိုးကြောင့်ဖြစ်ရပြီး ရောဂါပျိုးရက်ဟာ ၅ ရက်ကနေ ရက် ၂၀ ထိကြာတယ်လို့ ဆိုပါတယ်။ ဒီရောဂါဟာ ရောဂါဖြစ်ပြီး တစ်ပတ်မှ ၁၀ ရက်အတွင်း သွေးထွက်လွန်ပြီး သေဆုံးရတာပါ။ ရောဂါဖြစ်စမှာ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲပြီး ဖျားခြင်း၊ ကြွက်သားများ အားလျော့လာခြင်း၊ အဆုတ်ရောင်၊ အသည်းရောင်ခြင်း၊ အရေပြားပေါ်တွင် အနီစက်များ တစ်ကိုယ်လုံးအနှံ့ပေါ်ပေါက်ခြင်းတို့ဖြစ်ပြီး ပါးစပ်၊ နှာခေါင်း၊ လည်ချောင်း၊ စအိုစတဲ့ ကိုယ်ခန္ဓာရဲ့ ရှိသမျှအပေါက်တွေက သွေးထွက်ပြီး အသက်ဆုံးရှုံးသွားရတဲ့ ရောဂါပါ။ ဒီရောဂါဟာ လေထဲမှာ ရောဂါပိုးပျံ့လွင့်နေတာကို ရှူရှိုက်မိပြီး ကူးစက်နိုင်တဲ့ ရောဂါမဟုတ်ဘဲ ရောဂါဖြစ်သူရဲ့ ကိုယ်ခန္ဓာကထွက်တဲ့ အရည်၊ သွေး၊ ချွေး၊ တံတွေး၊ ကျင်ကြီး၊ ကျင်ငယ်တွေနှင့် ထိတွေ့ကိုင်တွယ်မိသူများသာ ကူးစက်နိုင်တဲ့ရောဂါဖြစ်ပါတယ်။ ဒီရောဂါဖြစ်လာရင် ကုရာနတ္ထိဆေးမရှိသေးဘဲ ဗိုင်းရပ်(စ်)ရောဂါတွေမှာ အသုံးပြုခဲ့တဲ့ Rebirin ဆေးကို ယခင်အသုံးပြုခဲ့ကြပါတယ်။ ယခုတော့အမေရိကန်နိုင်ငံက ဆေးကုမ္ပဏီကြီးတစ်ခုဖြစ်တဲ့ Mapp ကုမ္ပဏီကထုတ်လိုက်တဲ့ Z-Mapp ကို ဆေးတစ်ခုအဖြစ် သတ်မှတ်အသုံးပြုခဲ့ကြတာ တချို့လူနာတွေမှာတော့ ထိရောက်မှုရှိတာတွေ့ရပါတယ်။ ဒီဆေးဟာ ဆေးရွက်ကြီးက ထုတ်လုပ်ထားတာလို့ သိရပြီး ယခုအခါ ဒီဆေးကိုပဲ များများထုတ်ပြီး အသုံးပြုကြဖို့ စီစဉ်နေတယ်လို့သိရပါတယ်။ ဘာပဲဖြစ်ဖြစ် အီဘိုလာရောဂါဟာ ကူးစက်နှုန်းမြန်ဆန်ပြီး ရောဂါဖြစ်လာပြီဆိုရင် ရောဂါဖြစ်သူအားလုံးရဲ့ ၅၀ ရာခိုင်နှုန်းခန့်သေဆုံးရတဲ့ ရောဂါဖြစ်နေပါတယ်။ ကုနိုင်တဲ့ဆေးကလည်း အလွယ်တကူမရနိုင်သေးပါဘူး။ ဒါကြောင့် ယခုလောလောဆယ်မှာတော့ ဒီရောဂါကို ကာကွယ်နိုင်တာဟာ အကောင်းဆုံးဖြစ်နေပါတယ်။ ကာကွယ်ဖို့က ဒီရောဂါဖြစ်နိုင်သူတွေကို သတိထားစောင့်ကြည့်ဖို့လိုပါတယ်။

ဒီရောဂါဖြစ်နိုင်ခြေရှိသူတွေဟာ ဒီရောဂါဖြစ်ရာဒေသတွေက လာသူတွေသာဖြစ်ပါတယ်။ ဒါကြောင့် အကြောင်းအားလျော်စွာ ဒီဒေသနဲ့ နိုင်ငံရပ်ခြားတွေမှာ အလုပ်လုပ်လာပြီး ဒီလိုလက္ခဏာတွေပေါ်လာရင် ကျိတ်ပြီးဆေးကုသမနေကြဘဲ နီးစပ်ရာကျန်းမာရေးဌာနတွေမှာ သွားရောက်စစ်ဆေးမှုခံယူသင့်ကြပါတယ်။ ဒီရောဂါနဲ့ပတ်သက်ပြီး ကျန်းမာရေးဌာနက ထုတ်ပြန်ထားတဲ့ အချက်အလက်တွေကိုလည်း လိုက်နာသင့်ကြပါတယ်။ ဒီလိုသတိရှိရှိနေနိုင်ကြမှ မိမိ မိသားစု၊ မိမိရပ်ရွာ၊ မိမိတိုင်းပြည်မှာ ကြောက်စရာအီဘိုလာရောဂါ အန္တရာယ်ကာကွယ်နိုင်ကြမှာဖြစ်ကြောင်း သတိပေးတင်ပြလိုက်ရပါတယ်။

အီဘိုလာရောဂါရောက်လာရင် ကြောက်စရာ၊ ဒါကြောင့် သတိထားပြီးကာကွယ်ပါ။ ။

**ကူးစက်ရောဂါပြန့်ပွားရတာဟာ လူတွေရဲ့ ကျန်းမာရေးအသိပညာနည်းပါးမှု၊ တိုင်းပြည်တွေ ဆင်းရဲတာကြောင့် ကာကွယ်မှု၊ ကုသမှုတွေကို စနစ်တကျမလုပ်ကိုင်နိုင်မှု၊ ကျန်းမာရေးဝန်ထမ်း နည်းပါးမှုတွေကြောင့်ဖြစ်။**

OIL & GAS 2014
Myanmar
ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေရေး၊ ထုတ်လုပ်ရေးနှင့် သန့်စင်ရေး ပြပွဲ
၁၅ - ၁၇ အောက်တိုဘာ ၂၀၁၄
(ဗုဒ္ဓဟူး - သောကြာ)
မြန်မာ ကွန်ဗင်းရှင်းစင်တာ၊ ရန်ကုန်
ယနေ့ ပြပွဲဖွင့်ပြီ
မြန်မာနိုင်ငံ၏ အကြီးဆုံး ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ ပြပွဲကြီး
www.ogmyanmar.com
- ရေနံတာ၊ ရှာဖွေရေး၊ ထုတ်လုပ်ရေးနှင့် သန့်စင်ရေးဆိုင်ရာ ထုတ်ကုန်များနှင့်ဝန်ဆောင်မှုများအတွက် နောက်ဆုံးပေါ်နည်းစနစ်များ၏ အရင်းအမြစ်များ
- နိုင်ငံတကာမှ ပြသသူ ၁၈၀ကျော်နှင့် တွေ့ဆုံပါ
- ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ သင်၏လုပ်ငန်းတူများနှင့် ချိတ်ဆက်လိုက်ပါ
- မြန်မာ့ ရေနံနှင့်သဘာဝဓာတ်ငွေ့နယ်ပယ်မှ ကျွမ်းကျင်သူများနှင့် တိုးတက်လာသော လုပ်ငန်းသစ်များမှ အမြင်သစ်များကို ရယူလိုက်ပါ



စီစဉ်သူ
SINGAPORE EXHIBITION SERVICES
စုံစမ်းရန် ဦးထက်ဝေဇော်
ဖုန်း : +၉၅ ၁ ၅၁၃ ၅၁၅ - ၅၁၉
အီးမေးလ်: events@sesallworld.com
ထောက်ခံပေးသူ
Myanmar Oil & Gas Services Society
ဆွေးနွေးပွဲမန်နေဂျာ
ALPHA RESOURCES & TRAINING CO.,LTD
အင်တာနက် ဝန်ဆောင်မှု ထောက်ပံ့ပေးသူအဖြစ်
REDLINK
ကူညီပံ့ပိုးကြသော အဖွဲ့အစည်းများ
Ministry of Transport
Ministry of Industry SMEs Development Department
Myanmar Engineering Society
Myanmar Maritime University
Yangon Technological University
AN ALLWORLD EXHIBITIONS EVENT

# လွှတ်တော်ရေးရာ

**အလုပ်သမားတစ်ဦးမှ**

လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်ရှိပါကြောင်း၊ ယာယီမသန်စွမ်းမှုဖြစ်ပါက လစာ၏ သုံးပုံနှစ်ပုံကို လဝက်တစ်ကြိမ် ထုတ်ပေးပါကြောင်း၊ ယခုအခါတွင် အလုပ်သမားလျော်ကြေးအက်ဥပဒေသည် ခေတ်ကာလနှင့် ကိုက်ညီမှုမရှိတော့ပါသဖြင့် အသစ်ရေးဆွဲပြဋ္ဌာန်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင်၏ **“မြန်မာနိုင်ငံတွင် ရှားပါးလူမျိုးများဖြစ်သော ထရုန် နှင့်အိန်းလူမျိုးများ ရေရှည်တည်တံ့အောင်မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း”** မေးခွန်းနှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေက ထရုန်လူမျိုးနှင့် အိန်းလူမျိုးတို့ ရေရှည်တည်တံ့အောင် ဆောင်ရွက်ရေးကိစ္စကို သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့များက ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထိုလူမျိုးစုတို့ ကျန်းမာရေးကောင်းမွန်အောင်၊ ဖွား/သေနှုန်းနည်းပါးအောင်၊ ကလေးသူငယ်များ အသေအပျောက်နည်းပါးအောင်၊ မိခင်နှင့်ကလေး ကျန်းမာရေးတိုးတက်ကောင်းမွန်အောင်၊ သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးကောင်းမွန်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

ယင်းလူမျိုးများ၏ နောက်ဆုံးလက်ကျန်အရေအတွက်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက သုတေသနစာရင်းပြုစုပြီး ကျန်းမာကြံ့ခိုင်အောင် အားပေးဆောင်ရွက်နိုင်ပါကြောင်း၊ ယင်းလူမျိုးများ ပျောက်ကွယ်မသွားအောင် ထိုဒေသရှိ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ တာဝန် ထမ်းဆောင်လျက်ရှိသော ဦးဆောင်ပုဂ္ဂိုလ်များဖြင့် အသိပညာပေးဆောင်ရွက်သင့်ပါကြောင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန တစ်ခုတည်းကဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးယိန်းဘောမ်၏ **“မသန်စွမ်းအဖွဲ့အစည်းများ ရေရှည်ဘဝရပ်တည်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့က ပါဝင်ကူညီဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍



အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်က မသန်စွမ်းသူများ၏ အခွင့်အရေးများအား အကာအကွယ်ပေးရန်၊ မသန်စွမ်းဖြစ်မှုကြောင့် ခွဲခြားဆက်ဆံခံရမှုများ လျော့နည်းပပျောက်စေရန်၊ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ စွမ်းရည်နှင့် စွမ်းဆောင်နိုင်မှုများအား အလေးထားအသိအမှတ်ပြုမှု မြှင့်တင်ပေးရန်၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများ အပြည့်အဝပါဝင်ခွင့်ရရှိရန်နှင့် မသန်စွမ်းသူများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရန် မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မသန်စွမ်းသူများ၏အခွင့်အရေးများဥပဒေ(မူကြမ်း)ကို မသန်စွမ်းသူများ၏အဖွဲ့အစည်းများမှ ခေါင်းဆောင်များ ကိုယ်တိုင်ပါဝင်ရေးသားခဲ့ပြီး အတည်ပြုပြဋ္ဌာန်းနိုင်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းဥပဒေ(မူကြမ်း)တွင် အမျိုးသားအဆင့် မသန်စွမ်းသူများအခွင့်အရေးကော်မတီဖွဲ့စည်းပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် ဆက်လက် ဖွဲ့စည်းမည်ဖြစ်သဖြင့် မသန်စွမ်း အဖွဲ့အစည်းများ၏ ရေရှည်ဘဝရပ်တည်နိုင်ရေးအတွက် လက်တွဲပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ဥပဒေအရ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ်ကို ထူထောင်မည်ဖြစ်သဖြင့် မသန်စွမ်းသူများ ဖွံ့ဖြိုးရေးအတွက် လိုအပ်သောထောက်ပံ့မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်(၂)ဦး၏ ပြန်ကြားရေးကဏ္ဍဆိုင်ရာ မေးခွန်း(၂)ခုနှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက ရှင်းလင်းဖြေကြားသည်။

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး၏ **“မိမိနိုင်ငံနှင့် အာဆီယံနိုင်ငံများအပါအဝင် အိမ်နီးချင်းနိုင်ငံများ၏ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ တန်ဖိုးနှိုင်းယှဉ်ဖော်ပြချက်အား သတင်းစာ၊ ဂျာနယ်၊ ရုပ်မြင်သံကြား၊ ရေဒီယိုများမှ ထုတ်လွှင့်ပေးရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအတွင်း ကုန်ဈေးနှုန်းသတင်းအချက်အလက်များကို အများပြည်သူ သိရှိနိုင်ရေးအတွက် ကုန်စည်ဒိုင်များ၏ နေ့စဉ်ကုန်ဈေးနှုန်း သတင်းထုတ်ပြန်မှုအား မန္တလေး FM နှင့် ရှမ်းပြည်နယ် ချယ်ရီ FM တို့မှ ထုတ်လွှင့်ပေးလျက် ရှိပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား တောင်သူလယ်သမားရုပ်သံလိုင်းမှလည်း ပြည်



ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း။

တွင်း၊ ပြည်ပဈေးနှုန်း သတင်းအချက်အလက်များကို အခါအားလျော်စွာ ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း။

မြန်မာ့အသံ(ရေဒီယို)တွင် ကုန်စည်ဈေးနှုန်းနှင့် ငွေကြေးဈေးနှုန်း သတင်းများကို စနေ၊ တနင်္ဂနွေ နေ့များမှအပ ကျန်(၅)ရက်တွင် နေ့စဉ်ညနေ ၃ နာရီ၌ ပုံမှန်ထုတ်လွှင့်လျက်ရှိပါကြောင်း၊ ပြောင်းလဲမှုရှိနိုင်သည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းဈေးနှုန်းများကို ဖော်ပြရာတွင် တိကျခိုင်မာသည့် သတင်းအရင်းအမြစ်များမှ ရရှိရန်လိုအပ်ပါသဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အချက်အလက်များကို ရယူပြီး မြန်မာ့အသံ အနေဖြင့် အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ခြင်း၊ စာတန်းပြေးဖော်ပြခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တန်ဖိုးနှိုင်းယှဉ်ဖော်ပြချက်အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တောင်းခံစုစည်း၍ သတင်းစာများတွင် လိုအပ်သလို ထည့်သွင်းဖော်ပြပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး၏ **“အများပြည်သူများ သိသင့်သော ဥပဒေများကို နိုင်ငံပိုင် သတင်းစာများတွင် ဖော်ပြပေးရန် အစီအစဉ် ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေလျက်ရှိသော နိုင်ငံပိုင်သတင်းစာများတွင် ပြဋ္ဌာန်းပြီး ဥပဒေများထဲမှ အများပြည်သူ သိရှိနိုင်စေရန်နှင့် လေ့လာဖတ်ရှုအကြံပြုနိုင်ရန် လွှတ်တော်စတင်ကျင်းပချိန်မှ ယနေ့အထိ ဥပဒေကြမ်း(၇၇)ခုနှင့် အတည်ပြုပြီး ဥပဒေ(၁၀၄)ခု ဖော်ပြပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ လက်ရှိအစိုးရလက်ထက်တွင် လွှတ်တော်မှအတည်ပြုပြဋ္ဌာန်းသော ဥပဒေအားလုံးကို နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပေးခဲ့ပြီးဖြစ်ပါကြောင်း၊ နောင်တွင်လည်း အတည်ပြုပြီးဥပဒေများနှင့် ပြည်သူများနှင့်ထိစပ်မှုများသည့် ဥပဒေများကို သတင်းစာများ၌ ဖော်ပြပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်လွင်၏ **“တိရစ္ဆာန်များမှ လူကိုကူးစက်စေတတ်သော ရောဂါများအကြောင်း နိုင်ငံနှင့်အဝှမ်း ကျယ်ကျယ်ပြန့်ပြန့်သိရှိရန် စီမံဆောင်ရွက်မည့် အစီအစဉ်များ ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ တိရစ္ဆာန်မှလူသို့ကူးစက်စေနိုင်သည့်ရောဂါ(၅)မျိုးဖြစ်သည့် ကြက်ငှက်တုပ်ကွေးရောဂါ၊ ခွေးရူးရောဂါ၊ ဒေါင့်သန်းရောဂါ၊ သားလျှောရောဂါနှင့် လက်တိုစပိုင်ယားရောဂါတို့ကို ဦးစားပေးအဆင့်သတ်မှတ်၍ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

တိရစ္ဆာန်မှ လူသို့ကူးစက်စေတတ်သော ရောဂါများနှင့်ပတ်သက်၍ အခါအားလျော်စွာ မွေးမြူသူများအား ပညာပေးခြင်း၊ ပြည်သူလူထုအတွင်း ကျန်းမာရေးအသိ၊ ဗဟုသုတ ရရှိစေရန် သတင်းစာ၊ ဂျာနယ်၊ တီဗွီ အစရှိသည့် မီဒီယာများမှတစ်ဆင့် အသိပေးကြေညာခြင်း၊ ဆိုင်းဘုတ်များ၊ ပိုစတာများ၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း၊ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ရောဂါရှာဖွေစူးစမ်းထောက်လှမ်းခြင်း လုပ်ငန်းများအား နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

**(သတင်းစဉ်)**

**ရုပ်မြင်သံကြားမှ**

ဆက်လက်၍ ဦးနိုင်အွမ်၊ ဦးထန်းနိုင်၊ ဦးဘူဟုန်း၊ ဦးထန်မနား၊ ဦးမာန်ထန်း၊ ဦးဟုန်းထန်း၊ ဦးထန်းလိန်းကီး၊ ဦးထန်းမောင်နှင့် ဦးလေးအွယ်တို့၏ တာဝန်ထမ်းဆောင်မှုကို ဆက်လက်စိစစ်ရာတွင် တာဝန်ထမ်းဆောင်ကြောင်း အမည်စာရင်းသာ တွေ့ရှိ



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးနု။

ရပြီး သက်တမ်းပြီးဆုံးသည် အထိ တာဝန် ထမ်းဆောင်ခဲ့ကြောင်း အထောက်အထားနှင့် အပြစ်ကင်းရှင်းစွာ တာဝန်ထမ်းဆောင်ခဲ့ကြောင်း မင်းတပ်မြို့နယ် ပြည်သူ့ကောင်စီရုံးက မှတ်တမ်းများ ပေးပို့ထားမှုမရှိခြင်း၊ ယခင်မှတ်တမ်းအဟောင်းများနှင့် ကိုယ်ရေးမှတ်တမ်း ဖြည့်စွက်ချက်တို့ကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ တောင်းခံရာတွင် သတ်မှတ်ချက်နှင့် မကိုက်ညီသော ယခုအသစ်ပြုလုပ်ထားသည့် ကိုယ်ရေးမှတ်တမ်းများသာ ပေးပို့လာခြင်းတို့ကြောင့် ဆောင်ရွက်မပေးနိုင်ခဲ့ပါကြောင်း၊ ပြည့်စုံမှန်ကန်သော မှတ်တမ်းများရရှိပါက နိုင်ငံရေးပင်စင်ခံစားခွင့် ခွင့်ပြုဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးနု၏ **“ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(အရှေ့)မြို့နယ်၊ ဒဂုံတောင်မြို့နယ်များရှိ နိုင်ငံ့ဝန်ထမ်းများအား ချထားပေးခဲ့သည့် အိမ်ခြံမြေကွက်များတွင် အဆောက်အအုံများ ဆောက်လုပ်နေထိုင်နိုင်ရန် နိုင်ငံတော်က ဆောင်ရွက်ပေးမည့် အစီအစဉ်နှင့် စတင်ဆောင်ရွက်ပေးမည့်ကာလတို့ကိုသိရှိလိုခြင်း”** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် အခြေခံအဆောက်အအုံ၊ လမ်း၊ ရေမြောင်းများကို ဆောင်ရွက်ပေးခဲ့ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ မြေစီမံခန့်ခွဲမှု လွှဲပြောင်းပေးအပ်ခဲ့ပါကြောင်း။

သို့ရာတွင် လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး ဝေးလံခက်ခဲပြီး အစွန်အဖျားကျသည့် မြေတိုင်းရပ်ကွက်များသည် စည်ပင်ဖွံ့ဖြိုးလာခြင်းမရှိဘဲ နေအိမ်ဆောက်လုပ်နေထိုင်မှု နည်းပါးသော မြေကွက်လွတ်များအဖြစ်သာ ကာလကြာမြင့်စွာရှိနေခဲ့ပါကြောင်း။

အဆိုပါ လူနေမြေကွက်များတွင် နေအိမ်များ ဆောက်လုပ်နေထိုင်နိုင်ရန်အတွက် ရာသီမရွေး မော်တော်ကား ဝင်ထွက်သွားလာနိုင်သော လမ်းမကြီးများ ခင်းပေးရန်၊ ရေနုတ်မြောင်းစနစ်ကောင်းမွန်စေရန်၊ လျှပ်စစ်မီးရရှိရန်၊ သောက်သုံးရေ ရရှိရန် စသည့် အခြေခံအဆောက်အအုံ တည်ဆောက်ပေးရန်အတွက် ရန်ပုံငွေခွင့်ပြုပံ့ပိုးပေးရန် ဖြစ်ပါကြောင်း။



ဒုတိယဝန်ကြီး ဦးစိုးတင့်။

ပြည်ထောင်စုအစိုးရ ငွေလုံးငွေရင်း ရန်ပုံငွေခွင့်ပြုချက် တင်ပြတောင်းခံ၍ ရန်ပုံငွေ ခွင့်ပြုချက်ရရှိပါက တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ပါကြောင်းဖြင့် ဖြေကြားသည်။

အစည်းအဝေးတွင် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သော အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင်က ဖတ်ကြားတင်သွင်းပြီး တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဘိုးရယ်က **“ပြည်တွင်းငြိမ်းချမ်းရေး ရရှိလာသည်နှင့် ယခင်က စစ်ဘေးဒဏ်ခံခဲ့ရသော တိုင်းရင်းသားဒေသများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်းချမှတ်၍ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို တင်သွင်းသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

**ရွှေဖူးမှ**

ရန်ကုန်-ပုသိမ်ခရီးစဉ်အား ရန်ကုန်မှ နံနက် ၈ နာရီတွင်ထွက်ခွာ၍ ပုသိမ်မှ ရှုခင်းကြည့်ခရီးစဉ်များကို သောကြာ၊ စနေ၊ တနင်္ဂနွေနေ့များတွင် ခရီးသည် လိုအပ်ချက်ရှိသလောက် ပျံ့သန်းပြေးဆွဲပေးပြီး ပုသိမ်မှ ရန်ကုန်သို့ တနင်္လာနေ့တွင် နံနက် ၉ နာရီနှင့် သောကြာ၊ စနေ၊ တနင်္ဂနွေနေ့များတွင် ညနေ ၄ နာရီခွဲ၌ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းရန် အဆိုပြုချက်များ ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ ကျင်းပ




**နေပြည်တော်  အောက်တိုဘာ ၁၄**

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းကဏ္ဍများ၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုဆိုင်ရာ ရည်မှန်းချက်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ရည်မှန်းချက်များအပေါ်တွင် ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းရန် အဆိုပြုချက်များအတွက် ညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ပထမကာလတို ငါးနှစ်အမျိုးသားဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို ပြည်သူဗဟိုပြုဖွံ့ဖြိုးမှုအပေါ် အခြေခံ၍ ရေးဆွဲပြဋ္ဌာန်းခဲ့ခြင်းနှင့် ပဉ္စမနှစ်အတွက် စီမံကိန်းရည်မှန်းရန် အဆိုပြုချက်များကို ပြုစုရေးဆွဲနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရန် ရေရှည်အတွက် အခြေခံအုတ်မြစ်ခိုင်မာစေရန် ချမှတ်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဦးစားပေး လိုအပ်ချက်များကို အမြန်ဆုံးဖြည့်ဆည်းရေးတို့ကို အစီအမံများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်ကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်သည် ပထမကာလတိုငါးနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်၍ ဦးစားပေးလိုအပ်ချက်များနှင့်ကိုက်ညီမှုရှိအောင် ရေးဆွဲရန်နှင့် လုပ်ငန်းစီမံကိန်းများကို တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် အစစ်ဆေးခံနိုင်သည့် စီမံကိန်းများဖြစ်အောင် ဆောင်ရွက်သွားရန်ကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုအစိုးရ၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသတို့တွင် ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည်များကို ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရန်ကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအကောင်အထည်ဖော်မှုအပေါ် စိစစ်သုံးသပ်တင်ပြခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းရန် အဆိုပြုချက်များပြုစုရာတွင် ထည့်သွင်းစဉ်းစားဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ဦးစားပေးနယ်ပယ်နှင့် ဦးစားပေးဆောင်ရွက်သင့်သည့် ကိစ္စရပ်များကိုဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသော ဒေသန္တရစီမံကိန်းတာဝန်ခံ တိုင်းဒေသကြီး၊ ပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးများက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရည်မှန်းအဆိုပြုချက်များ စီစဉ်ဆောင်ရွက်ထားမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြခဲ့ပြီး ကဏ္ဍစီမံကိန်းတာဝန်ခံ ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများက ကဏ္ဍအလိုက် အမျိုးသားစီမံကိန်း ရည်မှန်းအဆိုပြုချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဆွမ်းလောင်းအောင်ပွဲ သီလရှင်စာသင်သားများအား ဆွမ်းဆန်စိမ်းလောင်းလှူ

**ရန်ကုန်  အောက်တိုဘာ ၁၄**

သံဃာတော်များအတွက် ဝါတွင်းကာလဆွမ်းလောင်းလှူခြင်းများ ပြီးဆုံးပြီး ဆွမ်းသိမ်းပွဲအထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သီလရှင်စာသင်တိုက်များမှ သာသနာ့နွယ်ဝင်သီလရှင်အပါး ၄၀၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက် ဗိုလ်ဗထူးလမ်းတွင် အောက်တိုဘာ ၁၂ ရက် ညနေ ၄ နာရီက ကျင်းပသည်။



"ဝါတွင်း ဆွမ်းလောင်းလှူခြင်း အောင်ပွဲအဖြစ် ကျင်းပရာမှာ သံဃာတော်တွေလို ပရိယတ္တိနဲ့ပရိယတ္တိနှစ်ရပ်စလုံးကိုဆောင်ရွက်နေတဲ့သီလရှင်တွေအတွက် ပစ္စည်းလေးပါးလှူဒါန်းမှုက အားနည်းနေတာကို တွေ့ရလို့ သီလရှင်တွေကို ဆွမ်းဆန်စိမ်းလောင်းလှူရခြင်းဖြစ်ပါတယ်။ စာသင်တိုက်ကိုးတိုက်က စုစုပေါင်းစာသင်သား သီလရှင်အပါး ၄၀၀ ကို တစ်ပါးလျှင် လှူဖွယ်ပစ္စည်းအမျိုး ၄၀ ကျော်တို့နဲ့ ဆန်၊ ဆီ တွေလှူဒါန်းပေးခဲ့ပါတယ်"ဟု ဗိုလ်စိန်မှန် သီတဂူ အထောက်အကူပြုအဖွဲ့မှ ကိုရွှေသွေးက ပြောသည်။

**(ဇာဏီ)**

**နေပြည်တော်  အောက်တိုဘာ ၁၄**

# အာရှယူ-၁၉ ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်များ ဆက်လက်ကျင်းပ

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် အာရှယူ-၁၉ ချန်ပီယံရှစ် (၂၀၁၄) ဘောလုံးပြိုင်ပွဲ အုပ်စု(ယ) နှင့် အုပ်စု(ခ)တို့မှ နောက်ဆုံးပွဲစဉ်များကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ မြောက်ကိုရီးယားနှင့် ယူအေအီးတို့ အနိုင်ရရှိခဲ့ကြသည်။

ပထမပွဲတွင် မြောက်ကိုရီးယားက အီရတ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မြောက်ကိုရီးယားအသင်းမှာ အနိုင်ရမှ ကွာတားဖိုင်နယ် တက်ရောက်နိုင်မည်ဖြစ်၍ ပွဲစကတည်းက တိုက်စစ်ဆင်ခဲ့သည်။ ယခင်ပွဲများထက် ခြေစွမ်းကောင်းလာသဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ အနိုင်ဂိုးများကို ဂျိုကွမ်မြောင်က မိနစ် ၅၀ တွင်လည်းကောင်း၊ ကင်မ်ယုဆောင်က ၆၃ မိနစ်တွင်လည်းကောင်း သွင်းယူပေးခဲ့သည်။ အီရတ်အသင်းမှာ သရေကျလျှင်ပင် နောက်တစ်ဆင့်တက်မည်ဖြစ်သော်လည်း ကစားပုံမကောင်းခဲ့ပေ။ ကစားသမားများ အားထုတ်မှုအားနည်းခဲ့ပြီး ပွဲပြီးခါနီးမှ ချေပဂိုး ပြန်သွင်းနိုင်ခဲ့သည်။ ယင်းဂိုးကို အလီမာဟာဝီက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ဒုတိယပွဲတွင် ယူအေအီးက အင်ဒိုနီးရှားကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယူအေအီးအသင်းမှာ ခြေစွမ်းအသာဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။ အခွင့်အရေးများစွာရခဲ့ပြီး အဆုံးသတ်ကောင်းမွန်မှုကြောင့် ယခုလို ရလဒ်ရခဲ့ခြင်းဖြစ်သည်။ ယခုပွဲ အနိုင်ရသဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။ ဂိုးများကို အယ်လ်ကာဘာရီ၊ အာမက်၊ ဟာဆန်နှင့် ရာဘီရာတို့က သွင်းယူပေးခဲ့သည်။ အင်ဒိုနီးရှားအသင်းမှာ ရှုံးနိမ့်ခဲ့သော်လည်း အခွင့်အရေးများရခဲ့သည်။ တိုက်စစ်မှူးများ အသုံးမချနိုင်မှုကြောင့် ချေပဂိုး တစ်ဂိုးသာ ပြန်လည်သွင်းယူနိုင်ခဲ့သည်။ အင်ဒိုနီးရှားအသင်းမှာ အုပ်စုအဆင့်နှင့်သာ ကျေနပ်ခဲ့ရသည်။

ကွာတားဖိုင်နယ် ပွဲစဉ်များကို အောက်တိုဘာ ၁၇ ရက်တွင် ဝဏ္ဏသိဒ္ဓိကွင်းနှင့် သုဝဏ္ဏကွင်းတို့၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

**(ကိုကိုစိုးညွန့်)**

# အောက်တိုဘာ တစ်ပတ်အတွင်း မူးယစ်ဆေးဝါးသိမ်းဆည်းရမိမှု

**နေပြည်တော်  အောက်တိုဘာ ၁၄**

၂၀၁၄ ခုနှစ် အောက်တိုဘာ ၆ ရက်မှ ၁၄ ရက်အထိ တစ်ပတ်အတွင်း တပ်မတော်နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့က ဘိန်း ငါးမှု (အလေးချိန် ၃ ဒသမ ၁၂၄၀ ကီလို)၊ ဘိန်းဖြူ ၄၃ မှု (အလေးချိန် သုည ဒသမ ၈၂၀၃ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၉ မှု (ဆေးပြားအရေအတွက် ၇၀၇၇၇၉ ပြား)၊ အဆင့်နိမ့်ဘိန်း ခြောက်မှု(အလေးချိန် သုည ဒသမ ၅၇၇၃ ကီလို)၊ ဘိန်းဆီခဲ တစ်မှု (အလေးချိန် သုည ဒသမ ၀၇၉၆ ကီလို)၊ ဆေးခြောက် တစ်မှု (အလေးချိန် သုည ဒသမ ၀၀၉၂ ကီလို)၊ အိုက်စ် သုံးမှု (အလေးချိန် သုည ဒသမ ၀၀၇၉ ကီလို)၊ ဘိန်းစာမှုန့် တစ်မှု (အလေးချိန် သုည ဒသမ ၀၃၅ ကီလို)အမှုပေါင်း ၁၀၉ မှု ဖမ်းဆီးခဲ့ရာတွင် အမျိုးသားတရားခံ ၁၁၉ ဦးနှင့် အမျိုးသမီးတရားခံ ၂၁ ဦး စုစုပေါင်း တရားခံ ၁၄၀ တို့အား ဥပဒေအရ အရေးယူနိုင်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော်  အောက်တိုဘာ ၁၄**

မူးယစ်တပ်ဖွဲ့စု (၁၆)ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၂ ရက်က ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၆) မြကမ္ဘာလမ်းနေ နေမင်းထွန်း(ခ) လျှောက်လွှေ၏ နေအိမ်အား သတင်းအရ ရှာဖွေရာ နေအိမ်အိပ်ခန်းရှိ ဒီဗွီဒီအောက်စက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀ သိမ်းဆည်းရမိသဖြင့် နေမင်းထွန်း(ခ) လျှောက်လွှေ (၂၂)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ မိုးညှင်းမြို့နယ် မော်ဟန်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၁ ရက်က မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာအနောက်ဘက် နန့်ပင့်လမ်းဆုံတွင် နမ္မချိမ့်ဘက်မှ မော်ဟန်ကျေးရွာဘက်သို့ ဌေးဝင်း မောင်းနှင်ပြီး မျိုးကျော်ဦး လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးစဉ် ဌေးဝင်းမှာ ထွက်ပြေးသွားပြီး မော်တော်ဆိုင်ကယ်အားရှာဖွေရာ ဆိုင်ကယ်တူးဘောက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၂ ပြား သိမ်းဆည်းရမိသဖြင့် မျိုးကျော်ဦး(၂၇)နှစ်နှင့် ဌေးဝင်း (၃၇)နှစ် (ဖမ်းမမိသေး)တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

○ **ကျောဖုံးမှ**

(သုဝဏ္ဏကွင်း)

ကာတာ - နှစ်ဂိုး

အိုမန် - ဂိုးမရှိ

ကာတာအသင်းမှာ သရေတစ်မှတ်ရရုံဖြင့် နောက်တစ်ဆင့်တက်နိုင်မည်ဖြစ်၍ နိုင်ပွဲရယူကာ အုပ်စုပထမနေရာရရှိခဲ့သည်။ အိုမန်အသင်းမှာ ယခုပွဲအနိုင်ရရှိလျှင် နောက်တစ်ဆင့်တက်ရောက်နိုင်ရန် မျှော်လင့်နိုင်မည်ဖြစ်သော်လည်း ကာတာခံစစ်ပိုင်းက အကောင်းဆုံးထိန်းချုပ်နိုင်ကာ ဒုတိယပိုင်းတွင် သွင်းယူသည့်ဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဥဇဘက်ကစ္စတန် - တစ်ဂိုး

ဩစတြေးလျ - တစ်ဂိုး

ဥဇဘက်ကစ္စတန်အသင်းမှာ နောက်မှလိုက်ကစားကာ သရေတစ်မှတ်ယူနိုင်ပြီး ကွာတားတက်ခဲ့ခြင်းဖြစ်သည်။

အုပ်စု(စ)ပွဲစဉ်များအပြီးတွင် ယူအေအီး၊ ဥဇဘက်ကစ္စတန်နှင့် ဩစတြေးလျအသင်းတို့မှာ ငါးမှတ်စီတူညီနေခဲ့ပြီး ယင်းသုံးသင်းတွေ့ဆုံမှုတွင် သရေပွဲဖြစ်ခဲ့ရာ သွင်းဂိုးသုံးဂိုးစီရှိသည့် ယူအေအီးနှင့် ဥဇဘက်တို့ နောက်တစ်ဆင့်တက်ခဲ့သည်။ အုပ်စုဗိုလ်နေရာရွေးရာတွင် အာရှဘောလုံးအဖွဲ့ချုပ်၏ စည်းမျဉ်းအရ အုပ်စုပွဲစဉ်အားလုံး၏ ဂိုးကွာခြားချက်ကို ထည့်တွက်ရာ ယူအေအီးက ပထမ၊ ဥဇဘက်ကစ္စတန်က ဒုတိယနေရာတို့ရရှိခဲ့သည်။

ယနေ့ပွဲအပြီးတွင် အုပ်စု(ယ)၌ ကာတာအသင်းက ခုနစ်မှတ်ဖြင့် အုပ်စုပထမ၊ မြောက်ကိုရီးယားက လေးမှတ်ဖြင့် အုပ်စု ဒုတိယတို့ရရှိခဲ့ပြီး အီရတ်နှင့် အိုမန်တို့ တွေ့ဆုံလျက်ရှိသည်။ အီရတ်နှင့် မြောက်ကိုရီးယားတို့မှာ လေးမှတ်စီတူနေသော်လည်း နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုစည်းမျဉ်းအရ မြောက်ကိုရီးယားအသင်းက အနိုင်ရခဲ့သောကြောင့် နောက်တစ်ဆင့်တက်နိုင်ခဲ့ခြင်းဖြစ်သည်။

ကွာတားဖိုင်နယ်ပွဲစဉ်များကို အောက်တိုဘာ ၁၇ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ယူအေအီးနှင့် မြန်မာ၊ ထိုင်းနှင့် ဥဇဘက်ကစ္စတန်၊ ဂျပန်နှင့် မြောက်ကိုရီးယား၊ ကာတာနှင့် တရုတ်တို့ တွေ့ဆုံမည်ဖြစ်သည်။

# ဆူဇူကီးဖလားခြေစစ်ပွဲတွင် မြန်မာအသင်း ပွဲဦးထွက်သရေကျ

**ဗီယန်ကျင်း  အောက်တိုဘာ ၁၄**

အာဆီယံဆူဇူကီးဖလားခြေစစ်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက လာအိုနိုင်ငံ ဗီယန်ကျင်းမြို့၌ ကျင်းပရာ မြန်မာအသင်းမှာ တီမောအသင်းကို အနိုင်မကစားနိုင်ဘဲ ဂိုးမရှိသရေကျခဲ့သည်။

မြန်မာအသင်း၏ ခြေစစ်ပွဲအဖွင့်ပွဲစဉ်မှာ နိုင်ပွဲပျောက်ဆုံးခဲ့ပြီး သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ မြန်မာအသင်းမှာ သရေတစ်မှတ်သာရယူနိုင်ခဲ့သောကြောင့် ခြေစစ်ပွဲအောင်မြင်ရန် လက်ကျန်ပွဲများတွင် ရုန်းကန်ရတော့မည် ဖြစ်သည်။ တီမောအသင်းမှာ ယခုပွဲတွင် ခြေအသာဖြင့် ကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်များစွာရရှိခဲ့သော်လည်း အဆုံးသတ်အားနည်းခြင်း၊ မြန်မာဂိုးသမား သီဟစည်သူ လက်စွမ်းပြကာကွယ်နိုင်ခဲ့၍ နိုင်ပွဲပျောက်ခဲ့ခြင်းဖြစ်သည်။ တီမောအသင်းက ဂိုးသွင်းခွင့်ပိုရခဲ့ပြီး မြန်မာဂိုးသမား သီဟစည်သူ ကာကွယ်နိုင်ခဲ့၍သာ မြန်မာအသင်းဂိုးမပေးခဲ့ရခြင်းဖြစ်သည်။ ခြေစစ်ပွဲအခြားပွဲစဉ်တွင် အိမ်ရှင်လာအိုအသင်းက ဘရူနိုင်းအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယနေ့ပွဲစဉ်များအပြီးတွင် အိမ်ရှင်လာအိုက နှစ်ပွဲကစား နှစ်ပွဲနိုင် ခြောက်မှတ်၊ တီမောအသင်းက နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်၊ မြန်မာအသင်းက တစ်ပွဲကစား တစ်ပွဲသရေ၊ တစ်မှတ်၊ ကမ္ဘောဒီးယားအသင်းက တစ်ပွဲကစား တစ်ပွဲရှုံး၊ ဘရူနိုင်းအသင်းက နှစ်ပွဲကစား နှစ်ပွဲရှုံးတို့ဖြင့် အမှတ်မရသေးပေ။ မြန်မာအသင်းမှာ ဒုတိယပွဲစဉ်အဖြစ် အောက်တိုဘာ ၁၆ ရက်တွင် ဘရူနိုင်းအသင်းနှင့် ကစားရမည်ဖြစ်သည်။

**(စိုးညွန့်)**

ကြေးမုံ





# အလျှင်လိုရွာက အုတ်ခွက်ဘုရားများ

သတင်းနှင့်ဓာတ်ပုံ မော်စီ

**ဘုရား၊ စေတီတစ်ဆူချင်းအလိုက် နောက်ခံသမိုင်းကြောင်းများရှိသကဲ့သို့ မြို့တိုင်း၊ ရွာတိုင်း၌လည်း မြို့တည်၊ ရွာတည် နောက်ခံသမိုင်းကြောင်းများရှိပါသည်။ သို့သော် သမိုင်းကြောင်း ခိုင်ခိုင်မာမာ တိတိကျကျမှတ်တမ်းတင်ထားနိုင်သည်မှာ နည်းပါးလျက်ရှိပြီး "သက်ကြီးစကား သက်ငယ်ကြား"ဟူသည့် မြန်မာစကားပုံအတိုင်း လက်ဆင့်ကမ်းသယ်ဆောင်လာသည့် ပါးစပ်ရာဇဝင်၊ ပါးစပ်သမိုင်းများသာ မိမိတို့ပတ်ဝန်းကျင်တွင် တွင်ကျန်ရစ်ခဲ့သည်။**



အလျှင်လိုကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်သန်းအား တူးဖော်ရရှိသည့် အုတ်ခွက်ဘုရားများနှင့်အတူ တွေ့ရစဉ်။

တန်ခိုးကြီးဘုရားများနှင့် တည်ထားကိုးကွယ်ပြီးသားဘုရား၊ စေတီပုထိုးများကို မိမိတို့စိတ်ဆန္ဒအလိုတိုင်း သွားရောက် ဖူးမြော်နိုင်ကြသော်လည်း ရှေးဟောင်းဘုရားများအား ဖူးမြော်နိုင်ရန် အခွင့်အရေးသည်ကား များစွာခဲယဉ်းပြီး ရတောင့်ရခဲလှပေသည်။

ထို့ကြောင့် ပြည်သူအများ ကြည်ညိုသဒ္ဓါပွားများနိုင်ကြစေရန် အလျှင်လိုကျေးရွာမှ ပေါ်တော်မူအုတ်ခွက်ဘုရားများ တူးဖော်တွေ့ရှိခဲ့မှုအား တာဝန်ရှိသူများထံ သွားရောက်မေးမြန်းခဲ့သည်များကို ကုသိုလ်အဖြစ် ပြန်လည်ဝေငှလိုက်ပါသည်။

**ဦးမြင့်သန်း**

**အလျှင်လိုကျေးရွာအုပ်ချုပ်ရေးမှူး**

ဖြစ်စဉ်ကတော့ ကျွန်တော်တို့ အောက်တိုဘာ ၁၁ရက် နံနက် ၈ နာရီလောက်က ဂေါပကအကျိုးတော်ဆောင် ဦးဇော်လွင်နှင့်အဖွဲ့က အခုတွေ့ရှိခဲ့တဲ့နေရာမှာ ဆွမ်းချက်ဆောင်အတွက် တိုင်စိုက်ဖို့ ပန္နက်မြေနေရာကျင်းတူးပါတယ်၊ အဲဒီလိုတူးလိုက်တဲ့အခါ တစ်ပေအနက်လောက်မှာ စတွေ့တယ်၊ စတွေ့တော့ ကျွန်တော့်ကို ၉ နာရီလောက်ပဲ သတင်းပို့ပါတယ်၊ အဲဒီနောက် ကျွန်တော်လည်း သက်ဆိုင်ရာအားလုံးကို သတင်းထပ်ပို့လိုက်ပါတယ်။

ဆက်ပြီးတူးဖော်တဲ့နေရာမှာ အကျိုးဆောင်ရယ်၊ နောက်ပြီး စေတနာလုပ်အားပေး ကလေးနှစ်ယောက်ရယ်၊ အားလုံးပေါင်း သုံးယောက်ပေါ့၊ တူးရွင်းကိုပဲသုံးပြီး တူးဖော်ခဲ့ပါတယ်၊ လက်ရှိတူးဖော်ရရှိမှု အနေအထားကတော့ အကောင်းပကတိက ၇၃ ဆူ၊ သဘာဝအလျောက်ကျိုးပဲ့နေတာက ၃၉ ဆူ အားလုံးပေါင်း ၁၁၂ ဆူရှိပါတယ်။

ရေရှည်ထိန်းသိမ်းဖို့တော့ ကျွန်တော်တို့ သက်ဆိုင်ရာရဲ့ လမ်းညွှန်ချက်နဲ့ဆက်ပြီးတော့ ဆောင်ရွက်မှာပါ။ လိုအပ်လို့ သမိုင်းအထောက်အထားယူရင်လည်း နိုင်ငံတော်အတွက် အကျိုးရှိအောင် ဘုရားကပုံစံတူတွေဖြစ်တဲ့အတွက် အဆူအရေအတွက်အလိုက်ကျွန်တော်တို့က သင့်တင့်အောင်ပေးလှူသွားမှာပါ။ ဒီမှာလည်း ပြည်သူပြည်သားတွေ အမြဲလာပြီး ပူဇော်နိုင်ဖို့အတွက် လုံခြုံအောင်လည်း ထိန်းသိမ်းထားမယ်၊ မှန်ဗီရိုနဲ့လည်း အပူဇော်ခံထားပါမယ်။

နောက်ပိုင်းကျရင်တော့ အလှူငွေပမာဏအပေါ်မူတည်ပြီး စေတီဖြစ်ဖြစ်၊ ရုပ်ပွားတော်ဖြစ်ဖြစ်တည်ပြီးတော့ ဌာပနာထားသင့်တယ်ဆိုရင်လည်း တာဝန်ရှိသူတွေ၊ အကျိုးဆောင်တွေနဲ့ တိုင်ပင်ပြီးတော့ ဌာပနာသွင်းတည်ထားကိုးကွယ်သွားမှာပါ။ တွေ့ရှိတဲ့ဘုရားအားလုံးကိုတော့ ဌာပနာထားဖြစ်မယ်လို့တော့မထင်ပါဘူး။ ဌာပနာသင့်တယ်ဆိုရင်လည်း အားလုံးတိုင်ပင်ပြီးတော့ ဌာပနာထားသင့်သလောက် ဌာပနာထားမယ်၊ ဒီဓမ္မာရုံမှာလည်း အပူဇော်ခံထားဦးမယ်လို့ ရည်ရွယ်ထားပါတယ်။

**ဦးငွေစိုး**

**ဆင်မယဉ်သာ**

**ဘုရားဂေါပကအဖွဲ့နာယက**

ကျွန်တော်က ဒီရွာဇာတိပါ။ ကျွန်တော်သိသလောက်တော့ အလောင်းစည်သူမင်းကြီး တိုင်းပြည်ကို လှည့်လည်တဲ့အခါမှာ ဒီနေရာမှာ ခဏနားပါတယ်။ ခဏနားတဲ့အခါကျတော့ သူ့ဆင်မဝပ်တဲ့အတွက် ဒီနေရာမှာဘုရားတည်၊ ဆင်မယဉ်သာလို့အမည်ပေးလို့ မိန့်ခဲ့တယ်လို့ ကြားဖူးပါတယ်။

ဒီအုတ်ခွက်ဘုရားတွေကို တွေ့တဲ့အခါမှာ ကျွန်တော့်အစ်ကိုတစ်ဝမ်းကွဲဖြစ်တဲ့ မန္တလေးက ဘုန်းကြီးကို လှမ်းဖုန်းဆက်တဲ့အခါကျတော့ "ရှိတယ်ကွ၊ ဘုရားသမိုင်းကြောင်းစာအုပ်ထဲမှာ ပါတယ်ကွ" လို့ အမိန့်ရှိပါတယ်။ ဒါကြောင့် သမိုင်းကြောင်းစာအုပ်ရှိရင်လည်း ကျွန်တော့်ကို ပေးပါဦးလို့ တောင်းထားပါတယ်။

ဒီဘုရားကုန်းတော်ကြီးနဲ့ပတ်သက်လို့ ဂေါပကအဖွဲ့ကနေပြီးတော့ ဝါတွင်းမှာ ဆွမ်းလောင်းပွဲလုပ်ပါတယ်။ တန်ဆောင်တိုင် မီးထွန်းပွဲလုပ်ပါတယ်။ တရားပွဲလုပ်ပါတယ်။ အဲဒီအခါတွေမှာ အသုံးပြုရအောင်ဆိုပြီးတော့ ဆွမ်းချက်ဆောင်ဆောက်ဖို့ တူးတာပါ။ တူးတဲ့အခါကျတော့ အဲဒီနေရာတည့်တည့်မှာ သွားတွေ့တာ၊ တွေ့တဲ့အခါကျတော့ ထူးတယ်ပေါ့။ ဘုရားပုံစံဆိုပြီး ကြည့်လိုက်တာ ဟုတ်နေတာနဲ့ ဒါကြောင့် ဆက်ပြီးမတူးတော့ဘဲနဲ့ လက်နဲ့ယက်ကြည့်လိုက်တဲ့အခါ သဲနဲ့ဖုံးထားတာကို တွေ့ရတာပါ။ သဲနဲ့ဖုံးထားတဲ့အတွက် သန့်ရှင်းရေးလုပ်တဲ့အခါမှာ နူးနေတော့ ပျက်မှာစိုးလို့ မင်းတို့အကြမ်းမလုပ်နဲ့ ဖြည်းဖြည်းလုပ်၊ လေသလပ်ခံ၊ ကျွန်တော်တို့ သွားပွတ်တံတွေဝယ်ပြီးတော့ သန့်ရှင်းအောင် လုပ်ခဲ့ပါတယ်။



ဆင်မယဉ်သာဘုရားဂေါပကအဖွဲ့နာယက ဦးငွေစိုးအား အုတ်ခွက်ဘုရားများနှင့်အတူ တွေ့ရစဉ်။

ကျွန်တော်တို့တွေ့တာ ၈ နာရီလောက်မှာပါ။ ၁၀ နာရီလောက်ကျတော့ ဇမ္ဗူသီရိမြို့နယ်က အုပ်ချုပ်ရေးမှူးတွေ ရောက်လာတယ်။ ရောက်လာပြီးတဲ့အခါကျတော့ ဒါတွေကိုလည်း အပျောက်အပျက်မဖြစ်ပါစေနဲ့၊ ဒီနေရာကိုလည်း ဆက်မတူးပါနဲ့ဆိုလို့ ကျွန်တော်တို့ ဆက်မတူးတော့ဘူး။ ဒါတွေကို လုံခြုံအောင်လုပ်ဖို့ အကျိုးဆောင်နေပါတယ်။

ကျွန်တော်တို့ အခုလောလောဆယ်တော့ မှန်ကျောင်းဆောင်သုံးဆောင်လုပ်နေတယ်။ ပက်လက်အနေအထားမဟုတ်ဘဲ အုတ်ခွက်ဘုရားအားလုံးကို ရုပ်လုံးပေါ်ဖူးမြော်နိုင်အောင် စီစဉ်ထားပါတယ်။ နောက်ပြီး အများပြည်သူ လာရောက်ဖူးမြော်နိုင်ဖို့နဲ့ လုံခြုံမှုအတွက်လည်း ဆောင်ရွက်နေပါတယ်။

ကျွန်တော်တို့ရင်ထဲမှာ ခံစားရတာကတော့ အင်မတန်ပီတိဖြစ်မိပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့လက်ထက်ကျမှလာတွေ့တော့ကျွန်တော်တို့အကျိုးဆောင်ခွင့်ရတယ်။ အတတ်နိုင်ဆုံးလည်း ကိုယ်စွမ်း ဉာဏ်စွမ်းရှိသလောက် အကျိုးဆောင်သွားမှာပါ။ မြင်တဲ့အတိုင်းပဲ ဒီဓမ္မာရုံလည်း မနှစ်ကမှ စဆောက်တာပါ။ ငွေကုန်ကြေးကျကများပါတယ်။ သီတင်းကျွတ်လဆန်း ၁၀ ရက်မှာလည်း ဆွမ်းလောင်း၊ ဘုရားပွဲလုပ်တယ်။ ကျွန်တော်တို့ကျေးရွာလေးတွေက နွမ်းလည်းနွမ်းပါးကြတော့ အပိုရန်ပုံငွေလည်းမရှိဘူး။ မရှိတဲ့ကြားထဲကမှ ကျွန်တော်တို့လည်း လုံခြုံမှုရှိအောင်လုပ်မယ်လို့ ခံယူထားပါတယ်။

ကျွန်တော်ကတော့ ကျွန်တော့်အသိမိတ်ဆွေမှန်သမျှရော၊ ရပ်ဝေးရပ်နီးအကုန်လုံးကိုရော ဖိတ်မန္တကပြုပြီးပါပြီ။ အများပြည်သူတွေ အကုန်လုံးလည်း ဖူးစေချင်တယ်။ ကျွန်တော်တို့ ဗဟုသုတအဖြစ် ကြားရတာကတော့ နှစ်ပေါင်း(၄၀၀)လောက်ရှိပြီလို့ သိရပါတယ်။ ဒီနေ့ ဒီခေတ်မှာ ကျောက်စိမ်းဘုရားတွေ၊ ကြေးဘုရားတွေက အချိန်မရွေးပူဇော်လို့ရပါတယ်။ တကယ့်အခြားတစ်နေရာက တန်ခိုးကြီးဘုရားတွေလည်း တည်ထားပြီးသားဖြစ်လို့ သွားဖူးလို့ရပါတယ်။ ဒါကတော့ ဖူးထိုက်ဖူးရခဲ့တဲ့ အရာတစ်ခုရယ်လို့ ကျွန်တော်တို့ ခံယူပါတယ်။ အားလုံးကိုလာဖူးဖို့ ကျွန်တော်က ဖိတ်မန္တကပြုချင်ပါတယ်။

**ဦးအုန်းသော်**

**ဂေါပကအဖွဲ့ဝင်**

ဒီဓမ္မာရုံဝင်းအတွင်းမှာ ဆွမ်းချက်ဆောင်ဆောက်ဖို့ တွင်းတူးပါတယ်။ အဲဒီလိုတူးတဲ့အခါမှာ တွေ့တာပါ။ တွေ့တဲ့အခါမှာ ကျွန်တော်ရောက်သွားပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်က မပျက်စီးအောင် သတိထားပြီး ဆက်တူးဖို့နဲ့ အုတ်ခွက်ဘုရားတွေကုန်၊ မကုန်သေချာအောင် ရှာကြည့်ဖို့ ပြောခဲ့ပါတယ်။ ကုန်သွားပြီဆိုတာသေချာပြီဆိုမှ တူးဖော်ပြီးသား ဘုရားတွေကို ဘာလုပ်မလဲဆိုတာကို ဝိုင်းစဉ်းစားပြီး ပထမရေဆေးပါတယ်။ ဆေးတဲ့အခါလည်း မပျက်စီးအောင် စုတ်တံနဲ့ ရွရွလေးပွတ်တိုက်ဆေးကြောပါတယ်။ နောက်ပြီး ရေဆေးပြီးသားတွေကို နေလှန်းပါတယ်။ နေလှန်းပြီးတော့ အုတ်ခွက်ဘုရားတွေကို အပူဇော်ခံဖို့အတွက် နေရာရွေးတဲ့အခါ မပျောက်ပျက်အောင်၊ မပျက်စီးအောင် ဓမ္မာရုံအတွင်းမှာထားရှိ အပူဇော်ခံဖို့လုပ်ခဲ့ပါတယ်။

ကျွန်တော်တို့လက်ထက်မှာ ခုလိုရှေးဟောင်းဘုရား တူးဖော်တွေ့ရှိတော့ ဂုဏ်ယူမိပါတယ်။ အတိုင်းမသိဝမ်းသာပီတိဖြစ်မိပါတယ်။ ကျွန်တော်တို့ ဘိုးဘွား၊ ဘီဘင်တွေလည်း ဒီရွာမှာနေထိုင်ပြီး စိုက်ပျိုးလုပ်ကိုင်စားသောက်ခဲ့တာပဲ၊ သူတို့လက်ထက်မှာ မတွေ့ဘဲ ကျွန်တော်တို့လက်ထက်မှာတွေ့တယ်ဆိုတော့ အင်မတန်ဝမ်းသာကြည်နူးမိပါတယ်။ ကျွန်တော်တို့ကတော့ ဒီဘုရားတွေကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ရေရှည်တည်တံ့အောင် ထိန်းသိမ်းသွားမှာပါ၊ ဒါပေမယ့် တောသူတောင်သားတွေဆိုတော့ သိပ်နားမလည်ပါဘူး၊ ဒါကြောင့် ရှေးဟောင်းပညာရှင်တွေ ဒီကိုလာရောက်လေ့လာသုတေသနပြုပြီးတော့ ဘုရားတွေရဲ့ သမိုင်းကြောင်းမှတ်တမ်းကို တိတိကျကျဖြစ်အောင်ဆောင်ရွက်ပေးစေချင်ပါတယ်၊ နောက်ပြီး ပတ်ဝန်းကျင်ကျေးရွာအားလုံးမှာရှိတဲ့ ပြည်သူတွေရော၊ တစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူတွေပါလာရောက်ဖူးမြော်ကြည်ညိုကြဖို့ဖိတ်ခေါ်ပါတယ်။

အလျှင်လိုကျေးရွာက တကယ့်ကိုရိုးသားကြသည့် ဒေသခံပြည်သူများ၏ ဖြူစင်သည့် စိတ်ရင်းစေတနာများဖြင့် ရှေးဟောင်းပေါ်တော်မူ အုတ်ခွက်ဘုရားများအား လာရောက်ဖူးမြော်ရန် ဖိတ်ခေါ်သံများကို မြန်ပြည်အနှံ့ ပျံ့နှံ့စေပြီး ပြည်သူအများလာရောက်ဖူးမြော်ကြည်ညိုသဒ္ဓါပွားများ နိုင်စေရန် ရည်ရွယ်လျက်။ ။



ဂေါပကအဖွဲ့ဝင် ဦးအုန်းသော်အား အုတ်ခွက်ဘုရားများနှင့်အတူ တွေ့ရစဉ်။

### ❍ စိုက်ပျိုးထုတ်လုပ်မှုမှ

မိုးစပါးသီးနှံ ရိတ်သိမ်းခြွေလှေ့စက်သုံးစီး၊ ဆောင်းသီးနှံနှင့်မိုးကြိုထွန်ယက်ရန် ထွန်စက် ၂၈ စီးတို့ကို စက်မှုလယ်ယာ ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကိုကိုအောင်က တောင်သူများ ကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်အုန်းထံ လွှဲပြောင်းပေးအပ်သည်။

ဂျပန်နိုင်ငံမှ (JICA) အထောက်အပံ့ဖြင့် မြန်မာနိုင်ငံရှိ လုပ်ကွက်ငယ်တောင်သူများသို့ စားနပ်ရိက္ခာ ဖူလုံရေးအတွက် ထွန်စက် ၉၁ စီး၊ စပါးရိတ်သိမ်းစက် ကိုးစီးထောက်ပံ့ပေးအပ်ခဲ့ရာ သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာအနေဖြင့် စပါးရိတ်သိမ်းခြွေလှေ့စက် သုံးစီး၊ ထွန်စက် ၂၈ စီး ရရှိခဲ့ပြီး ကျေးရွာတောင်သူများအနေဖြင့် လယ်ယာသုံးစက်ကိရိယာ ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းနည်း သင်တန်းတက်ရောက်ပြီးသူများဖြစ်၍ လယ်ယာလုပ်ငန်းခွင်တွင် အခက်အခဲမရှိ ကိုင်တွယ်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သန်းဝင်း (သန်လျင်)**

# နတ်မောက်မြို့နယ်ရှိ ကျေးရွာများ မိုးခေါင်မှုဒဏ်ကို အပြင်းအထန်ခံစားခဲ့ရ လယ်ယာလုပ်ငန်းခွင်သုံး ကျွဲနွားများ အစာရေစာရှားပါးမှုနှင့်ကြုံတွေ့

**နတ်မောက် အောက်တိုဘာ ၁၄**

မုတ်သုံလေသည် မြန်မာနိုင်ငံအနှံ့အပြား၌ လယ်ယာလုပ်ငန်း လုပ်ကိုင်နေကြသော တောင်သူလယ်သမားများအတွက် မညီမျှသော မိုးရေစက်များကို ခွဲဝေရွာသွန်းပြီးနောက် ပြန်လည်ဆုတ်ခွာသွားပြီ ဖြစ်သည်။ ယင်းသို့မဆုတ်ခွာမီ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများ ဖြစ်သည့် ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မြန်မာနိုင်ငံအထက်ပိုင်း ဒေသအချို့၌ ရေကြီးရေလျှံမှုများဖြစ်သည်အထိ မိုးကြီးခဲ့သည်။

သို့သော်ငြားလည်း မြန်မာနိုင်ငံ အလယ်ပိုင်းဒေသအချို့တွင် မိုးခေါင်မှုဒဏ်ကို ခံစားခဲ့ရသဖြင့် စိုက်ပျိုးရေ ပြည့်မီစွာမရရှိခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်း လုံးဝမလုပ်ကိုင်နိုင်သော အခြေအနေအထိ ကြုံတွေ့ခဲ့ရသည်။ ယင်းသို့သော အရပ်ဒေသများအနက် ဆီထွက်သီးနှံများ အဓိကစိုက်ပျိုးထုတ်လုပ်နေသော မြန်မာနိုင်ငံ အလယ်ပိုင်းဒေသဖြစ်သည့် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများလည်း အပါအဝင်ဖြစ်သည်။

“ကဆုန်၊ နယုန်လလောက်ကတော့ မိုးဖွားလေးတွေ တစ်ကြိမ်၊ နှစ်ကြိမ်လောက်ရွာလိုက်သေးတယ်၊ အဲဒီလိုပဲ ဝါဆို၊ ဝါခေါင်လလောက်ကလည်း တစ်ကြိမ်၊ နှစ်ကြိမ်လောက်ရွာတယ်၊ ရွာတယ်သာဆိုတာပါ၊ စိုက်ပျိုးရေးလုပ်နိုင်လောက်အောင် ရွာတာမဟုတ်ဘူး၊ ပိုဆိုးတာက မြေအစိုဓာတ်ရအောင်ကို မရွာတာ” ဟု နတ်မောက်မြို့နယ် ပ/ကျားထူးကျေးရွာမှ နှစ်ရှည်လများ စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်သော တောင်သူဦးထွန်းရှင်က ၎င်း၏အတွေ့အကြုံကို ပြောပြသည်။

လုံလောက်သော အစိုဓာတ်နှင့် မိုးရေမရရှိသဖြင့် ကြဲထားသော စပါးမျိုးများ ပျိုးပင်ဘဝမှာပင် သေဆုံးခဲ့ကြောင်း၊ ဝါ၊ နှမ်းနှင့် ပင်ထောင်မြေပဲများမှာလည်း တစ်လသားအရွယ်



ခန့်မှာပင် သေဆုံးခဲ့ကြောင်း၊ မိုးခေါင်ရေရှားမှုဒဏ်ခံနိုင်ရည်ရှိသော နှမ်းခင်းများတွင်လည်း ပေါင်းရိုင်းများ ထူထပ်စွာကျရောက်သဖြင့် ပေါင်းရှင်းလုပ်သားတစ်ဦးလျှင် တစ်ရက် ကျပ် ၂၀၀၀ နှုန်းဖြင့် ၁၀ ဦးမှ ၁၅ ဦးအထိ ငှားရမ်းရှင်းလင်းသော်လည်း မနိုင်နင်းဘဲ ရေရှားမှုဒဏ်၊ ပေါင်းမြက်ဒဏ်များကြောင့် နှမ်းပင်များ ခြောက်သွေ့သေဆုံးရကြောင်း ဒေသခံတောင်သူများက ဆိုသည်။

ဒေသခံတောင်သူများအနေဖြင့် မိုးခေါင်မှုဒဏ်ကြောင့် စပါး၊ ပြောင်း၊ ဝါ၊ နှမ်းတို့ ပျက်စီးဆုံးရှုံးမှုဒဏ်ကို ဖာထေးခံသာနိုင်ရန် ရည်ရွယ်၍ ဆောင်းသီးနှံအဖြစ် ကြက်သွန်၊ မေမြို့ပန်းအစရှိသည်တို့ကို မြေအောက်ရေ အသုံးပြု၍ စိုက်ပျိုးရန် ကြိုးပမ်းနေကြပြီဖြစ်သော်လည်း လယ်ယာလုပ်ငန်းခွင်သုံး တိရစ္ဆာန်များအတွက် အစာဖြစ်သော ကောက်ရိုး၊ ပြောင်းရိုးများ မရရှိတော့သဖြင့် နွားစာအခက်အခဲမှာ ဒေသခံတောင်သူတို့အတွက် ကြီးမားသော ဝန်ထုပ်ဝန်ပိုးတစ်ခု သဖွယ်ဖြစ်နေသည်။

“အိမ်က နွားခြောက်ကောင်အတွက် နှစ်ရက်စာကျွေးနိုင်မယ့် အစာရဖို့အတွက် မိသားစုဝင် သုံးဦးလောက်က ငါးမိုင်၊ ခြောက်မိုင်လောက် ခရီးသွားပြီး အစာရှာထွက်ရတယ်၊ ပြီးမှ မနှစ်ကကျန်တဲ့ ကောက်ရိုးခြောက်၊ ပြောင်းရိုးခြောက်တွေနဲ့ ရောကျွေးရတယ်၊ ကောက်ရိုးခြောက်၊ ပြောင်းရိုးခြောက်တွေ ကုန်သွားရင်တော့ တိရစ္ဆာန်အစာအတွက် ပိုခက်ခဲလာပါတော့မယ်” ဟု တောင်သူအမျိုးသမီးကြီး ဒေါ်တင်ကြည်က ဆိုသည်။

“ဟိုတုန်းကတော့ ရွာအနောက်ဘက်မှာ စိမ်းညို့နေတဲ့ တောတန်းကြီးတွေရှိတယ်၊ လူဦးရေတိုးလာတော့ ရွာမြေတွေ၊ ယာမြေတွေ ချဲ့ကြတယ်လေ၊ ထင်းအတွက် သစ်တွေခုတ်ကြတယ်၊ ခုတ်ထားသမျှအတွက် ပြန်စိုက်မယ်ဆိုရင်တောင် စိုက်စရာနေရာက မရှိတော့ဘူး၊ ကျွဲ၊ နွားတွေ လွှတ်ကျောင်းဖို့ စားကျက်မြေလည်း မရှိတော့ဘူး၊ ရာသီဥတုကလည်း တစ်နေ့တခြား ပိုပူလာတယ်၊ အခု အဆိုးရွားဆုံးမိုးခေါင်မှုနဲ့ ကြုံနေရတယ်၊ ကျွဲ၊ နွားတွေ ကျွေးဖို့ အစာဖိုးမတတ်နိုင်လို့ ၁၀ သိန်းတန်ခိုင်းနွားကို ခုနစ်သိန်း၊ ခြောက်သိန်းတန် ခိုင်းနွားကို လေးသိန်းနဲ့ပြန်ရောင်းတာတောင် ဝယ်မယ့်သူမရှိလို့ ရောင်းရခက်နေတယ်။ ကိုယ့်နွားကို မရောင်းရက်တဲ့သူတွေ၊ နောင်နှစ်မိုးကို မျှော်နေတဲ့သူတွေလည်း အရွယ်ရောက်သူတွေရော၊ မရောက်တရောက်တွေပါ ရရာအလုပ်လုပ်ဖို့ မြို့ကိုသွားကြတယ်” ဟု ဘော်အိုင်ကျေးရွာမှ ဦးကျော်မင်းဦးက ပြောသည်။

နတ်မောက်မြို့နယ် အတွင်းရှိ ရေငံကျေးရွာအုပ်စု၊ ရွာမွန်အုပ်စု၊ ဝါပန်အုပ်စု၊ သစ်လှအုပ်စုများအတွင်းရှိကျေးရွာများမှ တောင်သူများမှာ ယခုနှစ် မိုးခေါင်မှုကြောင့် သီးနှံမရရှိခြင်း၊ နွားစာအခက်အခဲအတွက် လွှတ်ကျောင်းစရာ စားကျက်မြေမရှိခြင်း စသည့်အခက်အခဲများကြောင့် မိမိတို့၏ လယ်ယာလုပ်ငန်းခွင်သုံး တိရစ္ဆာန်များကို ဆက်လက်မွေးမြူထိန်းသိမ်းရန် အခက်အခဲဖြစ်နေကြကြောင်း သိရသည်။

သတင်း-ကိုကိုနေ၊ နိုင်လင်းကြည်
ဓာတ်ပုံ- ရာမည

## နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၄ ရက်နေ့တွင် **မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ (၄)ရပ်ကွက်၊ တကောင်းဘုရားလမ်း၊ အမှတ်(၂)တွင် ပါတီရုံးချုပ်တည်ရှိသော **မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၄-၁၀-၂၀၁၄ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီ၏အလံပုံစံ**



**မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီ၏တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# မော်လမြိုင်တွင် ရေကြောင်းအန္တရာယ်ကင်းရှင်းရေးအတွက် လိုက်နာရန်အချက်များကြေညာ

**မော်လမြိုင် အောက်တိုဘာ ၁၄**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်မောင်းနှင်သူများနှင့် စီးနင်းလိုက်ပါသည့်ခရီးသွားပြည်သူများ ဘေးကင်းလုံခြုံစွာ ရေကြောင်းအန္တရာယ်ကင်းရှင်းနိုင်ရေးအတွက် လိုက်နာရမည့်အချက်များကို ရေကြောင်းပို့ဆောင်ရေးဦးစီးဌာန မွန်ပြည်နယ်ရုံးက ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

အဆိုပါကြေညာချက်တွင် ရေယာဉ်ပိုင်ရှင်များ လိုက်နာရန်အချက်(၉)ချက်၊ ရေယာဉ်မောင်းနှင်သူများ လိုက်နာရန် (၁၄)ချက်နှင့် ခရီးသည်များလိုက်နာရန် (၇) ချက်တို့ပါဝင်ပြီး ရေယာဉ်ပိုင်ရှင်များ လိုက်နာရန်အနေဖြင့် ရေယာဉ်ကြံ့ခိုင်ရေးအတွက် သက်တမ်းမကုန်မီ နှစ်ပတ်လည်စစ်ဆေးမှုအား ပုံမှန်ဆောင်ရွက်ရန်၊ ကျွမ်းကျင်လက်မှတ်ရ ရေယာဉ်အုပ်၊ စက်ခန်းအုပ်များနှင့် ရေယာဉ်ဝန်ထမ်းများပြည့်စုံစွာထားရှိရန်၊ ရေယာဉ်တွင် သတ်မှတ်ထားသော အသက်ကယ်ပစ္စည်းနှင့်မီးသတ်ကိရိယာများ အမြဲတမ်းအပြည့်အစုံထားရှိရန်၊ သတ်မှတ်ထားသော ခရီးသည်ဦးရေထက် ပိုမိုမတင်ရန်၊ ရေယာဉ်တွင် သတ်မှတ်ထားသည့် ဝန်တင်မျဉ်းထက်ပိုမတင်ရန်၊ အခြားရေယာဉ်တစ်စင်း ဘေးဒုက္ခရောက်ရှိနေပါက တတ်စွမ်းသမျှကူညီဆောင်ရွက်ပေးရန်၊ (ရေယာဉ်မောင်းနှင်သူများအား ညွှန်ကြားထားရန်)၊ သတ်မှတ်ထားသည့် အချိန်အတိုင်း တိတိကျကျထွက်ခွာရန်၊ သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကောင်းမွန်သော ဆက်သွယ်ရေးစနစ်၊ မိုးလေဝသသတင်းများအချိန်နှင့်တစ်ပြေးညီ မိမိရေယာဉ်များရရှိနိုင်ရေးဆောင်ရွက်ထားရှိရန်၊ ခွင့်ပြုခရီးစဉ်သာပြေးဆွဲရန်တို့ဖြစ်သည်။ ရေယာဉ်မောင်းနှင်သူများလိုက်နာရန်အတွက်အချက်များမှာ သတ်မှတ်ကာလလက်မှတ်ရထားသူသာမောင်းနှင်ရန်၊ ရေယာဉ်မှတ်ပုံတင်၊ လုပ်ငန်းလိုင်စင်သက်တမ်းရှိမှသာ ရေယာဉ်ကိုမောင်းနှင်ရန်၊ သဘော်သားတို့ပြုမြဲဝတ္တရားအတိုင်း အန္တရာယ်ကင်းအောင် မောင်းနှင်ရန်၊ ရေယာဉ်မထွက်ခွာမီ မိမိရေယာဉ်၏အချက်ပြများ၊ စက်အခြေအနေ၊ ရေကြောင်းပြမီး၊ အသက်ကယ်နှင့်မီးသတ်ပစ္စည်းများ ပြည့်စုံကောင်းမွန်ရေးစစ်ဆေးရန်၊ ရေကြောင်းသတိပေးနှိုးဆော်ချက်၊ ရေကြောင်းပြအမှတ်အသားများကို လိုက်နာရန်၊ သတ်မှတ်ထားသော ခရီးသည်/ကုန်ထက်ပိုမိုတင်ဆောင်ခြင်းမပြုရန်၊ ခရီးသည်/လူတင်ခြင်းနှင့်အမိုးပေါ်တွင် ခရီးသည်/ကုန်တင်ဆောင်ခြင်းမပြုရန်၊ အရက်သေစာသောက်စားမောင်းနှင်ခြင်းမပြုရန်၊ နေ့စဉ်ရာသီဥတုအခြေအနေများကို ရယူပြီး သက်ဆိုင်ရာရေယာဉ်ကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ရမှထွက်ခွာရန်၊ ရေယာဉ်မောင်းနှင်နေစဉ် ရာသီဥတုဆိုးရွားလာပါက အန္တရာယ်မှရှောင်ရှားနိုင်ရန်နှင့် အနီးဆုံးကွန်းခိုရန်နေရာများအား ကြိုတင်ရှာဖွေထားရန်၊ ရေယာဉ်အန္တရာယ် တစ်စုံတစ်ရာဖြစ်ပွားလာပါက ခရီးသည်များအား တတ်စွမ်းသမျှကူညီဆောင်ရွက်ပေးရန်၊ ထိပ်ကပ်၊ ထကပ်/ထကွာ၌ ခရီးသည်များအား အန္တရာယ်ကင်းသည့်နေရာတွင်ရှိစေပြီးမှ ကပ်/ကွာခြင်းပြုရန်၊ ခရီးသည်များအား ယဉ်ကျေးစွာဆက်ဆံရန်၊ မတော်တဆဖြစ်ပွားလာပါက နီးစပ်ရာရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(သို့)ရဲစခန်းသို့ ၂၄ နာရီထက်နောက်မကျဘဲ သတင်းပို့ရန်တို့ဖြစ်သည်။ ခရီးသည်များအတွက် လိုက်နာရန်အချက်များမှာ ခွင့်ပြုခရီးသည်ဦးရေအတိုင်း စီးနင်းကြရန်၊ လူထိုင်ရမည့်နေရာမဟုတ်သည့် (ခေါင်မိုး၊ လှေဦး၊ ဘေးလက်ရန်း)တို့တွင် စီးနင်းမှုမှရှောင်ကြဉ်ရန်၊ ရေယာဉ်ဆိပ်ကမ်းသို့ သေချာစွာကပ်ပြီးမှ တက်/ဆင်းကြရန်၊ အန္တရာယ်တစ်စုံတစ်ရာဖြစ်ပါက ရေယာဉ်ဝန်ထမ်းများ၏ လမ်းညွှန်မှုကိုလိုက်နာရန်၊ သံဃာတော်များ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်များ၊ ကလေးများအား ဦးစားပေးရန်၊ ရေယာဉ်မောင်းနှင်နေစဉ် မိမိနှင့်မသက်ဆိုင်သော ရေယာဉ်၏ပစ္စည်းကိရိယာများအား ကိုင်တွယ်ခြင်းမပြုရန်၊ အသက်ကယ်ဘောကွင်းအသုံးပြုပုံ၊ အသက်ကယ်အင်္ကျီဝတ်ဆင်ပုံများကို လေ့လာသိရှိထားရန်တို့ဖြစ်ကြောင်းသိရပြီး လိုက်နာမှုမရှိပါက ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မွန်ပြည်နယ်ရုံး ဖုန်း ၀၅၇-၂၄၆၄၃ သို့ မည်သူမဆိုတိုင်ကြားနိုင်ကြောင်း သိရသည်။ **(ဆက်နေမင်းအောင်)**

# ခွင့်ပြုချက်မရှိဘဲ ရေနံစိမ်းများ လက်ဝယ်ထားရှိမှု ဖမ်းဆီး

**မင်းဘူး အောက်တိုဘာ ၁၄**

မင်းဘူးမြို့နယ် ထောက်ရှာပင်ရေနံမြေတပ်စုမှူး ဒုတိယရဲအုပ်သန်းနိုင်လင်းနှင့်အဖွဲ့သည် အောက်တိုဘာ ၁၂ ရက် ညနေ ၅ နာရီက မင်းဘူးမြို့နယ် ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်ဖြင့် မုန်တောင်နယ်မြေရဲစခန်းမှူး ဒုတိယရဲအုပ်သန်းဇော်ထွန်းနှင့်ပူးပေါင်း၍ ဟန်ကြီး(ခ)ဟန်မျိုးလွင်(၃၅)နှစ် မင်းဘူးမြို့နယ် သီးကုန်းကျေးရွာနေသူ၏ နေအိမ်ခြံဝင်းအတွင်း ဝင်ရောက်ရှာဖွေရာ ၎င်းနေအိမ်ခြံ စည်းရိုးနှင့်ကပ်လျက် လျှိုနှင့် ၄ုက်ပျောတောအတွင်းမှ ရေနံစိမ်း စုစုပေါင်း ၄၅၈ ဂါလန်၊ ရေနံစိမ်းဝယ်ယူရာတွင် အသုံးပြုသောသက်သေခံပစ္စည်းများအား ရှာဖွေသိမ်းဆည်းရမိသဖြင့် ရေနံစိမ်းများကို ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားရှိသူ ဟန်မျိုးလွင်အား အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

ဥတုရာသီ
တောကိုမှီ၍

## ပြည်တွင်းရေးရာ

# ဖောင်ပျက်၍ ပင်လယ်၌ မျောပါနေသူ လေးဦးကို ဆယ်ယူစောင့်ရှောက်ထား

**ကျောက်တန်း အောက်တိုဘာ ၁၄**

အောက်တိုဘာ ၁၃ ရက် မွန်းလွဲ ၁၂ နာရီခွဲက ကျောက်တန်းမြို့နယ် တံတားမြို့အပိုင် တမံကြီးကုန်းကျေးရွာမှ ငါးဖမ်းစက်လှေတစ်စင်း ငါးဖမ်းထွက်စဉ် တမံကြီးကုန်းကျေးရွာ အပိုင် သဘော်ကြီးအောက်ပင်လယ် ပြင်တွင် မျောပါနေသော လူလေးဦး အားတွေ့ရှိ၍ ဆယ်ယူခဲ့ရကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ လပွတ္တာမြို့နယ် ရွှေဘေးရွာနေ ဟန်မင်းစိုး (၂၇)နှစ်၊ မောင်စိုးသက်(၂၄)နှစ် လယ်ပေါ် ရပ်ကွက်(၁၂)လမ်း အိမ်မဲမြို့၊ ဦးဝင်းညွန့်(၃၉)နှစ် လယ်ပေါ် ရပ်ကွက် (၁၂)လမ်း အိမ်မဲမြို့၊ ဦးဝင်းမင်း (၅၀)နှစ် အထက်ပိုင်း ရပ်ကွက် (၁၀)လမ်း အိမ်မဲမြို့နေ သူတို့သည် ပင်လယ်ပြင်တွင် ဖောင်ဖြင့် ကျားပိုက်ထောင်နေစဉ် သီတင်းကျွတ်လဆန်း ၁ ရက်က မုန်တိုင်းမိ၍ ဖောင်ပျက်ကာ ပင်လယ်ပြင်တွင် မျောပါနေခြင်းဖြစ်သည်။ ၎င်းတို့ လေးဦးအား တံတားမြို့ အထွေထွေ အုပ်ချုပ်ရေးမှူး ဦးရဲမင်းထွန်းနှင့် တံတားနယ်မြေစခန်းမှူး ရဲအုပ် ထွန်းထွန်းဝေတို့က စောင့်ရှောက်ထားပြီး ၎င်းတို့၏ မိဘဆွေမျိုးများနှင့် အဆက်အသွယ်ရရှိရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်ဆွေ (ရွှေတံတား)**



# ကျေးရွာစာကြည့်တိုက်များအတွက် SKY NET ရုပ်သံဖမ်းစက်များ ထောက်ပံ့ပေးအပ်

**စစ်ကိုင်း အောက်တိုဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေမှ ထောက်ပံ့ပေးအပ်သည့် ရုပ်မြင်သံကြားဖမ်းစက်နှင့် SKY NET ရုပ်သံဖမ်းစက်နှစ်စုံကို စစ်ကိုင်းမြို့ နုံးတွင်းကျေးရွာနှင့် တလိုင်းကွျန်းကျေးရွာ စာကြည့်တိုက်များအတွက် အောက်တိုဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးအစည်းအဝေးခန်းမ၌ ထောက်ပံ့ပေးအပ်ခဲ့သည်။

အခမ်းအနားတွင် စစ်ကိုင်းမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်ထက်က ယခု တာဝန်ခံထုတ်ယူသွားမည့် တာဝန်ခံများအနေဖြင့် မိမိတို့ ကျေးရွာသူ ကျေးရွာသားများ သတင်းအချက်အလက်နှင့် အသိပညာဗဟုသုတများ တိုးပွားစေရန်အတွက် ပေးအပ်သည့် ပစ္စည်းများဖြစ်၍ ကျေးရွာတွင် တတ်သိနားလည်သည့် ပညာရှင်များနှင့် ခေါ်ယူတပ်ဆင်ပြီး ပစ္စည်းများကို ရေရှည်တည်တံ့အောင် ပူးပေါင်းတာဝန်ခံထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး နုံးတွင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသောင်းအေးနှင့် တလိုင်းကျွန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းမောင်တို့ကို အပေါ်စက် SAMSUNG32 လက်မ LED တစ်လုံးစီကိုလည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးစန်းလွင်ဦးက SKY NET DTH စလောင်းနှင့်ဖမ်းစက်များကိုလည်းကောင်း လက်ဝယ်အရောက်ပေးအပ်ခဲ့သည်။

**မျိုးဝင်း(စစ်ကိုင်း)**

# လူ့အခွင့်အရေးအကြောင်းသိကောင်းစရာများ ရှင်းလင်းဆွေးနွေး

**ပဲခူး အောက်တိုဘာ ၁၄**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ လူ့အခွင့်အရေးအကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်က ပဲခူးမြို့ ရွှေဝါထွန်းဟိုတယ် ကမ္ဘောဇသာဒီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်က လူ့အခွင့်အရေးဆိုင်ရာ သိကောင်းစရာများကို အကျယ်တဝင့်ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပဲခူးခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများနှင့် ပြည်သူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ပဲခူးသား)**





**နေပြည်တော်မှ တောင်တွင်းကြီးဘက်သို့မောင်းနှင်လာသော (ကပရ)ယာဉ်တစ်စီး ကင်မွန်းတောင်ကြီးပိုင်းအနီး အောက်တိုဘာ ၉ ရက် နံနက် ၁၁ နာရီက ဘရိတ်ပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းပေါ်မှ တောင်ကြားချောက်ထဲသို့ ထိုးကျသွားသဖြင့် ပြန်လည်ဆယ်ယူမှုလုပ်ငန်းများလုပ်ဆောင်နေသည်ကို အောက်တိုဘာ ၁၃ ရက်က တွေ့ရစဉ်။**

(ရာမည)

UNIQUE STAR TRAVELS.
(၃) ဦးဝယ်လျှင် + (၁) ဦး အခမဲ့
တောင်ကြီး၊ အင်းလေး၊ ကလော Nov: 1,2,3 (220,000)
ပုဂံ–မန္တလေး၊ပြင်ဦးလွင် Nov: 2 (220,000)
ချောင်းသာ Daily (Hotel Max) (75,000) / ငွေဆောင် (80,000)
ပလီ Dailly ( Merciel Retreat & Resort) (280,000)
No. 70/A, Kabaaye Pagoda Rd, Kominkochin Ward, Bahan Tsp.
Ph: 860 4964-65-66, 708 353, 705 723, 09 7310 9133-44-55-66.

စီနီဝင်းနှင့်ရောင်းရင်းများမှ
တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော်သို့ Nov 4 ထွက်မည်
▲ တောင်ကြီး၊ ပင်းတယ၊ ကံ့လုံ၊ မွေတော်ကက္ကူ၊ ထမ့်စမ်းလိုဏ်ဂူ သောကြာနေ့တိုင်း
▲ ပုပ္ပါး၊ ပုဂံ(ရွှေစည်းခုံ)၊ ပခုက္ကူ၊ စလေ ▲ ပုပ္ပါး၊ ပုဂံ(ရွှေစည်းခုံ)၊ မန္တလေး၊ ပြင်ဦးလွင် ▲ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ ▲ မူဆယ်၊ ရွှေလီ
▲ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန် ▲ ကျိုက္ကမီ၊ စက်စဲ၊ မော်လမြိုင် ဘုရားစုံ
▲ ပြည် အကောက်တောင် လမ်းဘုရားစုံ ▲ မဲလဲဆံတော်ရှင်၊ ကျိုက်ပိရဟန္တာ (စနေ)
▲ ဝလွန်ပြည်တော်ပြန် (တနင်္ဂနွေ) ▲ ကျိုက်ထီးရိုး / ချောင်းသာ (နေ့စဉ်)
၂၂၉၊ ပန်းဆိုးတန်းလမ်း(အပေါ်လမ်း) 249871, 255553, 389611, 09-5137245

## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက် (ရန်ကုန်) ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှရရှိသော ဘေးထွက်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစနစ်တို့၏ အသေးစိတ်အချက်အလက်များကို ၁၅-၁၀-၂၀၁၄ ရက်မှ ၂၁-၁၀-၂၀၁၄ ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၀၀ နာရီအတွင်း အောက်ပါ လိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၂-၁၀-၂၀၁၄ ရက် ၁၃း၀၀ နာရီမှ ၁၅း၀၀ နာရီအတွင်း ကြေးမုံသတင်းစာတိုက် အမှတ်-၇၇၊ ၅၂-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်သို့ လာရောက်ပေးပို့ပါရန် ဖြစ်ပါသည်။ သတ်မှတ်ချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အဆိုပါဘေးထွက်ပစ္စည်းအမျိုးအမည်၊ အရေအတွက်နှင့် ပစ္စည်းမျက်မြင်အခြေအနေအား ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကြေးမုံသတင်းစာတိုက် (ရန်ကုန်)သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၁-၈၆၁၀၆၈၅၊ ၀၁-၂၉၂၈၃၀၊ ၀၁-၂၉၁၄၅၄ တို့ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ကြေးမုံသတင်းစာတိုက်
အမှတ်-၇၇၊ ၅၂ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်း ဆောင်ရွက်ပြီး နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်ရေးအတွက် ရည်ရွယ်ထုတ်ဝေတဲ့
Myanmar B2B Management Magazine
▸ လူမှုတာဝန်သိသောစီးပွားရေးလုပ်ငန်းရှင်
▸ ခေတ်သစ်စားသုံးသူများနှင့် လက်လီဈေးကွက်တော်လှန်ရေး (Special Report)
▸ ဦးတေဇကိုစောင့်ကြည့်ခြင်း
▸ အမှတ်တံဆိပ်နာမည်တစ်လုံး၏ဖြစ်စဉ်အချို့
▸ သစ်ဓေ့ခုနစ်ဓေ့ရဲ့လျှို့ဝှက်ချက်
▸ အမှားသရုပ်ပြ
▸ ပြတင်းပေါက်ကိုဖွင့်ကြည့်ပါ
▸ စတော့ဈေးကွက်အားထိန်းကျောင်းမည့်အက်စ်အီးစီ
▸ မြဝတီမြို့စက်မှုလက်မှုလုပ်ငန်းရှင်တစ်ဦးနှင့်တွေ့ဆုံခြင်း
▸ ပါမောက္ခဒေါက်တာအောင်ထွန်းသက်ဦးဆောင်ဆွေးနွေးထားသည့် ဈေးကွက်စိန်ခေါ်မှုနှင့်ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းများ၏အနာဂတ်စကားဝိုင်း
▸ စီးပွားရေးလုပ်ငန်းများအတွက် ထိပ်တန်း Google Apps ၁၀ ခု စသည့် ဖတ်စရာမှတ်စရာအစုံအလင်ဖြင့်
အောက်တိုဘာလထုတ် ထွက်ပြီ









ကြော်ငြာထည့်သွင်းလိုပါက – 09 4200 333 55, 42100 7005 ... 09 4200 333 55 ~ 77 (Hot Line)

Asia Top 0943164118,09421099574,0949764458
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ့်စမ်း 65000 တောင်ကြီး မီးပုံးပျံပွဲ
▲ ပုဂံ (ရွှေစည်းခုံ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ 60000
▲ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ (လယ်းဘုရားစုံ) 65000
▲ မဲလဲဆံတော်ရှင်ဘုရားဖူးခရီးစဉ် ▲ ပြည်ဘုရားစုံနှင့် ထုံးဘိုအကောက်တောင် ▲ ဝလွန် (နေ့ချင်းပြန်)
ကျိုက်ထီးရိုး (နေ့စဉ်) / ချောင်းသာ (နေ့စဉ်) Guest Package စီစဉ်ပေးသည် ကားစီးလုံးငှားစီစဉ်ပေးသည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်များ၏ ၂၀၁၅ ပညာသင်နှစ်အတွက် အောက်ပါလုပ်ငန်းများ လုပ်ဆောင်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က) ပို့ချချက်စာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း
(ခ) လေ့လာမှုလမ်းညွှန်စာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း
(ဂ) စာစဉ်မေးခွန်းများနှင့် အဖြေလွှာစာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း
(ဃ) သင်ခန်းစာပို့ချချက် ဒီဗွီဒီချပ်များ ကူးယူ၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း

၂။ ဈေးနှုန်းလွှာတင်သွင်းရန်အတွက် လျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ၁၅-၁၀-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့)မှစ၍ တစ်စုံလျှင် ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) နှုန်းဖြင့် အောက်ပါလိပ်စာ၌ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း ဝယ်ယူတင်သွင်းနိုင်ပါသည်။

**ပါမောက္ခချုပ်ရုံးခန်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ်**
**အမှတ်-၄၇(က)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**

၃။ ဈေးနှုန်းလွှာများကို ၂၄-၁၀-၂၀၁၄ ရက် (သောကြာနေ့) ညနေ ၄း၃၀ နာရီထက်နောက်မကျစေဘဲ အထက်ပါလိပ်စာရှိ တင်ဒါပုံးတွင် မှတ်ပုံတင်စာရင်းသွင်းပြီး တင်သွင်းရမည်။

၄။ ဈေးနှုန်းလွှာနှင့်အတူ တင်သွင်းမည့်နမူနာများကို လုံခြုံစွာထုပ်ပိုး၍ ပြည့်စုံစွာတင်ပြရမည်။

၅။ ထုတ်ဝေမည့် နမူနာများကို အောက်ဖော်ပြပါနေရာများတွင် ကြည့်ရှုနိုင်သည်။

(က) ရန်ကုန်အဝေးသင်တက္ကသိုလ်
(ခ) မန္တလေးအဝေးသင်တက္ကသိုလ်

၆။ အသေးစိတ်သိရှိလိုသောအချက်များကို အထက်ဖော်ပြပါ လိပ်စာတွင်လည်းကောင်း၊ ဖုန်းနံပါတ်-၀၁-၅၃၆၅၅၅၊ ၀၁-၅၃၅၀၇၃၊ ၀၁-၅၂၅၁၃၈၊ ၀၂-၆၂၁၇၀၊ ၀၂-၆၀၅၄၄ နှင့် ၀၂-၆၂၄၁၀ သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အဝေးသင်တက္ကသိုလ်များ၏ စာအုပ်များနှင့်သင်ခန်းစာပို့ချချက် ဒီဗွီဒီချပ်များ ထုတ်လုပ်ရေးလုပ်ငန်းကော်မတီ**




# ဂျပန်ဂီတလောကသို့ ထိုးဖောက်ရန်ပြင်ဆင်နေသည့်

## Crayon Pop

Bar Bar Bar သီချင်းဖြင့် ကေပေါ့ပ်လောကအတွင်း လျင်မြန်စွာ အောင်မြင်မှုများဆွတ်ခူးနိုင်ခဲ့သူ တောင်ကိုရီးယား အမျိုးသမီးတေးဂီတအဖွဲ့ Crayon Pop အနေဖြင့် ဂျပန်ဂီတကုမ္ပဏီတစ်ခုဖြစ်သည့် Pony Crayon နှင့် စာချုပ်များချုပ်ဆိုကာ လာမည့်နှစ်ဦးပိုင်းတွင် ဂျပန်နိုင်ငံ၌ ဂီတလှုပ်ရှားမှုများ တရားဝင်စတင်သွားမည်ဖြစ်ကြောင်း ၎င်း၏အေဂျင်စီ ခရမ်းအင်န်တာတိန်းမန့်မှ သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် အဖွဲ့အနေဖြင့် ဂျပန်နိုင်ငံ၌ ဂီတလှုပ်ရှားမှုများ မစတင်မီ တောင်ကိုရီးယားပရိသတ်အတွက် EP အယ်လ်ဘမ်တစ်ခုကို လာမည့်နိုဝင်ဘာ ၁၉ ရက်တွင် ဖြန့်ချိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Crayon Pop အဖွဲ့နှင့် စာချုပ်ချုပ်ဆိုထားသော Pony Crayon သည် ဂျပန်နိုင်ငံ၏အကြီးဆုံးသော ဂီတထုတ်လုပ်ရေးဆိုင်ရာကုမ္ပဏီတစ်ခုဖြစ်ပြီး ကိုရီးယားကြယ်ပွင့်များစွာကို မွေးထုတ်ပေးလျက်ရှိသည့် ကုမ္ပဏီတစ်ခုလည်း ဖြစ်သည်။

မျိုးစန္ဒာမောင်
စုစည်းသည်

ဖတ်စရာမှတ်စရာ | သန်းပင်ချမ်း(Env Eng)

# ကောင်းမွေဆိုးမွေဖြစ်စေတတ်သည့် မျက်နှာအမူအရာ

လူတွေဟာ ကွဲပြားခြားနားတဲ့ မျက်နှာကို အသီးသီးပိုင်ဆိုင်ထားလျက်ရှိကြပါတယ်။ ကြင်နာလှပတင့်တယ်တဲ့ မျက်နှာကို ပိုင်ဆိုင်ထားတဲ့ လူတွေရှိသလို စိတ်မသက်မသာဖြစ်စေကာ ကြောက်စရာကောင်းတဲ့ မျက်နှာကို ပိုင်ဆိုင်ထားတဲ့ လူတွေလည်း ရှိပါတယ်။

ကျွန်တော်တို့လူသားတွေဆီမှာ ရရှိထားတဲ့ မျက်နှာနဲ့ ပတ်သက်ပြီး မိမိနှစ်သက်တဲ့ပုံစံကို ရွေးချယ်တဲ့ အခွင့်အရေးကတော့ မရှိတော့ပါဘူး။ မျက်နှာပုံသဏ္ဌာန်ကတော့ မွေးကတည်းက မိဘတွေဆီကနေ လက်ဆောင်အဖြစ် ရရှိထားတဲ့အရာ ဖြစ်ပါတယ်။ ဒါ့အပြင် ခန္ဓာကိုယ်အချိုးအစားတွေကလည်း မျက်နှာသွင်ပြင် ပုံသဏ္ဌာန်နည်းတူ ရေးကုသိုလ်ရဲ့ အကျိုးဆက်ကြောင့်ပင် ဖြစ်ပါတယ်။ ဘယ်သူပဲဖြစ်ဖြစ် ကြည်လင်တောက်ပပြီး လှပတဲ့မျက်နှာကို ပိုင်ဆိုင်ချင်ကြပါတယ်။ မွဲခြောက်ပြီး အကျည်းတန်တဲ့ မျက်နှာကို ရယူပိုင်ဆိုင်ချင်တဲ့ သူဆိုလို့ ဒီကမ္ဘာပေါ်မှာ တစ်ယောက်မှရှိမည် မဟုတ်ပါ။ တော့စတွိုင်းရဲ့ ဝတ္ထုကို ဖတ်ကြည့်လိုက်လို့ရှိရင် ဆယ်ကျော်သက်အရွယ်က သူ့ရဲ့ပြားပြီးပွတဲ့ နှာခေါင်းကတော့ အမြင်မတင့်တယ်စေသလို လောကကြီးကို အမြင်စောင်းကာ အဆိုးဘက်ကနေမြင်ဖို့ ဖြစ်လာတယ်လို့ ဖော်ပြထားပါတယ်။ အထူးသဖြင့် ဆယ်ကျော်သက်အရွယ်မှာ ပုံပန်းသဏ္ဌာန်လှခြင်း၊ မလှခြင်းနဲ့ ပတ်သက်ပြီး အထူးတလည် စိတ်ဝင်စားကြပါတယ်။ ယင်းကိစ္စကတော့ ဆယ်ကျော်သက်မိန်းကလေးဖြစ်လေလေ ပို၍အဖြစ်များလေလေ ဖြစ်ပါတယ်။

ဒါပေမယ့် ဒီလို မွဲခြောက်ပြီး အမြင်မတင့်တယ်တဲ့ မျက်နှာ၊ လှပတင့်တယ်တဲ့ မျက်နှာတွေကတော့ တစ်သမတ်တည်း မပြောင်းလဲဘဲ ရှိနေခြင်းမျိုး မဟုတ်ပါ။ အနည်းငယ်စီ မသိမသာ ဆက်တိုက်ပြောင်းလဲနေပါတယ်။ ပြောင်းလဲခြင်းပေါ် မူတည်ပြီး ကျွန်တော်တို့မျက်နှာရဲ့ ပင်ကိုရုပ်ရည်ကတော့ မွေးဖွားလာကတည်းကစပြီး ကံကြမ္မာရဲ့အဆုံးအဖြတ်ပေါ် လိုက်ပြီး ဖြစ်တည်လာပေမယ့် ရိုးသားမှန်ကန်တဲ့ ကြိုးစားခြင်းနဲ့ ဝီရိယတို့ကိုလိုက်ပြီး ကျွန်တော်တို့တစ်တွေရဲ့မျက်နှာသွင်ပြင်ဟာ တစ်ခုတည်းသော အတိုင်းအတာအတွင်းမှာ ပြောင်းလဲပစ်နိုင်မယ်လို့ ယုံကြည်ပါတယ်။ လှပကြည်လင်တဲ့ မျက်နှာကို ပိုင်ဆိုင်ချင်ရင်တော့ မိမိပြုလုပ်သည့် ကောင်းမွေဆိုးမွေကို လက်ခံတတ်စေဖို့ တာဝန်သိ၊ တာဝန်ယူတတ်သည့် စိတ်နဲ့ စိတ်အားထက်သန်စွာနဲ့ အားသွန်ခွန်စိုက်ပြုလုပ်ပါက ကိုယ်တိုင်မသိတဲ့ အတိုင်းအတာအတွင်းမှာပဲ မျက်နှာပြောင်းလဲလာတဲ့ နည်းလမ်းဖြစ်ပါတယ်။ အသေချာဆုံးကတော့ တစ်လနှစ်လလောက် အားသွန်ခွန်စိုက် လုပ်ရုံနဲ့ ဖြစ်ပေါ်ပြောင်းလဲလာမယ့် အရာမျိုး မဟုတ်ပါဘူး။ အနည်းဆုံး ၁၀နှစ်လောက် စိတ်အားထက်သန်စွာနဲ့ အားသွန်ခွန်စိုက်ပြုလုပ်ပါက သိသိသာသာ ရှင်းရှင်းလင်းလင်း ပြောင်းလဲလာပါမယ်။ မြင့်မြတ်တဲ့ ပန်းတိုင်ကို စစ်မှန် မှန်ကန်စွာရရှိဖို့အတွက် အချိန်အကြာကြီး အားသွန်ခွန်စိုက် ကြိုးစားခဲ့သူတွေရဲ့ မျက်နှာမှာတော့ ဂုဏ်သိက္ခာ၊ ကျက်သရေတွေနဲ့ တင့်တယ်လို့လာပါတယ်။ ဒီဂုဏ်သိက္ခာ၊ ကျက်သရေတွေကတော့ လူ့ရဲ့ ကိုယ်အတွင်းမှ ထွက်ပေါ်လာတဲ့ ကိုယ်ရောင်ကိုယ်ဝါတွေဖြစ်ပါတယ်။ ထူးချွန်ထက်မြက်တဲ့ အနုပညာရှင်၊ ပညာရှင်၊ သာသနာပြု ပုဂ္ဂိုလ်တွေရဲ့ မျက်နှာမှာတော့ တောက်ပတဲ့ ကိုယ်ရောင်ကိုယ်ဝါရှိပြီး လူသားတွေကို လွှမ်းမိုးနိုင်စွမ်းရှိပါတယ်။ ပဒုမ္မာကြာမှ ထွက်ပေါ်လာတဲ့ မွှေးကြိုင်သင်းပျံ့တဲ့ ရနံ့နဲ့တူပါတယ်။ ဘယ်လောက်ပဲ သူတို့ရဲ့မျက်နှာကို ဘယ်လိုပဲ ဝှက်ဝှက်၊ ဘယ်လိုပဲ ဖုံးအုပ်ဖုံးအုပ် လုပ်လို့မရပါ။

လင်ကွန်းက ဒီလိုပြောဖူးခဲ့ပါတယ်။ လူတွေက အသက် (၄၀) ရောက်လာရင် ကိုယ့်မျက်နှာနဲ့ပတ်သက်ပြီး တာဝန်ယူရပါမယ်လို့ ပြောပါတယ်။ လေးလေးနက်နက် တွေးတောစဉ်းစားကြည့်ရင် တကယ့်ကို လေးနက်တဲ့ စကားဖြစ်ပါတယ်။ ကိုယ့်ဘဝကို တာဝန်မဲ့စွာနေထိုင်သွားတဲ့ သူတွေရဲ့ မျက်နှာမှာတော့ ဘယ်နေရာမှာမဆို တာဝန်မဲ့တဲ့ ပုံရိပ်တွေ ပေါ်ပေါက်နေပါတယ်။ တာဝန်သိတတ်စွာ နေထိုင်ဖို့ကြိုးစားသူမှာတော့ တာဝန်သိတတ်တဲ့ ပုံရိပ်တွေက မျက်နှာမှာ အထင်းသားပေါ်နေပါတယ်။ သေချာတာကတော့ အစကတည်းက ဖြစ်ပေါ်တည်ရှိနေတဲ့ ပုံရိပ်များမဟုတ်ပါဘူး။ ကုန်ဆုံးသွားတဲ့အချိန်တွေကြားမှာ တာဝန်ယူစိတ်ရှိခြင်း၊ မရှိခြင်းပေါ် လိုက်ကာ ပြောင်းလဲလာခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ တစ်တွေလည်း မှန်ကို တစ်ကြိမ်လောက်ကြည့်ရင်း အခုလက်ရှိ ဘယ်လိုနေထိုင်လာခဲ့တယ် ရှေ့လျှောက် ဘယ်လိုနေထိုင်သွားမယ်ဆိုတာကို တစ်ကြိမ်လောက် လေးလေးနက်နက်စဉ်းစားကြည့်ပါလို့ အကြံပြုပါရစေ။ ။




### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၆၁၄/ခ)၊ မြေကွက်တည်နေရာအမှတ်(၆၁၄/ခ)၊ ဇာနည်(၁၂)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဒေါ်သန်းအိ)အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် မိခင်(ဒေါ်သန်းအိ) ဖခင်(ဦးအေးကြွယ်)တို့ ကွယ်လွန်သဖြင့် ဒေါ်ခင်မာကြွယ်[၁၂/ဥကတ(နိုင်)၀၂၅၅၄၅]၊ ဦးနေလင်းကြွယ်[၁၂/ဥကတ(နိုင်)၀၂၉၄၉၅] တို့က သား/သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများ ဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ





# PWP POWER WING PILE CO.,LTD.

လူကြီးမင်းတို့၏ အထပ်မြင့်၊ အဆင့်မြင့် Condo တိုက်များ၊ ဟိုတယ်များ၊ စက်ရုံအလုပ်ရုံများ Foundation ခိုင်ခံ့မှုရှိစေရန်အတွက် မြန်မာအမျိုးသားပိုင် ကုမ္ပဏီဖြစ်သော Power Wing Pile Co.,Ltd. မှ အရည်အသွေး ပြည့်မီသော ကွန်ကရစ်ပိုင်ချောင်းများအားစံချိန်၊စံညွှန်းနှင့်အညီ ကောင်းမွန်သန့်ရှင်းသောရေ၊ အရည်အသွေးပြည့်သော Original သံချောင်း၊ သတ်မှတ်သည့် Grade ကိုရရှိသော ခေတ်မီဘိလပ်မြေဖျော်စက်၊ အမိုးအကာအောက်တွင်ကွန်ကရစ်ပိုင်ချောင်းများ ထုတ်လုပ်သည့်စက်ရုံ (၂)ရုံမှ ထုတ်လုပ်ခြင်းနှင့် ရောင်းချပေးခြင်း၊ ကျွမ်းကျင်သော အင်ဂျင်နီယာ၊ ပညာရှင်များမှ ခေတ်မီစက်အသစ်များဖြစ်သော (320 Ton၊ 260 Ton၊ 180 Ton၊ 120 Ton၊ 100 Ton၊ 80 Ton) စက်ကြီးများဖြင့် Pile Foundation & Load Test တို့အား လုပ်ငန်းအပ်နှံသူများနှင့် ညှိနှိုင်းကတိစာချုပ်အတိုင်း လူကြီးမင်းတို့စိတ်တိုင်းကျ ကျေနပ်မှုရှိစေရန်အတွက် မှန်မှန် ကန်ကန်၊ တိတိကျကျဖြင့် တာဝန်ယူ ဆောင်ရွက်ပေးနေပါသည်။



ဆက်သွယ်ရန် (ရုံး) - အမှတ်(၂၀/၂၂)၊ ရှင်စောပုလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 01-2304709, 01-510184, 09-43155652, 09-5015028
Fax : 01-510543 Email : powerwingpile@gmail.com
(စက်ရုံ ၁) - အမှတ်(၃၁၄)၊ ဂန္ဓမာလမ်း၊ ဉာဏရပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 09-420254214, 09-420006689
(စက်ရုံ ၂) - အမှတ်(၃၇၈)၊ ဂန္ဓမာလမ်း၊ ဉာဏရပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 09-31229727
(သိုလှောင်ရုံ) - အမှတ် (၄၁၀ ဘီ/ ၇၅ က)၊ စကားဝါလမ်း၊ ပုလဲအိမ်ရာ၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 09-420006689, 09-31229727

**အားကစား**

# ခီဒီယာအားခေါ်ယူရန် ချယ်လ်ဆီးစိတ်ဝင်စား



အင်္ဂလန်ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းသည် လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း အသင်း၏တိုက်စစ်ကို အားဖြည့်ရန်အတွက် ရီးယဲလ်မက်ဒရစ်အသင်း၏ ဂျာမနီကွင်းလယ်ကစားသမား ခီဒီယာအားခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းမှာ လာမည့် ဇန်နဝါရီကာလအတွင်း ထိပ်တန်းအဆင့်ရှိ အရည်အသွေးမြင့်ကစားသမားတစ်ဦးကိုခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်ပြီး ရီးယဲလ်အသင်းနှင့် လမ်းခွဲရန်နီးစပ်နေသည့် ခီဒီယာအား စောင့်ကြည့်လာခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ခီဒီယာမှာလည်း ရီးယဲလ်အသင်းမှ ထွက်ခွာရန်ဆန္ဒရှိနေပြီး ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ရန် စီစဉ်နေကြောင်း သတင်းများထွက်ပေါ်နေသလို ၎င်းအားချယ်လ်ဆီးအသင်းအပြင် အာဆင်နယ်၊ မန်ယူစသည့်အသင်းများကပါ ခေါ်ယူရန်ပစ်မှတ်ထားနေခြင်းဖြစ်သည်။ ခီဒီယာမှာ ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလကတည်းက ရီးယဲလ်အသင်းမှ ထွက်ခွာရန်ရေပန်းစားနေခြင်းဖြစ်ပြီး ၎င်းအား အာဆင်နယ်အသင်းက ခေါ်ယူရန်ကြိုးပမ်းခဲ့သော်လည်း လစာကိစ္စအဆင်မပြေသဖြင့် မအောင်မြင်ခဲ့ပေ။ ထို့ကြောင့် အာဆင်နယ်အသင်းမှာ လာမည့်ဇန်နဝါရီအပြောင်းအရွှေ့အတွင်း ခီဒီယာအားပြန်လည်ကြိုးပမ်းရန် စောင့်ကြည့်နေသော်လည်း ချယ်လ်ဆီးအသင်းက ကြားဖြတ်ခေါ်ယူရန် စီစဉ်နေခြင်းဖြစ်ပြီး ယူရို ၂၅ သန်းခန့်ဖြင့် ရီးယဲလ်အသင်းထံတရားဝင်ကမ်းလှမ်းသွားဖွယ်ရှိကြောင်းနှင့် ဇန်နဝါရီကာလတွင် အသင်းသို့ အရောက်ခေါ်ယူသွားရန် နီးစပ်နေကြောင်း သိရသည်။

[ကိုရဲ]

# ကစားသမားသစ်များ ထပ်မံခေါ်ယူရန် မန်ယူလိုအပ်ဟု ဖာဂူဆန်ပြောကြား

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်များ ထပ်မံခေါ်ယူရန် လိုအပ်နေကြောင်း မန်ယူအသင်း ဂန္ထဝင်နည်းပြဟောင်းဖြစ်သူ ဖာဂူဆန်က ပြောကြားခဲ့သည်။

ဖာဂူဆန်သည် မန်ယူအသင်းအား ၂၆ နှစ်ကြာကိုင်တွယ်ခဲ့ရာတွင် ဆုဖလား ၃၈ လုံးအထိ ရယူဆွတ်ခူးပေးနိုင်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် မန်ယူအသင်းနည်းပြအဖြစ်မှ အနားယူခဲ့ရာ တစ်နိုင်ငံတည်းသားဖြစ်သူ ဒေးဗစ်မိုယက်စ်အား မန်ယူအသင်းနည်းပြအဖြစ် တာဝန်လွှဲပြောင်းပေးခဲ့သည်။ သို့ရာတွင် ဒေးဗစ်မိုယက်စ်သည် မန်ယူအသင်းအား ဆိုးရွားသောရလဒ်များသာ ဆောင်ကြဉ်းပေးနိုင်ခဲ့သဖြင့် ဧပြီလအတွင်းက ဒေးဗစ်မိုယက်စ်အား ထုတ်ပယ်ကာ ဗန်ဟားလ်အား နည်းပြအဖြစ် ခန့်အပ်ခဲ့သည်။

ဗန်ဟားလ်အနေဖြင့် မန်ယူကို စတင်ကိုင်တွယ်ခဲ့ရာတွင် ရီးယဲလ်မက်ဒရစ်အသင်းမှ တိုက်စစ်မှူး ဒီမာရီယာအား ဗြိတိသျှစံချိန်တင်ပြောင်းရွှေ့ကြေးပေါင် ၅၉ ဒသမ ၇ သန်းဖြင့်လည်းကောင်း၊ မိုနာကိုအသင်းမှ တိုက်စစ်မှူးဖယ်လ်ကာအိုအား ပေါင် ၄၃ ဒသမ ၅ သန်းဖြင့် အပြီးသတ်ခေါ်ယူနိုင်မည့် အခွင့်အရေးတစ်ရပ်နှင့်အတူ တစ်ရာသီစာ အငှားစာချုပ်ပေါင်ခြောက်သန်းဖြင့် လည်းကောင်း၊ ဘီဘာအိုအသင်းမှ ဟာရဲရားအား ပေါင် ၂၉ သန်းဖြင့်လည်းကောင်း၊ ဆောက်သမ်တန်အသင်းမှ လုခ်ရှောအား ပေါင် ၂၇ သန်းဖြင့်လည်းကောင်း၊ စပို့တင်း လစ္စဘွန်းအသင်းမှ ရိုဂျိုအား ပေါင် ၁၆ သန်းဖြင့်လည်းကောင်း၊ အိုင်းယက်စ်အသင်းမှ ဘလိုင်းအား ပေါင် ၁၃ သန်းဖြင့် လည်းကောင်း စုစုပေါင်း ပြောင်းရွှေ့ကြေး ပေါင်သန်း ၁၅၀ အကုန်အကျခံကာ ခေါ်ယူကာ အားဖြည့်ခဲ့သော်လည်း ရာသီအစတွင် လီဆက်စတာ၊ ဆွမ်ဆီးနှင့် MKဒွန်းတို့အား ရှုံးနိမ့်ခဲ့ခြင်းကြောင့် ဝေဖန်မှုများခံခဲ့ရသည်။

လက်ရှိတွင် ပရီမီယာလိဂ် ခုနစ်ပွဲကစားအပြီးတွင် ရမှတ် ၁၁ မှတ်နှင့်အတူ အမှတ်ပေးဇယား၏ အဆင့်(၄) နေရာတွင် ရပ်တည်နေသော်လည်း ဖာဂူဆန်ကမူ နည်းပြဗန်ဟားလ်လက်ထက်တွင် မန်ယူအသင်း အောင်မြင်မှုရယူလိုပါက လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်များ ထပ်မံခေါ်ယူရန် လိုအပ်လိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

[ငွေကြယ်]

# စပိန်လာလီဂါရင်ခုန်သံ (၈)

**စပိန်လာလီဂါပွဲစဉ်(၈)ကို အောက်တိုဘာ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်တွေမှာ ကျင်းပသွားဖို့ရှိတယ်။ ဒီပွဲမတိုင်ခင်မှာ နိုင်ငံတကာပွဲတွေ ကစားခဲ့ရပြီး ဒီပွဲစဉ်အပြီးမှာလည်း ချန်ပီယံလိဂ်နဲ့ ယူရိုပါလိဂ်ပြိုင်ပွဲတွေလည်း ကစားရဖို့ရှိတယ်။ ဒါကြောင့်အသင်းတွေအနေနဲ့ ခြေချိန်ကစားရမှုတွေ ပွဲပန်းမှုတွေရှိနေနိုင်တာကို သတိပြုအားပေးရမယ်။**

**ဂရန်နာဒါ-ဗယ်လီကာနို** နံနက် ၁း၃၀ (၁၈-၁၀-၁၄)

ဂရန်နာဒါက အခုနောက်ပိုင်း ကစားပုံအားကောင်းတယ်လို့ မဆိုနိုင်ဘူး။ နောက်ဆုံးကစားခဲ့တဲ့သုံးပွဲမှာ သုံးပွဲစလုံးရှုံးတယ်။ အဲဒီသုံးပွဲမှာ တိုက်စစ်ကတစ်ဂိုးပဲရတယ်။ စုစုပေါင်း ခုနစ်ပွဲကစားပြီးချိန်မှာလည်း တိုက်စစ်ကငါးဂိုးပဲသွင်းနိုင်တယ်။ ဒါကြောင့် အိမ်ကွင်းဖြစ်ပေမယ့် ဂရန်နာဒါတို့ ဗယ်လီကာနိုကို အသာရဖို့ခက်တာ သတိပြုရမယ်။

**လီဗန်တေး-ရီးယဲလ်** ည ၇း၃၀(၁၈-၁၀-၁၄)

လီဗန်တေးခြေက အားနည်းမှုတွေများတယ်။ နောက်ဆုံးငါးပွဲမှာ တစ်ပွဲပဲနိုင်တယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းက လေးဂိုးသာသွင်းနိုင်သေးတယ်။ ဒီခြေစွမ်းမျိုးနဲ့ ရီးယဲလ်ကို လီဗန်တေးအန်တုနိုင်ပါ့မလား။ သတိပြုစရာရှိတာက ရီးယဲလ်ဟာ ချန်ပီယံလိဂ်ရှိတယ်။ လက်ရွေးစင်ကစားသမားတွေ ပွဲပန်းနေတယ်။ ဒီတော့ ရီးယဲလ်ရဲ့အနိုင်ကို ချင့်ချိန်ရမယ်။

**ဘီဘာအို-ဆယ်တာဗီဂို** ည ၁၀း၃၀(၁၈-၁၀-၁၄)

ဘီဘာအိုခြေ ဒီရာသီမှာ အားနည်းလွန်းတယ်။ နောက်ဆုံးငါးပွဲမှာ တစ်ပွဲမှမနိုင်သေးဘူး။ လေးပွဲရှုံးတယ်။ အဲဒီရှုံးတဲ့လေးပွဲမှာ တိုက်စစ်က တစ်ဂိုးပဲရတယ်။ ဆယ်တာဗီဂိုက ကစားပုံမဆိုးဘူးလို့ ပြောရင်တော့ရတယ်။ ခုနစ်ပွဲမှာ တစ်ပွဲတည်းရှုံးသေးတယ်။ တိုက်စစ်က ဂိုးသွင်းအားကောင်းတယ်။ ဘီဘာအိုကွင်းဖြစ်ပေမယ့်ချင့်ချိန်ရမယ်။

**ဘာစီလိုနာ-အီဘား** နံနက် ၀၀း၃၀(၁၉-၁၀-၁၄)

အီဘားမှာ ဘာစီလိုနာကို အန်တုနိုင်တဲ့ ခြေစွမ်းမျိုးရှိရဲ့လား။ အီဘားက နောက်ဆုံးလေးပွဲဆက်မရှုံးတာ မှန်တယ်။ ဒါပေမယ့် အဲဒီလေးပွဲမှာ သုံးပွဲသရေကျတယ်။ တိုက်စစ်က ရှစ်ဂိုးသွင်းနိုင်ပေမယ့် ခံစစ်က ခုနစ် ဂိုးပြန်ပေးထားရတယ်။ ဘာစီလိုနာက ပွဲပန်းမှုနဲ့ ခြေချိန်ကစားရမှုတွေရှိပေမယ့် အိမ်ကွင်းဖြစ်တာနဲ့ပါ ထည့်တွက်ရမယ်။

**ကော်ဒိုဘာ-မာလာဂါ** နံနက် ၂း၃၀(၁၉-၁၀-၁၄)

ကော်ဒိုဘာက အခုအထိနိုင်ပွဲမရသေးဘူး။ တိုက်စစ်က တစ်ပွဲတစ်ဂိုးရဖို့တောင် အတော်လေးရုန်းကန်နေရတယ်။ သတိပြုရမှာက မာလာဂါရဲ့အနေအထားပဲ။ မာလာဂါက ကစားပုံအရ ကော်ဒိုဘာထက် ကောင်းတာမှန်ပေမယ့် တိုက်စစ်ပိုင်းက အားနည်းလွန်းတယ်။ အဝေးကွင်းကစားပုံ မငြိမ်တတ်တာနဲ့ပါ ချင့်ချိန်ရမယ်။

**အက်သလက်-အက်စ်ပန်ညို** ညနေ ၄း၃၀(၁၉-၁၀-၁၄)

ဗလန်စီယာကို ရှုံးနိမ့်ခဲ့မှုကြောင့် အက်သလက်တီကို နိုင်ပွဲပြန်ရှာမှာသေချာတယ်။ သတိပြုရမှာက အက်သလက်တီကိုရဲ့ ဖိအားကို အက်စပန်ညိုဘယ်လောက်တောင့်ခံနိုင်မလဲဆိုတာပဲ။ အက်စ်ပန်ညိုက နောက်ဆုံးလေးပွဲမှာ အရှုံးမရှိဘူး။ ဒါပေမယ့် အဝေးကွင်းမှာ နိုင်ပွဲမရှိဘဲ တိုက်စစ်က နှစ်ဂိုးသာရထားတာနဲ့ချင့်ချိန်ရမယ်။

**ဒီပို့တီဗို - ဗလန်စီယာ** ည ၉း၃၀ (၁၉-၁၀-၁၄)

ဗလန်စီယာရဲ့ လက်ရှိတည်ငြိမ်တဲ့ခြေစွမ်းကို ဒီပို့တီဗိုတောင့်ခံနိုင်ပါ့မလား။ ခုနစ်ပွဲမှာ အရှုံးမရှိဘူး။ ၁၇ ဂိုးသွင်းထားတဲ့တိုက်စစ်နဲ့ လေးဂိုးသာပြန်ပေးထားရတဲ့ ခံစစ်တွေက တည်ငြိမ်မှုရှိလွန်းတယ်။ ဒီပို့တီဗိုက လေးပွဲဆက်အရှုံးနဲ့ ဇယားအောက်ဆုံးရောက်နေတယ်။ အဝေးကွင်းဆိုတာက ဗလန်စီယာအတွက် အဟန့်အတားမဟုတ်နိုင်ဘူး။

**အဲလ်ချီ - ဆီဗီးလ်** ည ၁၁း၃၀ (၁၉-၁၀-၁၄)

အဲလ်ချီက လေးပွဲဆက်တိုက်အနိုင်ပျောက်တယ်။ အဲဒီလေးပွဲမှာ သုံးပွဲရှုံးခဲ့တယ်။ ရှုံးတဲ့သုံးပွဲမှာ တစ်ပွဲပဲ ဂိုးရတယ်။ ဆီဗီးလ်က နောက်ဆုံးငါးပွဲမှာ လေးပွဲအထိ နိုင်တယ်။ တိုက်စစ်က ဂိုးသွင်းခြေအပြည့်ရှိတယ်။ အဝေးကွင်းခြေအနည်းငယ်မတည်ငြိမ်တတ်ပေမယ့် အဲလ်ချီ အိမ်ကွင်းအားက ဆီဗီးလ်အတွက်တော့ အတားအဆီး မဖြစ်နိုင်ဘူး။

**ဗီလာရီးယဲလ် - အယ်မာရီးယား** နံနက် ၁း၃၀ (၂၀-၁၀-၁၄)

အခုနောက်ပိုင်းမှာ ဗီလာရီးယဲလ်ခြေပြန်ငြိမ်လာတယ်။ နောက်ဆုံးငါးပွဲမှာ တစ်ပွဲတည်းရှုံးတယ်။ အိမ်ကွင်းဖြစ်နေတာကလည်း အားသာချက်တစ်ခုပဲ။ အဓိကက အယ်မာရီးယားရဲ့ကစားအားပဲ။ အဲလ်မာရီးယားက အိမ်ကွင်းထက်အဝေးကွင်းမှာနိုင်ပွဲပိုရတတ်ပေမယ့် တိုက်စစ်က အားရစရာမကောင်းတာကိုပါ ထည့်တွက်ရမယ်။

**ဆိုစီဒက် - ဂီတာဖေး** နံနက် ၁း၁၅ (၂၁-၁၀-၁၄)

ဆိုစီဒက်ခြေမငြိမ်ဘူး။ နောက်ဆုံးငါးပွဲဆက်အနိုင်မရှိဘဲ သုံးပွဲတိတိရှုံးနိမ့်ထားတယ်။ ဒါပေမယ့် သတိပြုရမှာက အိမ်ကွင်းဖြစ်တယ်။ ပြီးတော့ ဂီတာဖေးခြေကလည်း အကောင်းဆုံးမဟုတ်ဘဲ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ တစ်ပွဲ တည်းနိုင်တယ်။ အဝေးကွင်းမှာ ပွဲတိုင်းရှုံးပြီး တစ်ဂိုးသာရထားတာနဲ့ပါ ချင့်ချိန်ရမယ်။

[ရှိုင်းမင်းမင်း]

ချစ်ပိုက်သစ္စာ 562829,09-73198239 569782,09-43033237
•ကျိုက်ထီးရိုး(နေ့စဉ်)/ချောင်းသာ(နေ့စဉ်)
•ကျိုက်ထီးရိုး မဲလဲ (သုဿန်/ချုပ်) (ဘောကြာ) • ကျိုက်ထီးရိုး (နေ့ချင်းပြန်-ဝရိတ်ပြီး) (စနေ၊တနင်္ဂနွေ)
•ပုဂံ(ရွှယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ ဘာဆင့်မြင့်ခရီးစဉ် ကားမျိုးစုံ စီးလုံးငှား စီစဉ်ပေးပါသည်။
www.chitpaithitsar.blogspot.com

တောင်ကြီး မီးပုံးပျံပွဲတော် Nov 4,5
ပြင်ဦးလွင်
ကျိုက်ထီးရိုး(နေ့စဉ်) 9000
09-31738840, 09-32276307

NEW MOTION Travels & Tours
အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။
ရွှေလျှားသစ်လွင် ခရီးစဉ်
★ တောင်ကြီး(မီးပုံးပျံ) ခရီးစဉ် ~ Nov; 4
★ မန္တလေး - ပြင်ဦးလွင်(မီးပုံးပျံ) ခရီးစဉ် ~ Nov; 4
★ ပုဂံ - ပုပ္ပါး - ပခုက္ကူ ခရီးစဉ် ~ Nov; 5
★ ငွေဆောင် ခရီးစဉ် ~ Nov; 14
အလောင်းတော်ကဿပ
ရွှေစက်တော် / မော်လမြိုင်
ရွှေလီ / မိုးကုတ်
ချောင်းသာ / ပေလီ
အမှတ်-16၊ ကျွန်းတောလမ်း၊ စမ်းချောင်း။
Ph ; 09 4925 2911 , 09 4925 2922 , 09 731 48922 , 527 922 , 538 811 .

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁၉/၂၀၁၄)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | IFB-094(14-15) | Spares for Volvo Tractor (6) Items | US $ |
| (၂) | IFB-095(14-15) | Spares for Cummins KTA-2300 C-1050 Water Pump Engine(16) Items | US $ |
| (၃) | IFB-096 (14-15) | Spares for Perkins Engine Ex 435 TC P & H Crane (31) Items | US $ |
| (၄) | IFB-097(14-15) | Spares for Cooper Well Servicing Units (11) Items | US $ |
| (၅) | IFB-098(14-15) | Spares for Rotary Substitutes (1) Lot | US $ |
| (၆) | IFB-099(14-15) | Spares for Rotary Swivels (1)Lot | US $ |
| (၇) | DMP/L-025(14-15) | Hard Surface Brake Drum Rim for Drawwork (Ex EMSCO Rig) (1)Item | Ks |
| (၈) | DMP/L-026(14-15) | AC Kilovars Meter (Ex ZJ 50D SR II Rig) (5) Items | Ks |
| (၉) | DMP/L-027(14-15) | 500 KVA, 33/0.4 KV Transformer and 33 KV Gas Circuit Breaker (2) Items | Ks |
| (၁၀) | DMP/L-028(14-15) | Spares for SATA 1118 (Kenworth Truck) (4) Items | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၂-၁၁-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်)လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇/၄၁၁၂၀၆

ဆုပြည့် ကားမျိုးစုံ စီးလုံးငှားသည်
ကျိုက်ထီးရိုး(ငြိမ်း)- ၃၅၀၀၀ 6+1 FREE
ချောင်းသာ (ငြိမ်း)- ၄၀၀၀၀
တောင်ကြီး(မီးပုံးပျံပွဲ)၊အင်းလေး- ၀၅၀၀၀
0931815390,0931815395

မျိုး 380164 09 5017088 09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လချုပ် ကားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

ကံကောင်း
(အိမ်၊ ခြံ၊ မြေ)
သီလဝါ၊ ကျောက်တန်း၊ သန်လျင် မြေကွက်များ ရောင်းလို/ဝယ်လိုသည်။
09-420185599
09-49300967

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အထက(၈)တက္ကသိုလ်ဝင်တန်း(D)မှ မဆန်းဆန်းဝေ၏ ဖခင်အမည်မှန်မှာ ဦးကိုကြိုင်[၉/မနမ(နိုင်)၀၀၃၀၆၇]ဖြစ်ပါကြောင်း။ ဦးကိုကြိုင်

## ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် Electronic Toll Collection စနစ်တပ်ဆင်အသုံးပြုရန် အဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးရှိ တိုးလ်ဂိတ်များတွင် အီလက်ထရွန်နစ်ငွေကြေးကောက်ခံမှုစနစ် (Electronic Toll Collection) ကို တပ်ဆင်အသုံးပြုမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသောကုမ္ပဏီများမှ အဆိုပြုလွှာ များတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပြုလွှာတင်သွင်းရာတွင် အောက်ပါအချက်အလက်များနှင့် မိမိတို့ကုမ္ပဏီ၏စွမ်းဆောင်နိုင်မည့်နည်းပညာနှင့်အစီအမံတို့အား ပြည့်စုံစွာဖြင့် အဆိုပြုတင်သွင်းရမည်ဖြစ်ပါသည်။
- ကုမ္ပဏီမှတ်ပုံတင်၊ ကုမ္ပဏီအကြောင်းနှင့်အတွေ့အကြုံများ(Company, Certificate, Company Profile)
- ဆောင်ရွက်မည့်နည်းပညာ၊ အသုံးပြုမည့်ပစ္စည်းများနှင့် ဆောင်ရွက်မည့်ပုံစံ (Technical and Operation Proposal)
- လုပ်ငန်းဆောင်ရွက်နိုင်မည့် အချိန်ကာလ(Timeline Proposal)

၃။ အဆိုပြုလွှာတင်သွင်းမည့် ကုမ္ပဏီများအနေဖြင့် အင်ဂျင်နီယာမှူးကြီးရုံး၊ ရန်ကုန်-မန္တလေး အမြန်လမ်းပြုပြင်ထိန်းသိမ်းရေးအဖွဲ့၊ နေပြည်တော်၊ (စီ)လမ်းဆုံသို့ ၂၀၁၄ခုနှစ်၊ အောက်တိုဘာလအတွင်း အဆိုပြုလွှာပေးပို့နိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၀၆၇-၈၁၀၀၁၄၆၊ ၀၉-၈၅၉၁၇၅၇၊ ၀၉-၂၀၄၆၁၈၄ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းပြုပြင်ထိန်းသိမ်းရေးအဖွဲ့


SAMSUNG
Samsung
GALAXY GRAND Prime
ကိုယ့်ဘဝ . . . ကိုယ့်ကမ္ဘာ
ကိုယ်တိုင်တည်ဆောက်ရာ
Samsung
GALAXY GRAND Prime
• Slimmer & Stylish Design
• 8MP + 5MP Perfect Selfie Camera
• 1.2GHz Quad Core Processor
• Dual SIM Standby
Samsung
DUOS
မည်သည့် 2G/3G Network တွင်မဆို ကောင်းစွာအသုံးပြုနိုင်သော အဆင့်မြင့်စမတ်ဖုန်း ဖြစ်သည်။
Customer Contact Center 01-2399 888
samsungmyanmar
Samsung Customer Service Plaza (Sule) (မိုဘိုင်းဖုန်း သီးသန့်) အမှတ် (၁၉၅)၊ မဟာဗန္ဓုလပန်းခြံလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း - (၀၁) ၃၇၈၂၁၆၊ ၃၇၈၂၁၇
Samsung Customer Service Plaza (Thein Phyu) (မိုဘိုင်းဖုန်း နှင့် အီလက်ထရွန် နစ်ပစ္စည်းများ) အမှတ် (၁၂၉/၁၃၁)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ဖုန်း - (၀၁) ၃၉၄၅၈၂၊ ၃၈၉၃၀၄
Samsung Customer Service Plaza အမှတ် (၅၇၃)၊ ၈၄လမ်း (၄၂လမ်း နှင့် ၄၅လမ်းကြား)၊ မန္တလေးမြို့။ဖုန်း - (၀၂) ၇၆၂၄၃

# အမျိုးသားပညာရေးဥပဒေပြင်ဆင်ခြင်းဆိုင်ရာ သတင်းထုတ်ပြန်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သတင်းထုတ်ပြန်ရေးအဖွဲ့

သတင်းထုတ်ပြန်ချက် ( ၆ / ၂၀၁၄ )

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်
၁၃၇၆ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်

### အမျိုးသားပညာရေးဥပဒေပြင်ဆင်ခြင်းဆိုင်ရာ သတင်းထုတ်ပြန်ခြင်း

၁။ ပညာရေးဝန်ကြီးဌာနက ရေးဆွဲ၍ ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် တင်သွင်းသော **အမျိုးသားပညာရေးဥပဒေကြမ်း**ကို ၃၀-၇-၂၀၁၄ ရက်တွင် ကျင်းပသည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့၌ အတည်ပြုခဲ့ပြီး နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးရန် ၃၁-၇-၂၀၁၄ ရက်တွင် ပေးပို့ခဲ့သည်။

၂။ နိုင်ငံတော်သမ္မတသည် **အမျိုးသားပညာရေးဥပဒေကြမ်း** အပေါ် သဘောထားမှတ်ချက် ၂၅ ချက် (ဥပဒေရေးရာနှင့် ဘာသာရပ်ဆိုင်ရာ ၂၂ ချက်နှင့် ရေးထုံး ၃ ချက်) ကို ဖော်ပြ၍ ၁၃-၈-၂၀၁၄ ရက်တွင် ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ပြန်လည်ပေးပို့ခဲ့ရာ အပြည့်အစုံကို အောက်တွင်ရှိ စာပိုဒ် ၄ ၏ ဇယားစာတိုင် ၃ တွင် ဖော်ပြထားသည်။

၃။ ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတက ပေးပို့ခဲ့သော သဘောထားမှတ်ချက် ၂၅ ချက်အပေါ် ၂၆-၉-၂၀၁၄ ရက်တွင် ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့၌ ဆွေးနွေးပြီး ၁၉ ချက်ကို ပြင်ဆင်ရန် သဘောတူခဲ့သည်။ ကျန် ၆ ချက်အပေါ် လွှတ်တော်၏ မူလဖော်ပြချက်အတိုင်း အတည်ပြု၍ နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးရန် ၂၉-၉-၂၀၁၄ ရက်တွင် ပြန်လည်ပေးပို့လာသည်။

၄။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ မူလအတည်ပြုချက်၊ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့် ပြည်ထောင်စုလွှတ်တော်၏ အပြီးသတ်အတည်ပြုချက်တို့ကို အောက်တွင်ယှဉ်တွဲဖော်ပြသည်-

| စဉ် | ပြည်ထောင်စုလွှတ်တော်၏ မူလအတည်ပြုချက် | နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက် | ပြည်ထောင်စု လွှတ်တော်၏ အပြီးသတ် အတည်ပြုချက် |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| (က) | ၂။(ဈ) **ဆရာ** ဆိုသည်မှာ ပညာရေးအဆင့်တစ်ခုခုတွင် သင်ကြားရေးတာဝန်ထမ်းဆောင်သော သတ်မှတ်အရည်အချင်းပြည့်စုံသည့် သင်ကြားပို့ချသူကို ဆိုသည်။ | - ဥပဒေကြမ်း၏ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဈ)တွင် "သတ်မှတ် အရည်အချင်းပြည့်စုံသည့် သင်ကြားပို့ချသူကိုဆိုသည်။" ဟူသော ဖော်ပြချက်အား "သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသည့် သင်ကြားပို့ချသူကိုဆိုသည်။"ဟု ပြင်ဆင်သင့်ပါသည်။ | - နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်သည်။ |
| (ခ) | ၂။(ထ) **အခြေခံပညာရေး** ဆိုသည်မှာ နိုင်ငံသားတိုင်း အခြေခံပညာကို ကောင်းစွာ တတ်မြောက်ပြီး နည်းပညာနှင့် သက်မွေးပညာရပ်တစ်ခုခုကိုဖြစ်စေ၊ အဆင့်မြင့်ပညာကိုဖြစ်စေ ဆက်လက်သင်ယူနိုင်ရေးအတွက် သင်ကြားလေ့ကျင့်ပေးသည့် ပညာရေးကို ဆိုသည်။ | - ဥပဒေကြမ်း၏ ပုဒ်မ ၂၊ ပုဒ်မခွဲ (ထ) တွင် **အခြေခံပညာရေး**စကားရပ်အား "နိုင်ငံသားတိုင်း အခြေခံပညာကို ကောင်းစွာတတ်မြောက်ပြီး" ဟု အဓိပ္ပာယ်ဖွင့်ဆိုထားရှိရာ "နိုင်ငံသားတိုင်း ပညာအခြေခံကို ကောင်းစွာ တတ်မြောက်ပြီး"ဟု ပြင်ဆင်သင့်ပါသည်။ **ပညာအခြေခံ** ကို ကောင်းစွာတတ်မြောက်ရန်ဆိုလိုရင်းဖြစ်သဖြင့် ပြင်ဆင်လိုခြင်းဖြစ်ပါသည်။ | - နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်သည်။ |
| (ဂ) | ၂။(ဓ) **အဆင့်မြင့်ပညာရေး** ဆိုသည်မှာ အခြေခံပညာရေး၏ အမြင့်ဆုံးအဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်ကို အောင်မြင်ပြီးသူများကို အမျိုးသားပညာရေးကော်မရှင်က အသိအမှတ်ပြုထားသည့်ကျောင်းတစ်ခုခုမှ လေ့ကျင့်သင်ကြားပေးသည့် ပညာရေးကို ဆိုသည်။ | - ဥပဒေကြမ်း၏ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဓ) တွင် "အခြေခံပညာရေး၏ အမြင့်ဆုံးအဆင့် သို့မဟုတ် ယင်းနှင့်တူညီသော အဆင့်ကို အောင်မြင်ပြီးသူများကို" ဟူသော ဖော်ပြချက်အား "အခြေခံပညာရေး၏အမြင့်ဆုံးအဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့် အောင်မြင်ပြီးသူများကို" ဟု ပြင်ဆင်သင့်ပါသည်။ | - နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်သည်။ |
| (ဃ) | ၂။(ဗ) **အခမဲ့ မသင်မနေရပညာရေး** ဆိုသည်မှာ နိုင်ငံတော်က အခမဲ့ မသင်မနေရပညာရေးဟု သတ်မှတ်သည့် ပညာရေးအဆင့်ကို ကျောင်းနေအရွယ်ကလေးတိုင်း သင်ယူပြီးမြောက်ရေး အတွက် **ပြည်ထောင်စု အစိုးရအဖွဲ့**နှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်တို့က သတ်မှတ်ချက်နှင့်အညီ အပြည့်အဝထောက်ပံ့ကူညီမှုပေးထားသည့် ပညာရေးကို ဆိုသည်။ | - ဥပဒေကြမ်း၏ ပုဒ်မ၂၊ ပုဒ်မခွဲ (ဗ)၊ ပုဒ်မ ၁၅ နှင့် ပုဒ်မ ၆၉၊ ပုဒ်မခွဲ(က) တို့တွင် "ပြည်ထောင်စုအစိုးရအဖွဲ့" ဟု သုံးနှုန်းထားရာ ဥပဒေကြမ်း၏ ပုဒ်မ ၂၊ ပုဒ်မခွဲ(ခ)ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်ညီညွတ်မှုရှိစေရန် "အစိုးရအဖွဲ့" ဟု ပြင်ဆင်သင့်ပါသည်။ | - နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်သည်။ |
| | ၁၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာများတွင် အခြေခံပညာမူလတန်းအဆင့် သင်ရိုးသင်ပညာရေးနှင့် ကျောင်းပြင်ပပညာရေးပူးတွဲသင်ကြားနိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်တို့က ကူညီပံ့ပိုးရမည်။<br>၆၉။ ဤဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -<br>(က) ဝန်ကြီးဌာနနှင့်သက်ဆိုင်ရာ ဝန်ကြီးဌာန များသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။ | | |
| (င) | ၃။ ပညာရေး ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -<br>(ခ) ပြည်သူ့နီတိနှင့် ဒီမိုကရေစီကျင့်စဉ်များဖြင့် ဥပဒေကို လေးစားလိုက်နာသော နိုင်ငံသားများ ဖြစ်လာစေရေး အတွက် လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်၊ | - ဥပဒေကြမ်း၏ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) တွင် "ပြည်သူ့နီတိနှင့် ဒီမိုကရေစီကျင့်စဉ်များဖြင့် ဥပဒေကို လေးစားလိုက်နာသော နိုင်ငံသားများ ဖြစ်လာစေရေးအတွက် လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်"ဟူသောဖော်ပြချက်အား "ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာစံနှုန်းများဖြင့် ဥပဒေကို လေးစားလိုက်နာသော နိုင်ငံသားများ ဖြစ်လာစေရေးအတွက် လေ့ကျင့်ပြုစုပျိုးထောင်ပေးရန်" ဟု ပြင်ဆင်သင့်ပါသည်။ ကျောင်းနေအရွယ်မှစ၍ လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများကိုပါ သိရှိလိုက်နာသည့် အလေ့အကျင့်ကောင်းများရစေရန် ဖြည့်စွက်၍ဖော်ပြလိုခြင်းဖြစ်ပါသည်။ | - နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်သည်။ |
| (စ) | ၄။ ပညာရေးဆိုင်ရာ အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည်-<br>(ခ) ကိုယ်ပိုင် ကျောင်းများကို သက်ဆိုင်ရာဥပဒေနှင့်အညီ တည်ထောင်ခွင့်ပြုခြင်းနှင့် ပညာရေး လုပ်ငန်းများ၌ ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို အားပေးမြှင့်တင်ရေး၊ | - ဥပဒေကြမ်း၏ ပုဒ်မ ၄၊ ပုဒ်မခွဲ (ခ) ပါ "ကိုယ်ပိုင်ကျောင်းများကို သက်ဆိုင်ရာဥပဒေနှင့်အညီ"ဟူသော စကားရပ်အား "ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများကို သက်ဆိုင်ရာဥပဒေနှင့်အညီ"ဟု ပြင်ဆင်သင့်ပါသည်။ ဥပဒေကြမ်း၏ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ဃ) နှင့် ညီညွတ်စေရန် ဖြစ်ပါသည်။ | - နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်သည်။ |
| (ဆ) | ၄။ (ဂ) ကျောင်းနေအရွယ် လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေးအတွက် မသန်စွမ်းသူ နိုင်ငံသားများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရရှိသူများကို လူတိုင်းအကျုံးဝင်ပညာရေးအရ ပညာသင်ယူနိုင်ခွင့်ရရှိစေရန် အထူးပညာရေးအစီအစဉ်နှင့် ပညာရေးအထူးဝန်ဆောင်မှု အစီအစဉ်ထားရှိရေး၊ | - ဥပဒေကြမ်း၏ ပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ)တွင် "ကျောင်းနေအရွယ် လူငယ်အားလုံး" ဟူသော စကားရပ်အား "ကျောင်းနေအရွယ် ကလေးသူငယ်နှင့် လူငယ်အားလုံး" ဟု ပြင်ဆင်သင့်ပါသည်။ နိုင်ငံတကာပြဋ္ဌာန်းချက်နှင့် **ကလေးသူငယ်ဥပဒေ** (၁၉၉၃) တို့ပါ အသုံးအနှုန်းများနှင့် ညီညွတ်ရန် လည်းကောင်း၊ ရည်ညွှန်းသူအားလုံး အကျုံးဝင်စေရန် လည်းကောင်း ပြင်ဆင်လိုခြင်းဖြစ်ပါသည်။ | - နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်သည်။ |
| (ဇ) | ၄။(ည) အခမဲ့ မသင်မနေရ မူလတန်းပညာရေးကို ဦးတည် အကောင်အထည် ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်ရေး၊ | - ဥပဒေကြမ်း၏ ပုဒ်မ ၄၊ ပုဒ်မခွဲ (ည) တွင် "အခမဲ့မသင်မနေရ မူလတန်းပညာရေးကို ဦးတည်အကောင်အထည်ဖော်ပြီး အဆင့်ဆင့် တိုးချဲ့ဆောင်ရွက်ရေး"ဟူသော ဖော်ပြချက်အား "အခမဲ့မသင်မနေရ မူလတန်းနှင့် အလယ်တန်းပညာရေးကို ဦးတည်အကောင်အထည်ဖော်ပြီး အဆင့်ဆင့် တိုးချဲ့ဆောင်ရွက်ရေး" ဟု ပြင်ဆင်သင့်ပါသည်။ အဆင့်ဆင့်ရည်မှန်းချက်ထားပြီး တိုးချဲ့အကောင်အထည်ဖော်ရန် ရည်ရွယ်ထားရှိသောကြောင့်ဖြစ်ပါသည်။ | **-ပြည်ထောင်စု လွှတ်တော်က အတည်ပြုထားသည့် အတိုင်း ဆက်လက်ထား ရှိသည်။** |

စာမျက်နှာ - ၁၆ သို့ »

» စာမျက်နှာ - ၁၅ မှ

| စဉ် | ပြည်ထောင်စုလွှတ်တော်၏ မူလအတည်ပြုချက် | နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက် | ပြည်ထောင်စု လွှတ်တော်၏ အပြီးသတ် အတည်ပြုချက် |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| (ဈ) | ၅။ အစိုးရအဖွဲ့သည် -<br>(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၏ သဘော တူညီချက်ဖြင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်တစ်ဦးဦးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းရင်းသားပညာရှင်များနှင့် အခြားသင့်လျော်သောပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ် ပါဝင်သည့် အမျိုးသားပညာရေးကော်မရှင်ကို ဖွဲ့စည်းရမည်။<br>(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကော်မရှင်ကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။ | - ဥပဒေကြမ်း၏ ပုဒ်မ ၅၊ ပုဒ်မခွဲ (က) တွင် "အစိုးရအဖွဲ့သည် အမျိုးသားပညာရေးကော်မရှင်ကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။" ဟု ဖော်ပြထားသော်လည်း ယင်းပုဒ်မ၏ ပုဒ်မခွဲ (ခ) တွင် "ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော ကော်မရှင်ကို အစိုးရအဖွဲ့က အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။" ဟု ဖော်ပြထားပါသည်။ ယင်းပုဒ်မခွဲ(က) အား "အစိုးရအဖွဲ့သည် အမျိုးသားပညာရေးကော်မရှင်ကို ဖွဲ့စည်းရမည်။"ဟု လည်းကောင်း၊ ပုဒ်မခွဲ(ခ) အား "ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသောကော်မရှင်ကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။" ဟု လည်းကောင်း ပြင်ဆင်ဖော်ပြသင့်ပါသည်။ ယင်းပုဒ်မခွဲနှစ်ရပ်တို့အကြား အဓိပ္ပာယ်ညီညွတ်စေရန်နှင့် ကော်မရှင်ဖွဲ့စည်းခြင်းကိစ္စသည် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်ဖြစ်သောကြောင့် အစိုးရအဖွဲ့မှ ဖွဲ့စည်းဆောင်ရွက်သင့်သဖြင့် ပြင်ဆင်လိုခြင်းဖြစ်ပါသည်။ | **-ပြည်ထောင်စု လွှတ်တော်က အတည်ပြုထားသည့် အတိုင်း ဆက်လက်ထား ရှိသည်။** |
| (ည) | ၆။ ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-<br>(က) အမျိုးသားပညာရေးရည်မှန်းချက်များနှင့် ပညာရေးဆိုင်ရာ အခြေခံမူများကို အကောင်အထည်ဖော် ဆောင်ရွက်မှုကို လမ်းညွှန်ခြင်း၊<br>(ခ) အမျိုးသားပညာရေး ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဥပဒေနှင့်အညီ လိုအပ်သော ကော်မတီ သို့မဟုတ် အဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊<br><br>**အခန်း(၂)**<br>**ပညာရေးရည်မှန်းချက်များ**<br>၃။ ပညာရေးရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -<br><br>**အခန်း(၃)**<br>**ပညာရေးဆိုင်ရာအခြေခံမူများ**<br>၄။ ပညာရေးဆိုင်ရာ အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည်-<br><br>**အခန်း(၅)**<br>**ပညာရေးစနစ်**<br>၁၁။ နိုင်ငံတော်သည် ပညာရေးစနစ်အကောင်အထည်ဖော်ရာတွင် အောက်ပါပညာရယူနည်းများ ကျင့်သုံး၍ ယင်းတို့ကိုတစ်ခုနှင့်တစ်ခု ဆက်စပ်ဆောင်ရွက်ရမည်- | - ဥပဒေကြမ်း၏ ပုဒ်မ ၆၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့တွင် "အမျိုးသားပညာရေးရည်မှန်းချက်များ"ဟု သုံးနှုန်းထားပါသည်။ ၎င်းစကားရပ်နှင့် ညီညွတ်စေရန် ဥပဒေကြမ်း၏အခန်း ၂ အား "အမျိုးသားပညာရေး ရည်မှန်းချက်များ" ဟူ၍လည်းကောင်း၊ ပုဒ်မ ၃ ပါ "ပညာရေးရည်မှန်းချက်များ" ဟူသော စကားရပ်အား "အမျိုးသားပညာရေး ရည်မှန်းချက်များ" ဟူ၍ လည်းကောင်း၊ ဥပဒေကြမ်း၏အခန်း ၃ အား "အမျိုးသားပညာရေးဆိုင်ရာ အခြေခံမူများ" ဟူ၍ လည်းကောင်း၊ ပုဒ်မ ၄ ပါ "ပညာရေးဆိုင်ရာ အခြေခံမူများ"ဟူသော စကားရပ်အား "အမျိုးသားပညာရေးဆိုင်ရာ အခြေခံမူများ" ဟူ၍ လည်းကောင်း၊ ဥပဒေကြမ်း၏ အခန်း ၅ အား "အမျိုးသားပညာရေးစနစ်"ဟူ၍ လည်းကောင်း၊ ပုဒ်မ ၁၁ ပါ "ပညာရေးစနစ်" ဟူသော စကားရပ်အား "အမျိုးသားပညာရေးစနစ်" ဟူ၍ လည်းကောင်း ပြင်ဆင်သင့်ပါသည်။ စကားရပ် အသုံးအနှုန်း ညီညွတ်စေရန်ဖြစ်ပါသည်။ | - နိုင်ငံတော်သမ္မတ၏ သဘောထား မှတ်ချက်နှင့်အညီ ပြင်ဆင်သည်။ |
| (ဋ) | ၇။ ကော်မရှင်သည် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်သိပ္ပံများ၏ လွတ်လပ်သော ကိုယ်ပိုင်စီမံခန့်ခွဲမှုကို မထိခိုက်စေဘဲ မူဝါဒပိုင်းဆိုင်ရာကိစ္စရပ်များတွင်သာ ပေါင်းစပ် ဖြည့်ဆည်းပေးခြင်းဖြင့် ယင်းတို့၏တိုးတက်ဖွံ့ဖြိုးမှုကို အထောက်အကူပြုရမည်။ | - ဥပဒေကြမ်း၏ ပုဒ်မ ၇ တွင် "ကောလိပ်သိပ္ပံများ"ဟု လည်းကောင်း၊ ပုဒ်မ ၂၅၊ ပုဒ်မ ၃၅ နှင့် ပုဒ်မ ၅၇၊ ပုဒ်မခွဲ (ဂ) တို့တွင် "ကောလိပ်"ဟု လည်းကောင်း၊ ပုဒ်မ ၅၇၊ ပုဒ်မခွဲ (ခ)တွင် "ကောလိပ်နှင့် သိပ္ပံများ"ဟု လည်းကောင်း သုံးနှုန်းထားရာ တညီတညွတ်တည်းဖြစ်စေ | - နိုင်ငံတော်သမ္မတ၏ သဘောထား မှတ်ချက်နှင့်အညီ ပြင်ဆင်သည်။ |
| | ၂၅။ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် ယင်းတို့နှင့်အဆင့်တူညီသည့် ကျောင်းများသည် အဆင့်မြင့်ပညာရေးကို အကောင်အထည်ဖော်ရမည်။<br>၃၅။ အခြေခံပညာရေးကျောင်း၊ သင်တန်းကျောင်း၊ နည်းပညာနှင့် သက်မွေးပညာရေးကျောင်း၊ အဆင့်မြင့်ပညာရေး အဆင့်အတန်းရှိသော ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်နှင့် နိုင်ငံခြားတက္ကသိုလ် တစ်ခုခု၏ ကျောင်းခွဲများဖွင့်လှစ်ခြင်းသည် ဤဥပဒေ သို့မဟုတ် တည်ဆဲပညာရေးဥပဒေတစ်ရပ်ရပ်နှင့် ကိုက်ညီမှုရှိစေရမည်။<br>၅၇။ (ခ) ထူးခြားသော လုပ်ငန်းသဘာဝအရ အစိုးရအဖွဲ့၏ သီးခြားခွင့်ပြုချက်ဖြင့် သာသနာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနများနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့က ထူထောင်ဖွင့်လှစ်ထားသည့် အဆင့်မြင့်ပညာကျောင်းများမှအပ ကျန်တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများအားလုံးသည် အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရမည်။<br>(ဂ) အဆင့်မြင့်ပညာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီသည် တက္ကသိုလ်နှင့် ကောလိပ်များ၏ လွတ်လပ်သော ကိုယ်ပိုင်စီမံခန့်ခွဲမှုကို မထိခိုက်စေဘဲ ပေါင်းစပ်ဖြည့်ဆည်း ညှိနှိုင်းဆောင်ရွက်ပေးခြင်းဖြင့် ကျောင်းများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရမည်။ | ရန်နှင့် ရေးထုံးမှန်ကန်စေရန် သုံးသပ်ပြင်ဆင်သင့်ပါသည်။ | |
| (ဌ) | ၁၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာများတွင် အခြေခံပညာမူလတန်းအဆင့် သင်ရိုးသင်ပညာရေးနှင့် ကျောင်းပြင်ပပညာရေးပူးတွဲသင်ကြားနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်တို့က ကူညီပံ့ပိုးရမည်။ | - ဥပဒေကြမ်း၏ပုဒ်မ ၁၅ တွင် "အခြေခံပညာ မူလတန်းအဆင့်" ဟူသော စကားရပ်အား "အခြေခံပညာအဆင့်" ဟု ပြင်ဆင်သင့်ပါသည်။ ကျောင်းပြင်ပပညာရေးစနစ်ကို အကောင်အထည်ဖော်ရာ၌ အခြေခံပညာအဆင့်တွင် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်တို့ ပါရှိရာ အခြေအနေပေးသည်နှင့် တိုးမြှင့်ဆောင်ရွက်ရန် ရည်ရွယ်ချက်ထားရှိခြင်းကြောင့် "မူလတန်း" ဟူသော ကန့်သတ်ဖော်ပြချက်ကို ပြင်ဆင်လိုခြင်းဖြစ်ပါသည်။ | - နိုင်ငံတော်သမ္မတ၏ သဘောထား မှတ်ချက်နှင့်အညီ ပြင်ဆင်သည်။ |
| (ဍ) | ၂၆။ အဆင့်မြင့်ပညာရေးကို အကောင်အထည်ဖော်သည့် ကျောင်းများတွင် လွတ်လပ်သည့် သင်ကြားသင်ယူမှုနှင့် လွတ်လပ်စွာ စီမံခန့်ခွဲရေးစနစ်ကို ကျင့်သုံးရမည်။ | - ဥပဒေကြမ်း၏ပုဒ်မ ၂၆ တွင် "အဆင့်မြင့်ပညာရေးကို အကောင်အထည်ဖော်သည့် ကျောင်းများတွင်" ဟူသော စကားရပ်အား "အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီနှင့် သက်ဆိုင်သော အဆင့်မြင့်ပညာသင်ကျောင်းများတွင်" ဟု ပြင်ဆင်သင့်ပါသည်။ ဤပုဒ်မသည် "အဆင့်မြင့် ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီ"နှင့် သက်ဆိုင်သော အဆင့်မြင့်ပညာသင်ကျောင်းများအတွက်သာ ရည်ရွယ်ခြင်းကြောင့် လိုအပ်သည့် စကားရပ်ကို ဖြည့်စွက်လိုခြင်းဖြစ်ပါသည်။ ထို့ပြင် ဥပဒေကြမ်း၏ ပုဒ်မ ၅၇၊ ပုဒ်မခွဲ(ခ) ပါ ဖော်ပြချက်များအရ ရှင်းလင်းစေရန်ဖြစ်ပါသည်။ | **-ပြည်ထောင်စု လွှတ်တော်က အတည်ပြုထားသည့် အတိုင်း ဆက်လက်ထား ရှိသည်။** |

စာမျက်နှာ - ၁၇ သို့ »

ဥပဒေ

» စာမျက်နှာ - ၁၆ မှ

| စဉ် | ပြည်ထောင်စုလွှတ်တော်၏ မူလအတည်ပြုချက် | နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက် | ပြည်ထောင်စုလွှတ်တော်၏ အပြီးသတ် အတည်ပြုချက် |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| (ပ) | ၃၃။ ဝန်ကြီးဌာနသည် နိုင်ငံသားတိုင်း အရည်အသွေး မြင့်မားစေရေးအတွက် ကိုယ်တိုင်သင်ယူ ပညာရေးအပါအဝင် ဆက်လက်သင်ယူနိုင်သော အခွင့်အလမ်း ရရှိစေရန်-<br>(ဃ) လေ့လာသင်ယူနိုင်မည့် စာကြည့်တိုက်များနှင့် ပြတိုက်များ ဖွံ့ဖြိုးနေစေရန် ပုဂ္ဂလိကနှင့် ဒေသန္တရအဖွဲ့အစည်းများက ဆောင်ရွက်လိုပါက ခွင့်ပြုရမည်။ | - ဥပဒေကြမ်း၏ ပုဒ်မ ၃၃၊ ပုဒ်မခွဲ (ဃ) တွင် "XXXXXX လေ့လာသင်ယူနိုင်မည့် စာကြည့်တိုက်များနှင့် ပြတိုက်များ ဖွံ့ဖြိုးနေစေရန် ပုဂ္ဂလိကနှင့် ဒေသန္တရ အဖွဲ့အစည်းများက ဆောင်ရွက်လိုပါက ခွင့်ပြုရမည်။" ဟူသော ဖော်ပြချက်အား "XXXXXX လေ့လာသင်ယူနိုင်မည့် စာကြည့်တိုက်များနှင့် ပြတိုက်များ ဖွံ့ဖြိုးနေစေရန် ပုဂ္ဂလိကနှင့် ဒေသန္တရ အဖွဲ့အစည်းများအနေဖြင့် ဆောင်ရွက်လိုပါက အားပေးကူညီရမည်။"ဟု ပြင်ဆင် ဖော်ပြသင့်ပါသည်။ **၁၉၆၄ ခုနှစ်၊ စာကြည့်တိုက်၊ ပြတိုက်နှင့်ပြပွဲများ ကြီးကြပ်အုပ်ချုပ်ရေးဥပဒေ** ပြဋ္ဌာန်းချက်ပါ ပြန်ကြားရေးဝန်ကြီးဌာနအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များနှင့် ရောထွေးခြင်း မရှိစေရန်နှင့် ရေးထုံး မှန်ကန်စေရန် ဖြစ်ပါသည်။ | - နိုင်ငံတော်သမ္မတ၏ သဘောထား မှတ်ချက်နှင့်အညီ ပြင်ဆင်သည်။ |
| (ဏ) | ၃၉။ ကော်မရှင်သည် သင်ရိုးညွှန်းတမ်းများနှင့်စပ်လျဉ်း၍ အောက်ပါအချက်များ ပါရှိစေရန် ကြပ်မတ်ဆောင်ရွက်ရမည်-<br>(ဂ) ကိုယ်ကျင့်တရားကောင်းမွန်မှု၊ မတူကွဲပြား ခြားနားခြင်းကို နားလည်လက်ခံမှုနှင့် တန်းတူညီမျှမှုကိုအလေးထားမှု၊ တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ယူမှုနှင့် ဒီမိုကရေစီအလေ့အကျင့်တို့ကို တန်ဖိုးထားသည့် နိုင်ငံသားကောင်းများဖြစ်ထွန်းရေး၊ | - ဥပဒေကြမ်း၏ ပုဒ်မ ၃၉၊ ပုဒ်မခွဲ (ဂ) တွင် "X X X X X X ဒီမိုကရေစီ အလေ့အကျင့်တို့ကို တန်ဖိုးထားသည့် နိုင်ငံသားကောင်းများဖြစ်ထွန်းရေး" ဟူသော ဖော်ပြချက်အား "X X X X X X ဒီမိုကရေစီအလေ့အကျင့်နှင့် လူ့အခွင့်အရေးဆိုင်ရာစံနှုန်းများကို တန်ဖိုးထားသည့် နိုင်ငံသားကောင်းများ ဖြစ်ထွန်းရေး" ဟု ဖြည့်စွက်ဖော်ပြသင့်ပါသည်။ ဥပဒေကြမ်း၏ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) ပါဖော်ပြချက်နှင့် ညီညွတ်စေရန်နှင့် ဤဇယား၏ စာတိုင် ၁၊ စာပိုဒ်ခွဲ(င) တွင် ရှင်းလင်းမှုအရ ဖြစ်ပါသည်။ | - နိုင်ငံတော်သမ္မတ၏ သဘောထား မှတ်ချက်နှင့်အညီ ပြင်ဆင်သည်။ |
| (တ) | ၄၃။ သင်ကြားရေးတွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာ နှစ်ဘာသာတွဲ၍ဖြစ်စေ သင်ကြားနိုင်သည်။ | - ဥပဒေကြမ်း၏ပုဒ်မ ၄၃ တွင် "သင်ကြားရေးတွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာနှင့်အင်္ဂလိပ်ဘာသာ နှစ်ဘာသာတွဲ၍ဖြစ်စေ သင်ကြားနိုင်သည်။" ဟူသော ဖော်ပြချက်အား အပိုဒ်ခွဲ (က) အဖြစ် ဖော်ပြပြီး အပိုဒ်ခွဲ (ခ)အဖြစ် "အခြေခံပညာအဆင့်တွင် လိုအပ်ချက်ရှိလျှင် တိုင်းရင်းသားဘာသာစကားကို မြန်မာဘာသာစကားနှင့်အတူ သင်ကြားမှု ဘာသာစကားအဖြစ် တွဲဖက်အသုံးပြုနိုင်သည်။" ဟု ဖြည့်စွက်ဖော်ပြသင့်ပါသည်။ အခြေခံပညာအဆင့်တွင် သင်ယူသူ တိုင်းရင်းသား၏ မိခင်ဘာသာစကားဖြင့် သင်ကြားခြင်းသည် တတ်မြောက်မှုကို ထိရောက်စွာ အထောက်အကူဖြစ်စေနိုင်သောကြောင့် အပိုဒ်ခွဲ(ခ)အား ဖြည့်စွက်လိုခြင်း ဖြစ်ပါသည်။ | - နိုင်ငံတော်သမ္မတ၏ သဘောထား မှတ်ချက်နှင့်အညီ ပြင်ဆင်သည်။ |
| (ထ) | ၅၅။ အစိုးရအဖွဲ့နှင့် ကော်မရှင်သည် ပုဒ်မ ၅၄ ပါလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေး အာမခံမှုအကဲဖြတ်ကော်မတီကို လွတ်လပ်သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပေးရမည်။ | - ဥပဒေကြမ်း၏ ပုဒ်မ ၅၅ တွင် "အစိုးရအဖွဲ့နှင့် ကော်မရှင်သည် ပုဒ်မ ၅၄ ပါလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီကို လွတ်လပ်သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပေးရမည်။" ဟူသော ဖော်ပြချက်အား "ကော်မရှင်သည် ပုဒ်မ ၅၄ ပါ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေး အာမခံမှုအကဲဖြတ်ကော်မတီကို လွတ်လပ်သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပေးရမည်။" ဟု ပြင်ဆင်သင့်ပါသည်။ ကော်မရှင်အနေဖြင့် လွတ်လပ်စွာဆုံးဖြတ် ဆောင်ရွက်ပိုင်ခွင့်ရရှိစေရန်နှင့် ဥပဒေကြောင်းအရ လုပ်ပိုင်ခွင့်ကွဲပြားရှင်းလင်းစေရန် ဖြစ်ပါသည်။ | - နိုင်ငံတော်သမ္မတ၏ သဘောထား မှတ်ချက်နှင့်အညီ ပြင်ဆင်သည်။ |
| (ဒ) | ၅၇။ (ခ) ထူးခြားသော လုပ်ငန်း သဘာဝအရ အစိုးရအဖွဲ့၏ သီးခြားခွင့်ပြုချက်ဖြင့် သာသနာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနများနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့က ထူထောင်ဖွင့်လှစ်ထားသည့် အဆင့်မြင့်ပညာကျောင်းများမှအပ ကျန်တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများအားလုံးသည် အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရမည်။ | - ဥပဒေကြမ်း၏ ပုဒ်မ ၅၇၊ ပုဒ်မခွဲ(ခ) တွင် "ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနများနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့" ဟု ဖော်ပြမှုအား "ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့" ဟု ပြင်ဆင်သင့်ပါသည်။ | - နိုင်ငံတော်သမ္မတ၏ သဘောထား မှတ်ချက်နှင့်အညီ ပြင်ဆင်သည်။ |
| (ဓ) | ၆၀။ ဝန်ကြီးဌာနသည် ပုဂ္ဂလိကကျောင်းအသီးသီးကို ကြီးကြပ်ရန် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ သို့မဟုတ် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့ကို တာဝန်ပေးအပ်ကြီးကြပ်စေရမည်။ | - ဥပဒေကြမ်း၏ ပုဒ်မ ၆၀ တွင် "ဝန်ကြီးဌာနသည် ပုဂ္ဂလိကကျောင်းအသီးသီးကို ကြီးကြပ်ရန် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ သို့မဟုတ် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့ကို တာဝန်ပေးအပ် ကြီးကြပ်စေရမည်။" ဟူသော ဖော်ပြချက်အား "ကော်မရှင် သည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများအား ကြီးကြပ်ရန် သင့်လျော်သော ပုဂ္ဂိုလ်များ ပါဝင်သည့် အဖွဲ့အစည်းတစ်ရပ်ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။" ဟု ပြင်ဆင်သင့်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်စေရန်လည်းကောင်း၊ ဥပဒေကြမ်း၏ ပုဒ်မ ၃၄ ၊ ပုဒ်မခွဲ(ဃ) နှင့် ညီညွတ်စေရန်လည်းကောင်း၊ ကော်မရှင်အနေဖြင့် လွတ်လပ်စွာ လုပ်ပိုင်ခွင့်ရရှိစေရန် လည်းကောင်း ရည်ရွယ်၍ ပြင်ဆင်လိုခြင်းဖြစ်ပါသည်။ | - နိုင်ငံတော်သမ္မတ၏ သဘောထား မှတ်ချက်နှင့်အညီ ပြင်ဆင်သည်။ |
| (န) | ၆၁။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဘုန်းတော်ကြီးသင်ကျောင်းများ၊ ပရဟိတကျောင်းများ၊ အထူးပညာရေးအစီအစဉ်ကျောင်းများနှင့် ရွေ့လျားနှင့်အရေးပေါ်ကျောင်းများ၊ ရပ်ရွာ ပညာပဒေသာဌာနများ၊ ရပ်ရွာအခြေပြုပညာရေးအစီအစဉ်များနှင့် ကျောင်းပြင်ပ မူလတန်းပညာရေးသင်တန်းများကို စိစစ်ပြီး လိုအပ်လျှင် ပညာသင်ကာလအတွင်း ထောက်ပံ့ကြေးများနှင့် အခြားအကျိုးခံစားခွင့်များကို လိုအပ်ချက်နှင့်အညီ ကူညီထောက်ပံ့ပေးရမည့်အပြင် လိုအပ်သည့် ပညာရပ်နှင့် သတ်မှတ်ထားသော ကျောင်းအဆင့်အတန်းရောက်ရှိစေရန်နှင့် နည်းပညာ၊ ကျွမ်းကျင်သူနှင့် သင်ကြားရေး အထောက်အကူများ ပံ့ပိုးပေးရမည်။ | - ဥပဒေကြမ်း၏ပုဒ်မ ၆၁ တွင် ဖော်ပြထားသော "မူလတန်းပညာရေး သင်တန်းများကိုစိစစ်ပြီး" ဟူသော စကားရပ်အား "အခြေခံပညာအဆင့် သင်တန်းများကို စိစစ်ပြီး" ဟု ပြင်ဆင်သင့်ပါသည်။ ဤဇယား၏ စာတိုင် ၁၊ စာပိုဒ်ခွဲ(ဌ) တွင် ကျိုးကြောင်းဖော်ပြချက်အား ရှင်းလင်းပြီးဖြစ်ပါသည်။ | - နိုင်ငံတော်သမ္မတ၏ သဘောထား မှတ်ချက်နှင့်အညီ ပြင်ဆင်သည်။ |
| (ပ) | ၆၄။ (က) အစိုးရအဖွဲ့၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များသည် နိုင်ငံတော်က တာဝန်ယူဆောင်ရွက်သော ပညာရေးကဏ္ဍအသီးသီး အတွက် လိုအပ်သော ဘဏ္ဍာငွေကို ဥပဒေနှင့်အညီ ထောက်ပံ့ပေးရမည်။ | - ဥပဒေကြမ်း၏ ပုဒ်မ ၆၄၊ ပုဒ်မခွဲ (က) တွင် "နိုင်ငံတော်က တာဝန်ယူဆောင်ရွက်သော ပညာရေးကဏ္ဍအသီးသီးအတွက် လိုအပ်သောဘဏ္ဍာငွေကို ဥပဒေနှင့်အညီထောက်ပံ့ပေးရမည်။" ဟူသော ဖော်ပြချက်အား "နိုင်ငံတော်က တာဝန်ယူဆောင်ရွက်သော ပညာရေးကဏ္ဍအသီးသီးအတွက် လိုအပ်သော ဘဏ္ဍာငွေကို ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ ထောက်ပံ့ပေးရမည်။"ဟု ပြင်ဆင်သင့်ပါသည်။ ဥပဒေ၏အမည် အတိအကျရှိပြီးသောကြောင့် ဖြစ်ပါသည်။ | - နိုင်ငံတော်သမ္မတ၏ သဘောထား မှတ်ချက်နှင့်အညီ ပြင်ဆင်သည်။ |

စာမျက်နှာ - ၁၈ သို့ »

» စာမျက်နှာ - ၁၇ မှ

| စဉ် | ပြည်ထောင်စုလွှတ်တော်၏ မူလအတည်ပြုချက် | နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက် | ပြည်ထောင်စု လွှတ်တော်၏ အပြီးသတ် အတည်ပြုချက် |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| (ဖ) | ၆၅။ ကော်မရှင်ကဖွဲ့စည်းသောကော်မတီနှင့် အဖွဲ့များသည် ၎င်းတို့၏ နှစ်စဉ် ဘဏ္ဍာရန်ပုံငွေ လိုအပ်ချက်ကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြရမည်။ အလားတူ ကော်မတီနှင့် အဖွဲ့များတွင် ပါဝင်သော ပုဂ္ဂိုလ်များအတွက် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်နှင့်အညီ သတ်မှတ်နိုင်သည်။ | - ဥပဒေကြမ်း၏ပုဒ်မ ၆၅ ပါ "ကော်မရှင်က ဖွဲ့စည်းသော ကော်မတီနှင့်အဖွဲ့များသည် ၎င်းတို့၏နှစ်စဉ်ဘဏ္ဍာရန်ပုံငွေ လိုအပ်ချက်ကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့တင်ပြရမည်။ အလားတူ ကော်မတီနှင့်အဖွဲ့များတွင် ပါဝင်သော ပုဂ္ဂိုလ်များအတွက် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို အစိုးရအဖွဲ့၏ ခွင့်ပြုချက် နှင့်အညီ သတ်မှတ်နိုင်သည်။" ဟူသော ဖော်ပြချက်အား ခြေဆင်းအဖြစ် **ကော်မရှင်သည်-** ဟုဖော်ပြပြီး ပုဒ်မခွဲ (က) အဖြစ် "ဖွဲ့စည်းသော ကော်မတီနှင့် အဖွဲ့များသည် ၎င်းတို့၏ နှစ်စဉ် ဘဏ္ဍာရန်ပုံငွေလိုအပ်ချက်ကို ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနမှ တစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြရမည်။"ဟု လည်းကောင်း၊ ပုဒ်မခွဲ(ခ)အဖြစ် "ကော်မတီနှင့် အဖွဲ့များတွင် ပါဝင်သော ပုဂ္ဂိုလ်များအတွက် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်နိုင်သည်။"ဟုလည်းကောင်း ပြင်ဆင်ဖော်ပြသင့်ပါသည်။ ချီးမြှင့်ငွေနှင့် စရိတ်တို့အား သတ်မှတ်ပေးမည့် အဖွဲ့အစည်းအမည် ရှင်းလင်းစေရန် ဖြစ်ပါသည်။ | - နိုင်ငံတော်သမ္မတ၏ သဘောထား မှတ်ချက်နှင့်အညီ ပြင်ဆင်သည်။ |
| (ဗ) | - | - ဥပဒေကြမ်း၏ အခန်း ၁၂ တွင် ပုဒ်မ ၆၅ ၏နောက်၌ "အခွန်ကိစ္စရပ်များ အတွက် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။" ဟု ပုဒ်မတစ်ခုဖြည့်စွက်ဖော်ပြသင့်ပါသည်။ | **- မလိုအပ်ကြောင်း သုံးသပ်၍ ပြည်ထောင်စု လွှတ်တော်က ပယ်ဖျက်သည်။** |
| (ဘ) | **အခန်း(၁၃)<br>ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ**<br>၆၆။ ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သော ကျောင်းအားလုံးသည် ဤဥပဒေ စတင် အာဏာတည်သည့်နေ့မှ ငါးနှစ် ကာလအတွင်း ဤဥပဒေနှင့်အညီ ဆောင်ရွက်ပြီးဖြစ်ရမည်။<br>{၁၆။ (က) အခြေခံပညာရေးကို အောက်ပါအတိုင်း အဆင့် ၃ ဆင့် ခွဲခြားထားပြီး သူငယ်တန်းပညာရေး ပြီးသည့်နောက် ပညာသင်နှစ် စုစုပေါင်း ကာလမှာ ၁၂ နှစ်ကို ဦးတည်၍ ဆောင်ရွက်ရန်ဖြစ်သည်-<br>(၁) မူလတန်းအဆင့်ပညာရေး၊<br>(၂) အလယ်တန်းအဆင့် ပညာရေး၊<br>(၃) အထက်တန်းအဆင့် ပညာရေး။} | - ဥပဒေကြမ်း၏အခန်း ၁၃ "ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ"ခေါင်းစီးနှင့် ယင်းအောက်ရှိ ပုဒ်မ ၆၆ ကို ပယ်ဖျက်သင့်ပါသည်။ ကူးပြောင်းရေးလုပ်ငန်းစဉ်များကို အခြေခံပညာကဏ္ဍတွင် ဥပဒေကြမ်း၏ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(က) ပါဖော်ပြချက်အရ ၅ နှစ်အတွင်း ပြီးပြည့်စုံသည်အထိ ဖော်ဆောင်နိုင်မည် မဟုတ်ပါ။ ယေဘုယျအားဖြင့် အခြေခံပညာကဏ္ဍ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်သည် ၂၀၁၄ ခုနှစ်တွင် စတင်နိုင်ပါက ၂၀၂၇ ခုနှစ်တွင်မှ ပြီးဆုံးမည်ဖြစ်သောကြောင့် ဖြစ်ပါသည်။ | **- ပြည်ထောင်စု လွှတ်တော်က အတည်ပြုထားသည့်အတိုင်း ဆက်လက်ထား ရှိသည်။** |
| (မ) | - | - ဥပဒေကြမ်း၏ အခန်း ၁၄ တွင် ပုဒ်မ ၆၇ ၏ရှေ့၌ "ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရန်အတွက် ကဏ္ဍအလိုက် လိုအပ်သည့် ဥပဒေများကို ပြဋ္ဌာန်းနိုင်သည်။" ဟု ပုဒ်မတစ်ခု ဖြည့်စွက်ဖော်ပြသင့်ပါသည်။ ကဏ္ဍအသီးသီးသည် ဥပဒေကျောထောက်နောက်ခံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ဖြစ်ပါသည်။ | **- မလိုအပ်ကြောင်း သုံးသပ်၍ ပြည်ထောင်စု လွှတ်တော်က ပယ်ဖျက်သည်။** |

၅။ ဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းနိုင်ရေး နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးနိုင်ရန် ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်းတွင် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များအနက် ၆ ချက်ကို ပြည်ထောင်စုလွှတ်တော်က မူလအတည်ပြုသည့်အတိုင်း ဆက်လက်အတည်ပြုထားကြောင်း သိရှိရသည်။

၆။ အနာဂတ်ပညာရေးအတွက် များစွာအရေးကြီးသည့် ဥပဒေကြမ်းဖြစ်ရာ ဥပဒေအားပြဋ္ဌာန်းပြီး ကျင့်သုံးရာတွင် အခက်အခဲရှိလာလျှင် အကောင်းဆုံးဖြစ်စေရေး လွှတ်တော်အနေဖြင့် ပြန်လည်သုံးသပ်ရန်ရှိလာပါကလည်း ဆောင်ရွက်သင့်ကြောင်းကို သဘောထားဖော်ပြလျက် ဥပဒေကြမ်းအား နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ် ရေးထိုးပြီး ၃၀-၉-၂၀၁၄ ရက်တွင် ပြည်ထောင်စုလွှတ်တော်နာယကထံ ပြန်လည်ပေးပို့ခဲ့သည်။ ယင်းသဘောထား ဖော်ပြသည့် ပေးပို့စာ အပြည့်အစုံအား အောက်တွင်ဖော်ပြသည်-

*"ရည်ညွှန်းချက်။ (၁) နိုင်ငံတော်သမ္မတထံသို့ ပြည်ထောင်စုလွှတ်တော် နာယက က ၃၁-၇-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၁/ပထ(စည်းဝေး)၉/၂၀၁၄- ၁၀၄ ဖြင့် ပေးပို့စာ*

*(၂) နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော် နာယက ထံသို့ ၁၃-၈-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၁၀၇ (၂) / ၈ /သမ္မတရုံးဖြင့် ပေးပို့စာ*

*(၃) နိုင်ငံတော်သမ္မတထံသို့ ပြည်ထောင်စုလွှတ်တော် နာယက က ၂၉-၉-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၁/ပထ(စည်းဝေး)၉/၂၀၁၄-၁၂၃ ဖြင့် ပေးပို့စာ*

*၁။ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးဖြစ်သော အမျိုးသားပညာရေးဥပဒေကြမ်းအား နိုင်ငံတော် သမ္မတက အတည်ပြုလက်မှတ်ရေးထိုးနိုင်ရန် ရည်ညွှန်း(၁)ပါစာဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၅၊ ပုဒ်မခွဲ(က)အရ ပေးပို့ခဲ့ပါသည်။ သို့ရာတွင် ပေးပို့လာသော ဥပဒေကြမ်းအပေါ် ဥပဒေပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာပညာရှင်များနှင့် အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေး၍ အကောင်းဆုံးဥပဒေဖြစ်လာနိုင်ရေးအတွက် ဥပဒေရေးရာနှင့် ဘာသာရပ်ဆိုင်ရာ ၂၂ ချက်၊ ရေးထုံး ၃ ချက်တို့ကို သုံးသပ်ပြင်ဆင်နိုင်ရန် သဘောထားမှတ်ချက်အဖြစ် ရည်ညွှန်း(၂) ပါစာဖြင့် ပေးပို့ခဲ့ပါသည်။*

*၂။ ပေးပို့ခဲ့သည့် သဘောထားမှတ်ချက်များအနက် ဥပဒေကြမ်း၏ ပုဒ်မ ၂၆ နှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ကို လက်မခံဘဲ ပြည်ထောင်စုလွှတ်တော်က မူလအတည်ပြုသည့်အတိုင်း ဆက်လက်အတည်ပြု၍ လက်မှတ်ရေးထိုးရန် ပေးပို့လာသည်ကို တွေ့ရှိရပါသည်။ ဥပဒေကြမ်းပူးပေါင်းကော်မတီမှ ဥပဒေကြမ်း၏ပုဒ်မ ၂၆ ကို ပြည်ထောင်စုလွှတ်တော်၏ မူလအတည်ပြုချက်အတိုင်းထားရှိရန် အကြံပြုခဲ့ပြီး ပြည်ထောင်စုလွှတ်တော်တွင် မဲခွဲဆုံးဖြတ်ခဲ့သည်ကို တွေ့ရှိရပါသည်။ ဥပဒေကြမ်း၏ပုဒ်မ ၅၆ နှင့် ပုဒ်မ ၅၇ တို့ပါဖော်ပြချက်များသည် ညီညွတ်မှုရှိသော်လည်း ပုဒ်မ ၂၆ ပါဖော်ပြချက်သည် ပုဒ်မ ၅၇၊ ပုဒ်မခွဲ(ခ) ပါဖော်ပြချက်နှင့် ညီညွတ်ရန် လိုအပ်ချက်ကြောင့် အရေးကြီးသော ဥပဒေကြမ်း ဖြစ်သည့်အားလျော်စွာ ကျင့်သုံးရာတွင် အခက်အခဲမဖြစ်ပေါ်စေရေးအတွက် ပြင်ဆင်သင့်သည်ကို သဘောထားမှတ်ချက် ပေးပို့ခဲ့ခြင်းဖြစ်ပါသည်။*

*၃။ အလားတူ ဥပဒေကြမ်း၏ ပုဒ်မ ၆၆ ပါဖော်ပြချက်သည် ကူးပြောင်းရေးကာလ လုပ်ငန်းစဉ်များကို ပုဒ်မ ၁၆၊ ပုဒ်မခွဲ(က) ပါဖော်ပြချက်များအရ ၅ နှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်မည် မဟုတ်သောကြောင့် ပယ်ဖျက်ရန် သဘောထားပေးပို့ခဲ့ခြင်း ဖြစ်ပါသည်။*

*၄။ ဥပဒေကြမ်းသည် အနာဂတ်ပညာရေးအတွက် များစွာအရေးကြီးသည်ဖြစ်ရာ အထက်စာပိုဒ် ၂ နှင့် စာပိုဒ် ၃ တို့ပါ ကိစ္စရပ်များကြောင့် ဤဥပဒေအား ပြဋ္ဌာန်းပြီး ကျင့်သုံးရာတွင် အခက်အခဲရှိလာလျှင် အကောင်းဆုံးဖြစ်စေရေး လွှတ်တော်အနေဖြင့် ပြန်လည်သုံးသပ်ရန်ရှိလာပါကလည်း ဆောင်ရွက်သင့်ကြောင်း ဖော်ပြပါသည်။*

*၅။ ပြည်ထောင်စုလွှတ်တော်က ထပ်မံဆွေးနွေးအတည်ပြုထားပြီးဖြစ်ပါသဖြင့် ဥပဒေကြမ်းအား နိုင်ငံတော် သမ္မတက အတည်ပြုလက်မှတ်ရေးထိုးပါသည်။*

*၆။ နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးပြီးသော အမျိုးသားပညာရေးဥပဒေအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၆၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်အရ ပေးပို့ပါသည်။"*

၇။ ပြည်ထောင်စုလွှတ်တော်သည် **အမျိုးသားပညာရေးဥပဒေ**ကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၆၊ ပုဒ်မခွဲ(ခ) ပါ ပြဋ္ဌာန်းချက်အရ ၃၀-၉-၂၀၁၄ ရက်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၁ အဖြစ် ပြဋ္ဌာန်းခဲ့ပြီး အပြည့်အစုံကို ၄-၁၀-၂၀၁၄ ရက်နှင့် ၅-၁၀-၂၀၁၄ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပြီးဖြစ်သည်။

၈။ ပြည်ထောင်စုလွှတ်တော်မှ ထပ်မံဆွေးနွေးအတည်ပြုမှုအရ **အမျိုးသားပညာရေးဥပဒေကြမ်း**အား နိုင်ငံတော်သမ္မတက သဘောထားဖော်ပြလျက် လက်မှတ်ရေးထိုးခဲ့သည့်အခြေအနေကို အများပြည်သူသိရှိနိုင်ရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

အထူးစည်ကားစွာကျင်းပမည့် တောင်ကြီးတန်ဆောင်တိုင်အကြို
**တောင်ကြီးမြို့ ကုန်စည်ပြပွဲ နှင့် ကားပြပွဲကြီး**
(၂၄-၁၀-၂၀၁၄)မှ(၂၈-၁၀-၂၀၁၄)မြို့တော်ခန်းမ WINNER Ph:0951 73076, 09 250660119, 09 36152320, 09 250375368

# မြိတ်မြို့တွင် တစ်နှစ်တာ အတွင်း ခွေးရူးပြန်ရောဂါ ကာကွယ်ဆေး ပြည်သူ ၁၅၀၀အားထိုးနှံပေးပြီးဖြစ်

**မြိတ်၊ အောက်တိုဘာ ၁၄**

မြိတ်မြို့ ပြည်သူ့ဆေးရုံကြီးအနေဖြင့် တစ်နှစ်တာကာလအတွင်း ခွေးရူးပြန်ရောဂါကာကွယ် ဆေးအလုံးပေါင်း ၄၀၀၀ ကျော်အား လူဦးရေ ၁၅၀၀ ခန့်ကို ကာကွယ်ဆေးထိုးပေးခဲ့ပြီးဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့တွင် မြန်မာနိုင်ငံဆရာဝန်အသင်း(မြိတ်) မှ ကြီးမှူးကျင်းပသော ခွေးရူးပြန်ရောဂါ ကာကွယ်ရေး လူထုပညာပေးဟောပြောပွဲ၌ မြိတ်မြို့၊ ပြည်သူ့ဆေးရုံကြီး မှဆေးရုံအုပ်ကြီး မြန်မာနိုင်ငံ ဆရာဝန်အသင်း (မြိတ်) ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်သန္တာမျိုးဝင်းကဆွေးနွေးပြောကြားခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့တွင် မြန်မာနိုင်ငံဆရာဝန်အသင်း(မြိတ်)က ကြီးမှူးကျင်းပသော ခွေးရူးပြန်ရောဂါကာကွယ်ရေး လူထုပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၁၂ ရက် နံနက် ၉ နာရီ က ပုလဲရတနာခန်းမတွင်ကျင်းပရာ မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်)မှ ပါမောက္ခများ၊ မြိတ်ခရိုင် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံဆရာဝန်အသင်း(မြိတ်)မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိက ဆေးရုံများမှ တာဝန်ရှိသူများနှင့် ဆေးကုမ္ပဏီများမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

ထိုနောက် မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်)မှ ပါမောက္ခဦးချစ်စိုးက ခွေးရူးပြန်ရောဂါအကြောင်းသိကောင်းစရာများနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင်ခွေးပေါင်း ၃ဒသမ ၅ သန်းခန့်ရှိပြီး ခွေးကိုက်ခံရသူပေါင်း ခြောက်သိန်းခန့်ရှိရာ ၃၀ ရာခိုင်နှုန်းနှင့် ၅၀ ရာခိုင်နှုန်းခန့်သည် အသက် ၁၅ နှစ် အောက်ကလေးများဖြစ်ပြီး ခွေးအသေများ၏ ဦးနှောက်ကိုခွဲစိတ်စမ်းသပ်ရာ ၇၀ ရာခိုင်နှုန်းသည် ခွေးရူးပြန်ရောဂါပိုးရှိကြောင်းနှင့် ခွေးရူးပြန်ရောဂါ လူတွင်ဖြစ်ပွားတတ်သော သွင်ပြင်လက္ခဏာများကို Power Point ဖြင့် ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်)မှ ပါမောက္ခ ဒေါ်တင်တင်မြိုင်က တိရစ္ဆာန်များတွင် ဖြစ်ပွားပုံများနှင့် ထိန်းသိမ်းစောင့်ရှောက်ပုံများကိုလည်းကောင်း၊ ဒေါက်တာဒေါ်နန်းဖြူဖြူအောင်က ခွေးကိုက်ခံရသူများအား ပြုစုစောင့်ရှောက်ပုံ ကာကွယ်ဆေးများနှင့် ဆေးထိုးနည်းများအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး ဟောပြောပွဲတက်ရောက်လာသူများက ခွေးရူးပြန်ရောဂါနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်) မှ ပါမောက္ခများက ဆွေးနွေးဖြေကြားခဲ့ကြသည်။

ယင်းနောက် ခွေးကိုက်မခံရသော်လည်းကြိုတင်ကာကွယ်သည့်အနေဖြင့် ခွေးရူးပြန်ရောဂါ ကြိုတင်ကာကွယ်ဆေး အလုံး ၅၀ ကို ပြည်သူများအား အခမဲ့ ထိုးပေးခဲ့ကြောင်းနှင့် အဆိုပါကြိုတင်ကာကွယ်ဆေးသည် တစ်ပတ်လျှင် တစ်ကြိမ် သုံးပတ်ထိုးရမည်ဖြစ်ရာ ပထမအကြိမ် ကာကွယ်ဆေး ထိုးပြီးသူများအား ဒုတိယအကြိမ်နှင့် တတိယအကြိမ်ကို မြိတ်မြို့ပြည်သူ့ဆေးရုံကြီးတွင် ၁၂ နာရီမှ ၄ နာရီအထိ အခမဲ့ထိုးပေးမည်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မြိတ်ခရိုင် ပြန်/ဆက်**

## လားရှိုးမြို့တွင် ဆရာ၊ ဆရာမများ အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**လားရှိုး၊ အောက်တိုဘာ ၁၄**

ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ထောက်ပံ့မှုဖြင့် ဖွင့်လှစ်သည့် ဆရာ၊ ဆရာမများ အင်္ဂလိပ်စာ အရည်အသွေးမြှင့် (Teaching Knowledge Test) Module-1 အပိုင်း(၁) သင်တန်းဆင်းပွဲအခမ်းအနားကို လားရှိုးမြို့၊ အမှတ် (၆) အခြေခံပညာ အထက်တန်းကျောင်း၊ ကမ္ဘောဇခန်းမ၌ အောက်တိုဘာ ၁၂ ရက် ညနေ ၅နာရီက ကျင်းပခဲ့သည်။




ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိန်အုပ်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာများဖြစ်ကြသည့် Mr.John Austin နှင့် Miss.Danielle တို့က သင်တန်းအတွေ့အကြုံများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ သင်တန်းသား၊ သင်တန်းသူများကိုယ်စား ကွတ်ခိုင်မြို့နယ် အထက်တန်းပြဆရာ ဦးနေလင်းက ကျေးဇူးတင်စကားပြောကြားခဲ့ပြီး၊ သင်တန်းဆင်းလက်မှတ်များကို ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိန်အုပ်ကလည်းကောင်း၊ သင်တန်းပို့ချပေးသည့် နည်းပြဆရာနှစ်ဦးအား ပြည်နယ်ပညာရေးမှူး ညွှန်ကြားရေးမှူးရုံး(ရုံးခွဲ) ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝင်းကြည်ကလည်းကောင်း ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းဆရာများမှာ အမေရိကန်နိုင်ငံ Cambridge တက္ကသိုလ်မှ နည်းပြဆရာများဖြစ်ကာ အောက်တိုဘာ ၅ ရက်မှ ၁၂ ရက်အထိ သင်တန်းကာလ ရက်သတ္တပတ်တစ်ပတ်ကြာဖွင့်လှစ်သင်ကြားပေးပြီး၊ အထက်တန်းပြ ဆရာ၊ ဆရာမ ၇၀၊ အလယ်တန်းပြ ဆရာ၊ ဆရာမ ၃၀၊ စုစုပေါင်း ဆရာ၊ ဆရာမ ၁၀၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဒီဇင်ဘာလအတွင်း Module (2) နှင့် Module (3)တို့ကို ဆက်လက်ဖွင့်လှစ်သင်ကြားပို့ချသွားမည် ဖြစ်ပြီး သင်တန်းကာလပြီးဆုံးပါက အဆိုပါတက္ကသိုလ်၏ ချီးမြှင့်သည့် သင်တန်းဆင်းလက်မှတ်ကို ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**အောင်ကျော် (Iprd)**

## ဩစတြေးလျနိုင်ငံ အထက်တန်းကျောင်းများသို့ မန္တလေးမှ ကျောင်းသား ကျောင်းသူများ လေ့လာ

**မန္တလေး အောက်တိုဘာ ၁၄**

လေ့လာသင်ကြားမှုကို ပျော်ရွှင်မှုတစ်ရပ်အနေဖြင့် ခံယူစေရန်၊ ဩစတြေးလျနိုင်ငံ၏ တောတောင်၊ ပင်လယ် သဘာဝအလှများကို လေ့လာနိုင်ရန်၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို အတွင်းကျကျ လေ့လာနိုင်ရန်၊ အတွေ့အကြုံ ဗဟုသုတဖလှယ်နိုင်ရန် ရည်ရွယ်၍ ILBC (မန္တလေး)မှ ဆရာများနှင့် ကျောင်းသား ကျောင်းသူများ ဩစတြေးလျနိုင်ငံရှိ အထက်တန်း ကျောင်းများသို့ ပထမဆုံးအကြိမ် လေ့လာရေး ခရီးထွက်ခွာသွားကြောင်း သိရသည်။



အဆိုပါ Program တွင် ILBC (မန္တလေး)မှ ဆရာသုံးဦး ဦးဆောင်၍ ကျောင်းသား ကျောင်းသူ ၆၃ ဦးပါဝင်သော အဖွဲ့သည် ဩစတြေးလျနိုင်ငံ Queensland Brisban မြို့ရှိ အထက်တန်းကျောင်းများ ဖြစ်သော Cleveland State High School, Whites Hill State College နှင့် The Gap State High School တို့တွင် နှစ်ပတ်ကြာ တက်ရောက်သင်ယူလေ့လာကြမည်ဖြစ်သည်။

အဆိုပါအဖွဲ့သည် လေ့လာသင်ယူမှုများအတွက် အောက်တိုဘာ ၁၁ ရက် ညနေပိုင်းက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဩစတြေးလျနိုင်ငံသို့ ထွက်ခွာသွားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**


### နှစ်ဦးသဘောတူလက်ထပ်ပြီးစီးပါကြောင်း

သာကေတမြို့နယ်နေ ကျွန်တော် မောင်သန့်ဇင် [၁၂/သကတ(နိုင်)၀၂၀၁၅၉] နှင့် မသန်းသန်းဌေး [၁၂/သကတ(နိုင်)၁၂၆၈၄၇]တို့သည် ရန်ကုန်တိုင်းဒေသကြီး၊ တရားလွှတ်တော်ဦးစီးအရာရှိ ဒေါ်အေးအေးခိုင်၏ ရှေ့မှောက်တွင် နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

မောင်သန့်ဇင်-မသန်းသန်းဌေး

TDK Machinery Company

(Used) ဂျပန်စက်ပစ္စည်းများရောင်းရန်ရှိသည်။ တွင်ခုံ၊ သံပြားဖြတ်စက်၊ ခနိတင်ဝန်ချုယာဉ်၊ ဝရိန်စက်၊ လယ်ထွန်စက်မီးစက်၊ Milling, Boring နှင့် အခြားစက်ယန္တရားများလည်း ရရှိနိုင်ပါသည်။ Contact : Toe Wai Aung 09-254008946, 09-32364314, (၁၂၉)၊ဘုန်ဘွေးကုန်း၊မြို့မဘုရားလမ်း၊ကျေးရွာ၊ မှော်ဘီမြို့နယ်၊ရန်ကုန်မြို့။

### ရေကြည်တစ်ပေါက်ပရဟိတနှင့်လူမှုရေးအသင်း(အင်းစိန်)၏ အသင်းသားများနှင့်တာဝန်ရှိသူများသိစေရန်ကြေညာခြင်း

ကျွန်တော်တို့၏ ရေကြည်တစ်ပေါက်ပရဟိတနှင့်လူမှုရေးအသင်း(အင်းစိန်)ရှိအသင်း၏ လုပ်ငန်းဆောင်တာကိစ္စရပ်များအားလုံးကို အသင်း၏ တရားဝင်မှတ်ပုံတင်ကျပြီးနောက်ပိုင်းတွင် လုပ်ဆောင်မည့် လုပ်ငန်းများကို တည်ငြိမ်အေးဆေးစွာဆောင်ရွက်နိုင်ရေးအတွက် အီးစီ၏ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်အကောင်အထည်ဖော်ရန်အီးစီတွင် မဲစနစ်ကိုကျင့်သုံးရန်အတွက် ၁၆-၉-၂၀၁၄ ရက် အီးစီအရေးပေါ် အစည်းအဝေးတွင် အီးစီ (၁၀) ဦးစလုံး သဘောတူလက်မှတ်ရေးထိုးဆုံးဖြတ်ကြပြီးဖြစ်သဖြင့် အသင်းကြီး၏ ဆောင်ရွက်ရန် လုပ်ငန်းကိစ္စအရပ်ရပ်ကို တစ်ဦးတစ်ယောက်၏ ဆုံးဖြတ်ချက်ဖြင့် မပြုလုပ်ဘဲ အီးစီ၏ အများသဘောဆန္ဒ ဆုံးဖြတ်ချက်များနှင့်အညီ အသင်းကြီး ရေရှည်တည်တံ့ကောင်းမွန်ရေးအတွက်သော်လည်းကောင်း၊ အသင်းကြီး၏ ဂုဏ်သိက္ခာမြင့်မားတည်တံ့ရန်သော်လည်းကောင်း၊ စည်းကမ်း၊ နည်းလမ်းများဖြင့်သာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရေကြည်တစ်ပေါက် ပရဟိတနှင့်လူမှုရေးအသင်း(အင်းစိန်)၏အသင်းသားများနှင့် တာဝန်ရှိသူများသိစေရန် ကြေညာအပ်ပါသည်။

ရေကြည်တစ်ပေါက်ပရဟိတနှင့်လူမှုရေးအသင်း(အင်းစိန်)

### ၅-၁၀-၂၀၁၄ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၂)ပါ ဒေါ်နုနုစောမှ ပြန်လည်ရှင်းလင်းကြေညာခြင်းမှာမမှန်ကြောင်း ပြန်လည်ကြေညာခြင်း

လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိ(၄)လမ်း၊ တိုက်အမှတ်(၁၀၀)၊ အခန်း(၃/B)၊ ဒုတိယထပ်၊ (ခြေရင်းခန်း)သည် ကျွန်ုပ်အမှုသည် ဒေါ်အေးသီတာဝင်းမှာ တရားဝင်အမှန်တကယ် ဒေါ်နုနုစောနှင့် ၎င်း၏မိခင် ဒေါ်လေးတို့ထံမှ တန်ရာတန်ကြေးပေး၍ ၁၈-၅-၂၀၁၃ရက်က အပြီးအပိုင်ဝယ်ယူခဲ့ရာမြေရှင်နေရာ၌ လက်မှတ်ရေးထိုးရန် ဒေါ်နုနုစောတို့မှ တာဝန်ယူကြောင်း နောက်မှလက်မှတ်ရေးထိုးခိုင်းမည်ဟု ပြောဆိုသည်ကို ယုံကြည်၍ ဝယ်ယူခဲ့ခြင်းဖြစ်ပြီး တိုက်ခန်းပိုင်ဆိုင်မှုသည် ဝယ်သူထံ ရောက်ရှိသွားကြောင်း ရောင်းသူက ဝန်ခံပြီးဖြစ်သည်။ ထိုသို့ ကျွန်ုပ်အမှုသည်မှ ဝယ်ယူရာတွင် မူလအခန်းပိုင်ရှင်များ အဆင့်ဆင့်အရောင်းအဝယ်စာချုပ် အမှန်အကန်မူရင်းများသည် ကျွန်ုပ်အမှုသည်လက်ဝယ်သို့ ဒေါ်နုနုစောမှ မှန်ကန်စွာပေးအပ်ခဲ့ခြင်းဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ဒေါ်နုနုစောက ပေါင်နှံခဲ့ခြင်းမျိုးမရှိခဲ့ပါ။ တန်ရာတန်ကြေးပေါက်စျေးပေး၍ ဝယ်ယူခဲ့ခြင်းသာ ဖြစ်ပါသည်။ ၅-၁၀-၂၀၁၄ရက်ထုတ်ကြေးမုံသတင်းစာတွင် ဒေါ်နုနုစောမှ ပြန်လည်ရှင်းလင်းကြေညာချက်သည် မမှန်ကန်ပါ။ ယင်းကိစ္စနှင့်ပတ်သက်၍ ဒေါ်နုနုစောတို့ထံမှ ကျွန်ုပ်အမှုသည် သိရှိခြင်းမရှိဘဲ အရောင်းအဝယ်ပြုလုပ်ထားသော စာချုပ်များရှိပါက တရားမဝင်ကြောင်း ပြန်လည်ရှင်းလင်းကြေညာပါသည်။ ယခုအခါ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကျွန်ုပ်အမှုသည်မှ အရေးယူဆောင်ရွက်နေကြောင်း ကြေညာအပ်ပါသည်။ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ သတင်းစာကြော်ငြာထပ်မံရှင်းလင်းမည်မဟုတ်ဘဲ တရားဥပဒေအရအရေးယူဆောင်ရွက် သွားမည်ဖြစ်ကြောင်းသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးချစ်**(L.LB)**
ဥပဒေအကြံပေးနှင့်ဥပဒေအကျိုးဆောင်
ရွှေစံမြတ်အထွေထွေဝန်ဆောင်မှုလုပ်ငန်း
အမှတ်(၃၁)၊ မြေညီ၊ (၉)လမ်း၊ လမ်းမတော်မြို့နယ်၊
ဖုန်း-၀၁-၂၂၇၅၀၀၊ ၀၉-၅၁၀၇၅၄၇

## အထူးကျေးဇူးတင်ရှိခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

**ဦးထွေး (၈၃)နှစ်**

**အထွေထွေမန်နေဂျာ(ငြိမ်း)**

**ကုန်သွယ်၊ လယ်ယာ**

၂၉-၉-၂၀၁၄ရက် နံနက် ၁၀း၃၀နာရီတွင် စစ်ကိုင်းမြို့၌ ကွယ်လွန်ခဲ့သော ဦးထွေးအား အစဉ်စေတနာအပြည့်ဖြင့် ပြုစုကုသပေးလျက်ရှိသော Dr.ဒေါ်ခင်နှင်းရှိန်၊ စစ်ကိုင်းပြည်သူ့ဆေးရုံကြီးတွင် ဆေးရုံတက်နေစဉ် ကာလအတွင်း စေတနာမေတ္တာအပြည့်ဖြင့် ပြုစုစောင့်ရှောက်ပေးခဲ့ကြသော အထွေထွေရောဂါကုသမားတော်ကြီး Dr.ဒေါ်ခင်ခင်မြင့်၊ Dr.သက်ပိုင်စိုး၊ Dr.ကျော်ထွန်းဝင်း၊ ဖျားနာဆောင်(၂)တာဝန်ကျ ဆရာဝန်၊ ဆရာမများ၊ ဝန်ထမ်းများအားလုံး၊ သွေးသားရင်းချာကဲ့သို့ စေတနာမေတ္တာအပြည့်ဖြင့် ကူညီဖေးမခဲ့ကြသော သူနာပြုဆရာမကြီး ဒေါ်ခင်မာဌေး(သွားဌာန)၊ စစ်ကိုင်းဈေးမှ ခိုင်သဇင်ဆိုင်ပိုင်ရှင် ဒေါ်ခင်ပြုံး၊ ရွှေပြည်စုံဟိုတယ်ပိုင်ရှင် ဒေါ်ခင်သင်း၊ ဒေါ်ခင်လင်း၊ ဒေါ်ခင်ဝင်းနှင့် ညီအစ်မမိသားစုများ၊ ကုန်သွယ်/လယ်ယာဝန်ထမ်း မိသားစုများ၊ စစ်ကိုင်းမြို့ အမက-၁မိသားစုများ၊ ပိုးတန်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးလှထွန်းနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သုခကာရီအသင်းကြီး၊ လူကိုယ်တိုင်လာရောက် အားပေးကူညီကြသူများ၊ ဖုန်းဖြင့်သတင်းမေးအားပေးနှစ်သိမ့်ကြသူများ၊ ရန်ကုန်မြို့မှ ဆွေမျိုးညီအစ်ကိုမောင်နှမများ၊ ၁-၁၀-၂၀၁၄ရက် ဈာပနအား လိုက်ပါပို့ဆောင်ကြသူများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ဝါပွင့်ဖြူ(ခ) ဒေါ်ဝါပွင့် (နတ်မြစ်)**

**အသက်(၇၆)နှစ်**

သူငယ်ချင်း ဗိုလ်မှူးကြီး ညီဖြူလှ(အငြိမ်းစား)၊ ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်-ဒေါက်တာခင်စောသန်း ပါမောက္ခ/ဆေးပညာဌာန၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ဝါပွင့်ဖြူ အသက်(၇၆)နှစ်သည် ၁၁-၁၀-၂၀၁၄ ရက် (စနေနေ့) ည ၁၁း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းဆင်းသူငယ်ချင်းများ**
**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၁)၊ သီဟတပ်ခွဲ**

## အထူးကျေးဇူးတင်ရှိခြင်း

**ဒေါ်ဝါပွင့်ဖြူ(ခ) ဒေါ်ဝါပွင့် (နတ်မြစ်)**

**အသက်(၇၆)နှစ်**

မိခင်ကြီး ဒေါ်ဝါပွင့်ဖြူ နာမကျန်းစဉ် နေ့ရောညပါ စေတနာအပြည့်အဝဖြင့် ပြုစုကုသပေးခဲ့ကြသော ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ ဆေးကုသဆောင်နှင့် အထူးကြပ်မတ်ကုသဆောင်တို့မှ ပါမောက္ခဌာနမှူး ဒေါက်တာဇော်လင်းအောင်၊ ပါမောက္ခမေ့ဆေးဆရာဝန်ကြီး ဒေါက်တာစိုးညွှန့်၊ တွဲဖက်ပါမောက္ခဒေါက်တာမိုးမိုးဆန်း၊ အထူးကုဆရာဝန်ကြီးများ၊ ကထိကနှင့် ဆရာဝန်များ၊ သူနာပြုအုပ်ကြီးနှင့် သူနာပြုဆရာကြီး/ဆရာမများနှင့် ဝန်ထမ်းများအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

**ဦးညီဖြူလှ(ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်)**
**ပါမောက္ခ ဒေါ်ခင်စောသန်း (ပါမောက္ခ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)**
**မောင်ပြည့်စိုးဇံမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မြင့်မြင့် (ပြွန်တန်ဆာမြို့)**

**အသက်(၆၉)နှစ်**

သူငယ်ချင်းဗိုလ်မှူးကြီး ဌေးနိုင်-ဒေါ်ဝင်းဝင်းတို့၏အစ်မ ဒေါ်မြင့်မြင့် အသက်(၆၉)နှစ်သည် ၁၁-၁၀-၂၀၁၄ ရက် (စနေနေ့) ည ၉း၃၀ နာရီတွင် ပြွန်တန်ဆာမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းဆင်းသူငယ်ချင်းများ**
**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၁)၊ သီဟတပ်ခွဲ**

## ဝမ်းနည်းကြေကွဲခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၏ဇနီး၊ ဒေါက်တာမောင်မောင်ဆွေ-ဒေါ်မိုးမိုးအေး၊ ဦးဇော်မင်းအေး-ဒေါ်အေးမာအောင်၊ ဦးဥက္ကာအေး-ဒေါ်မေပုလဲအောင်ကိုတို့၏ မိခင်၊ မမိုးမိုးမဥ္ဇူအေး၊ မလင်းသန့်ကြည်စင်အေး၊ မကြည်နူးခင်၊ မောင်စစ်ထူးတင်တို့၏အဘွား၊ ဒေါ်ကြည်ကြည်အုန်း အသက်(၇၀)သည် ၁၁-၁၀-၂၀၁၄ (စနေနေ့) ည ၈း၀၂နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဌေးအောင်-ဒေါ်ဌေးဌေးညွှန့်(SAKURA)**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ကြည်ကြည်အုန်း အသက်(၇၀)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၏ဇနီးဖြစ်သူ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး ဒေါ်ကြည်ကြည်အုန်း အသက်(၇၀)သည် ၁၁-၁၀-၂၀၁၄ (စနေနေ့) ည ၈း၀၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းဆင်းတပည့်များ**
**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၁)၊ သီဟတပ်ခွဲ**

## (၁)နှစ်ပြည့်သတိရအလွမ်း

**ဒေါ်တင်အေးကြည်သန်း(ကေတီ)**

**ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန**

**(၁၅-၁၀-၂၀၁၄)**

မိသားစုအားလုံးထံမှ စောလျင်စွာ ထွက်ခွာသွားသည့်အတွက် နှမြောတသ ယူကျုံးမရစွာဖြင့် သတိတရပြုပေးနေသော ကုသိုလ်ဒါနအစုစုအတွက် ရောက်ရှိရာဘုံဘဝမှ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်၍ ဘုံဘဝမြင့်သထက်မြင့်ပါစေ

အေးရေ--------

**ချစ်သောမောင်(ကိုပေါက်)**
**သမီးလေး ဆုနန္ဒီနှင့်**
**ညီအစ်ကိုမောင်နှမမိသားစုအားလုံး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း ဒါယိကာမကြီး**

**ဒေါ်မြင့်မြင့်စိန် (၈၅)နှစ်**

**ချောက်မြို့**

ဦးစိုးမင်းလတ်(Chairman-SML Business Group)-ဒေါက်တာချောချောလင်းစန္ဒာ(Executive Director-SML Business Group)တို့၏ မိခင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း ဒါယိကာမကြီး ဒေါ်မြင့်မြင့်စိန်(ချောက်မြို့) အသက်(၈၅)နှစ်သည် ၇-၁၀-၂၀၁၄ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**CEO နှင့် ဝန်ထမ်းများ**
**SML Business Group**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ကြည်ကြည်အုန်း**

**အသက်(၇၀)**

ဦးတင်အေး(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)၏ဇနီးဖြစ်သူ ဘုရား၊ရဟန်း၊ သိမ်၊ကျောင်းဒါယိကာမကြီး ဒေါ်ကြည်ကြည်အုန်းသည် ၁၁-၁၀-၂၀၁၄ရက်(စနေနေ့)ည ၈း၀၂ နာရီတွင် ဝိတိုရိယအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးမောင်မောင်အောင်(ညွှန်ကြားရေးမှူး)-ဒေါ်နှင်းမာဝင်းမိသားစု**
**မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မြင့်မြင့်စိန်(ချောက်) အသက်(၈၅)နှစ်**

**ချောက်မြို့နယ်အသင်း(ရန်ကုန်)သက်ကြီးကန်တော့ခံ**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သိဒ္ဓိကျောင်းလမ်း၊ အမှတ်(၅)နေ (ဦးဆင့်)၏ဇနီး ဒေါ်မြင့်မြင့်စိန်(ချောက်)သည် ၇-၁၀-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ကြည်ကြည်အုန်း**

**အသက်(၇၀)**

ပြည်တောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၏ ဇနီးဖြစ်သူ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး-ဒေါ်ကြည်ကြည်အုန်း အသက်(၇၀) သည် ၁၁-၁၀-၂၀၁၄ရက် (စနေနေ့) ည ၈း၀၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြင့်ဝေနှင့် မောင်နှမတစ်စု**
**(ပညာတံခွန်ကျူရှင်) တံတားဦးမြို့မန္တလေးတိုင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်တင်မြ(ခ)Holly အသက်(၇၀)**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီးရပ်ကွက်၊ စကားဝါလမ်း၊ အမှတ်(၃၁/၁၈၃)နေ (ဗိုလ်မှူးကြီးကျော်မြ-ငြိမ်း)၏ ချစ်လှစွာသောဇနီး ဒေါ်တင်မြသည် ၁၀-၁၀-၂၀၁၄ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဖေဝင်း-ဒေါ်ထားထားရွှေနှင့် သားသမီးများ-**
**ဦးဝင်းမြတ်ဇော်- ဒေါ်သူဇာစိုး**
**ဗိုလ်မှူးကြီး ဇော်နိုင်ဝင်း-ဒေါ်ခိုင်ခိုင်စိုး**
**ဦးမိုးဇော်ဝင်း-ဒေါ်သိင်္ဂီဝင်း**
**ဦးအောင်နိုင်ဝင်း**
**ဒုတိယဗိုလ်မှူးကြီးကျော်ထက်-ဒေါ်စောမာလာဝင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ကြည်ကြည်အုန်း**

**အသက်(၇၀)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၏ဇနီးဖြစ်သူ ဒေါ်ကြည်ကြည်အုန်း အသက်(၇၀) (ဘုရား၊ ရဟန်း၊ သိမ်၊ကျောင်းဒါယိကာမကြီး)သည် ၁၁-၁၀-၂၀၁၄ (စနေနေ့) ည ၈း၀၂ နာရီတွင် ဝိတိုရိယအထူးကုဆေးရုံကြီး၌ ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်တိုးကြည်မိသားစု**
**ထုံးကြီးကျေးရွာ၊ ပဲခူးမြို့နယ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း ဒါယိကာမကြီး**

**ဒေါ်မြင့်မြင့်စိန် (၈၅)နှစ်**

**ချောက်မြို့**

ဦးစိုးမင်းလတ်(Chairman-SML Business Group)-ဒေါက်တာချောချောလင်းစန္ဒာ(Executive Director-SML Business Group)တို့၏ မိခင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း ဒါယိကာမကြီး ဒေါ်မြင့်မြင့်စိန်(ချောက်မြို့) အသက်(၈၅)နှစ်သည် ၇-၁၀-၂၀၁၄ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**SML Advanced Medical Laboratory -(မန္တလေး)မှ ဝန်ထမ်းများ**
**SML Advanced Medical Laboratory -(မော်လမြိုင်)မှ ဝန်ထမ်းများ**
**SML Advanced Medical Laboratory -(တောင်ကြီး)မှ ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ကြည်ကြည်အုန်း**

**အသက်(၇၀)**

ပြည်တောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၏ဇနီးဖြစ်သူ (ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး) ဒေါ်ကြည်ကြည်အုန်း အသက်(၇၀)သည် ၁၁-၁၀-၂၀၁၄ရက်(စနေနေ့)ည ၈း၀၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်မောင်နီ(ခ)ဦးဘိုနီနှင့် ဇနီး ဒေါ်ခင်ခင်သိန်း**
**သား-ကိုအောင်သူ၊ တူ-ကိုကျော်မိုးဝင်း**

ရောင်းမည်
သာကေတ၊ မြခွာညိုကွန်ဒို (၈)လွှာ၊ ၁၇၅၀ (S/F)၊ အဆင့်မြင့်ပြင်ဆင်ပြီး အသင့်နေရုံ၊ (River View)
ဖုန်း-၀၁-၃၇၄၉၃၅၊ ၀၉-၄၉၂၃၈၁၆၃

ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်
သုဝဏ္ဏ VIP I
74×75, 2RC
2 Master, 1 Single
Ph: 09 972539584

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ကြည်ကြည်အုန်း**

**အသက်(၇၀)**

မိဘသဖွယ်ရှိသေလေးစားရပါသော ကျေးဇူးရှင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး (ငြိမ်း)၏ဇနီး၊ အစ်မ ဒေါ်ကြည်ကြည်အုန်းသည် ၁၁-၁၀-၂၀၁၄ရက် (စနေနေ့)ည ၈း၀၂နာရီတွင် ကွယ်လွန်သွားပါ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူနှမြောတသ အထူးပင် ကြေကွဲဝမ်းနည်းရပါသည်။

အစ်မ၏မေတ္တာစေတနာနှင့် ကျေးဇူးတရားများကို မိသားစု အသက်ရှင်နေသ၍ သတိရ ကျေးဇူးတင်ရှိနေပါမည်။

**ဦးထွန်းအောင်ကြည်-မဆွေ မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးသန့်စင်**

**အသက်(၄၈)နှစ်**

Business Alliance Hotel ဥက္ကဋ္ဌ ဦးရဲမင်း၏ညီဖြစ်သူ ဦးသန့်စင် အသက်(၄၈)နှစ်သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ၁၁-၁၀-၂၀၁၄ရက် (စနေနေ့) ဒေသစံတော်ချိန် နံနက် ၁၀ နာရီ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**B.A.H Hotel နှင့်ဝန်ထမ်းများ**

ယနေ့ မာတိကာ

အီဘိုလာရောဂါ သတိထားကြပါ — စာမျက်နှာ - ၆

အလျှင်လိုရှာက အုတ်ခွက်ဘုရားများ — စာမျက်နှာ - ၉

ကောင်းမွေဆိုးမွေ ဖြစ်စေတတ်သည့် မျက်နှာအမူအရာ — စာမျက်နှာ - ၁၂


# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)မှ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)မှ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံစဉ်။ (မြဝတီ)

**နေပြည်တော် အောက်တိုဘာ ၁၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ)မှ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံရာတွင် တပ်မတော်နှင့် သတင်းမီဒီယာများအကြား သတင်းအချက်အလက်များ မှန်ကန်မြန်ဆန်စွာ စီးဆင်းမှုရှိရေးပူးပေါင်းဆောင်ရွက်ရန်၊ နှစ်ဖက်ထိတွေ့ ဆက်ဆံမှုများမှတစ်ဆင့် နားလည်မှု၊ ယုံကြည်မှုတို့အား တည်ဆောက်ရန်၊ တပ်မတော်နှင့် မီဒီယာအကြား အပြန်အလှန်အားကိုးအားထားပြုနိုင်သည်အထိ အားနည်းချက်၊ ချို့ယွင်းချက်များအား ပြုပြင်

**စာမျက်နှာ ၃ ကော်လံ ၄ သို့ ☆**

# အမရပူရမြို့နယ်မှ ၄၉၇ ပေရှည်သော ဒုတိယမြောက်ကြိုးတံတား

**အမရပူရ အောက်တိုဘာ ၁၄**

အမရပူရမြို့နယ်အတွင်း၌ ဒုတိယမြောက်ကြိုးတံတား တစ်စင်း ပေါ်ထွက်လာပြီဖြစ်သည်။ အမရပူရမြို့နယ်၏ ဒုတိယမြောက် စတီးကြိုးတံတားမှာ တပ်ကြီးကျေးရွာ အင်းဝသွားသည့် လမ်းဘေး၌တည်ရှိပြီး တံတားအရှည်မှာ ၄၉၇ ပေ၊ အကျယ်မှာ ခြောက်ပေဖြစ်သည်။

အဆိုပါတံတားကို ပြည်တွင်းမှ ဆောက်လုပ်ရေးပညာရှင် ဦးချစ်မောင်က ၎င်း၏ မိသားစုဝင်များနှင့်အတူ ဖန်တီးပုံဖော်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အမရပူရမြို့နယ်၏ ပထမဆုံး ကြိုးတံတားမှာ ဝဲကြီးဆင်ရွာမြစ်ငယ်မြစ်ခွဲချောင်းကူး မင်္ဂလာစတီးကြိုးတံတားဖြစ်ပြီး ဆွစ်ဇာလန်နိုင်ငံမှ အလှူရှင်၏လှူဒါန်းမှုနှင့် ဒေသခံများ စုပေါင်းလှူဒါန်းငွေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ကြိုးတံတားမှာ ရေလယ်တွင်ရှိပြီး မူလက ရွှေပေါ်ကျွန်းဘုရားကို ဝါးတံတားဖြင့်ကူးကာ ဖူးမြော်ခဲ့ကြရာမှ နောက်ပိုင်းတွင် သစ်သားတံတားဖြင့် သွားရောက်ဖူးမြော်နိုင်ရန် ပြုပြင်ဆောက် လုပ်ခဲ့ကြသည်။ ယခုအခါ သစ်သားတံတားမှာ ယိုင်နဲ့နေပြီဖြစ်သည့်အတွက် စတီးကြိုးတံတားကို လှူဒါန်းဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

**စာမျက်နှာ ၃ ကော်လံ ၄ သို့ ❖**





အိုမန်အသင်းက ကာတာအသင်းဘက်သို့ တိုက်စစ်ဆင်နေစဉ်။

သတင်း - ရှိုင်းထက်ဇော်
ဓာတ်ပုံ - စိုးညွန့်

# ကာတာ၊ မြောက်ကိုရီးယား၊ ယူအေအီးနှင့် ဥဇဘက်ကစ္စတန်အသင်းတို့ ကွာတားတက်

**ရန်ကုန် အောက်တိုဘာ ၁၄**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် အာရှယူ-၁၉ပြိုင်ပွဲ အုပ်စု(စ)နှင့် (ဃ)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပသည်။

**စာမျက်နှာ ၈ ကော်လံ ၄ သို့ ○**






themirror.npt@gmail.com
www.facebook.com/themirrordaily

# အသက်(၈၀)နှစ်ပြည့် မွေးနေ့မင်္ဂလာဆုမွန်လွှာ

## နိုင်မိသားစု အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်၏

## အနန္တဂိုဏ်းဝင်ကျေးဇူးရှင် "ဖခင်ကြီး ဦးထွန်းဖေ"

## ၏

၁၂-၁၀-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် ကျရောက်သော အသက်(၈၀)ပြည့်မွေးနေ့မှသည် နှစ်ပေါင်း(၁၂၀)တိုင်အောင် စိတ္တသုခ၊ ကာယသုခနှစ်ဖြာသော ချမ်းသာခြင်းတို့နှင့် ပြည့်စုံပြီးလျှင် လူမှုရေးအကျိုး၊ ဘာသာသာသနာအကျိုးတို့ကို ကျန်းကျန်းမာမာဖြင့် ဆောင်ရွက်နိုင်၍ သာယာချမ်းမြေ့သော မိသားစုဘဝခရီးလမ်းကို ချစ်သောဇနီး၊ သားသမီး၊ မြေးများနှင့်အတူ အသက်ထက်ဆုံး ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်ဇနီး** - ဒေါ်ညွန့်ညွန့်

**ချစ်သားသမီးများ**

၁။ ဦးမြင့်နိုင်-ဒေါ်အေးအေးနိုင်
(Naing One Construction Materials Trading)

၂။ ဦးသက်နိုင်-ဒေါ်စောကေခိုင်
(Naing Mahar Mandalay Trading Co.,Ltd)

၃။ ဒေါက်တာအေးအေးနိုင်
(ကထိက-သမိုင်းဌာန၊ ဟသ်ာတတက္ကသိုလ်)

၄။ ဦးဝင်းနိုင်-ဒေါ်နှင်းလဲ့ကြည်ပြာ
(Yoon Iron & Steel Co.,Ltd)

၅။ ဦးထွန်းထွန်းနိုင်(Managing Director)
(Nyunt Myint Mo Industrial Co.,Ltd)

၆။ ဒေါက်တာငွေငွေနိုင်
(လက်ထောက်ကထိက-ဓာတုဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)

၇။ ဦးမျိုးမင်းနိုင်-ဒေါ်ရွှေစင်ငွေ
(Naing Seven Construction Materials Trading)

၈။ ဦးသန်းနိုင်(Managing Director)
[ (Naing Family Construction Materials Trading Co.,Ltd)
"နိုင်မိသားစု"ကာလာစတီးအမိုးနှင့် သွပ်ပြားဖြန့်ချီရေး ]

၉။ ဦးမျိုးမြင့်-ဒေါ်သန္တာဝင်း
[ Myo Naing Nine Int'l Trading Co.,Ltd
Naing-Nine သံချောင်းနှင့် ဘိလပ်မြေဖြန့်ချီရေး ]

၁၀။ ဦးဖြိုးဝေနိုင်-ဒေါက်တာနန်းခင်ဝတ်ရည်
(Naing New Generation Trading Co.,Ltd)

**ချစ်မြေးများ** - ဝိုင်းဝိုင်း၊ ကစ်ကစ်၊ ခစ်ခစ်၊ ဂါဂါ၊ ကူကူး၊ ကိုအုပ်၊ စနိုး၊ ယွန်းယွန်း၊ ဖိုးလပြည့်၊ ကိုခန့်၊ အူဝဲ၊ ဆုနဒီနိုင်၊ လဝန်း၊ တုန်တုန်၊ သီဟ၊ ပိုင်ပိုင်။

**မန်နေဂျာနှင့် ဝန်ထမ်းများ**
- နိုင်မိသားစုအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး
- သွပ်ပြား၊ ကာလာစက်ရုံ၊
- ပဲသန့်စင်စက်ရုံ၊ သံချောင်းစက်ရုံ

**"ဗုဒ္ဓဂယာဘုရားဖူးသွားကြမည်ဆိုလျှင် မေသူမောင် နှင့် သွားကြပါစို့"**

- "မေသူမောင်" ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၏ ၂၀၁၄–၂၀၁၅ခုနှစ် ခရီးစဉ်
- 12 Nov, 30 Nov, 17 Dec, 24 Dec, 04 Jan, 25 Jan, 08 Feb, 25 Feb, 15 Mar,
- 22 Mar, 12 Apr (၁၀)ညအိပ်(၁၁)ရက်ခရီးစဉ်(ဓါတ်တော်တိုက်ဖွင့်ပွဲ) – 02 Nov

လိုက်ပါလိုသည့် ခရီးစဉ်နှင့်နေ့ရက်ကိုရွေးချယ်ပြီး ကြိုတင်စာရင်း ပေးသွင်းထားနိုင်ပါသည်။

- သံဃာတော် နှင့် သီလရှင်များတို့ကို ကုသိုလ်ယူသည့်အနေဖြင့် (၁)သိန်းကျပ်တိတိ လျှော့ပေး ပါဦးမည်။
- ဆက်သွယ်ရန်ရုံးချုပ် –အမှတ်(C/၁၁၀)၊Highway Complex၊နာနတ်တောလမ်း၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့။

ဖုန်း–၀၉–၅၀၁၂၄၇၀၊၀၉–၇၃၂၄၁၆၈၇၊၀၉–၇၃၁၅၄၃၆၁၊၀၉–၇၃၁၅၇၃၆၃။ မန္တလေးဖုန်း–၀၂–၇၆၀၂၄၊၀၉–၄၄၄၀၃၀၂၇၀။


မြို့ ရွာ တစ် ခွင် သာ စေ ချင် မီး တွင် မ ပေါ့ နှင့်

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောက်ပါပုဂ္ဂိုလ်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဌာနသို့ ယှဉ်တွဲဖော်ပြပါ အကြောင်းအရာအတိုင်း လျှောက်ထားလာပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍ (နှစ်ပတ်)အတွင်း ဤဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| စဉ် | လျှောက်ထားသူ | | | လျှောက်ထားသည့် | | | | လျှောက်ထားသည့်အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| | အမည် | မှတ်ပုံတင် | လိပ်စာ | မြို့နယ် | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် | |
| | ဒေါ်မြမြဝင်း | [၁၂/ကတတ(နိုင်) ၀၂၆၂၈၉] | အမှတ်(၄၁၉)၊ (၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့) | ဒဂုံအရှေ့ | ၈ | ၄၁၉ | ဦးသိန်းဖေ ဒေါ်မြမြဝင်း | မြေဂရန် |

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**


**စျေးအသက်သာဆုံး**

**ဆောက်လုပ်ရေးလုပ်ငန်းသုံး**

**ရေစိုခံ အကျစ်သား**

**SIZE**

4 ပေ 8 ပေ

5 ထပ်သား – 7 mm

7 ထပ်သား – 10 mm

12 ထပ်သား – 18 mm

**ငါးထပ်သား ရပြီ။**

**အကြိမ်များစွာ ပြန်လည်အသုံးပြုနိုင်သည်။**

HEIN HEIN ENGINEERING CO., LTD.

HEAD OFFICE - No. 12, Marlar Myaing Street, Yankin Township, Yangon, Myanmar.

Tel : 95-09-49306330, 01-549516, 546517, 8603596, 8603597.


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃)၊ မြေကွက်အမှတ်(၄၁၄/က)၊ မြေကွက်တည်နေရာအမှတ်(၄၁၄/က)၊ (၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဦးထွန်းရွှေ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးထွန်းရွှေ(ခင်ပွန်း) ကွယ်လွန်သဖြင့် ဇနီး ဒေါ်ပြုံးချို[၁၂/ဗဟန(နိုင်)၀၁၉၆၀၄] ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၉၆၃၃(၂၁-၇-၂၀၁၄)ရရှိထားသူ ဒေါ်ထက်ထက်အောင်[၁၂/ဗဟန(နိုင်)၀၉၈၅၅၄]မှ အမည်ပေါက်၏ သေစာရင်း၊ ဒေါ်ပြုံးချို၏ တရားဝင်ဇနီးတော်စပ်ကြောင်း၊ တရားရုံးကျမ်းကျိန်လွှာ၊ ပါဝါမရုပ်သိမ်းသေးကြောင်းနှင့် သက်ရှိထင်ရှားရှိကြောင်း၊ ဒေါ်ထက်ထက်အောင်၏ တရားရုံးကျမ်းကျိန်လွှာတို့ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လျှောက်ထားမှုကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**




**99 အချိုမှုန့်**

နိုင်ငံတကာစံချိန်မီ အစားအသောက်များကို အရသာထူးကဲစေမည့် 99 အချိုမှုန့်

ပြောင်းဖူးမှ ထုတ်လုပ်ထားသော သဘာဝ ဟင်းခတ်အချိုမှုန့်စစ်စစ်

ငွေသားဖြင့်ကံစမ်းမဲချီးမြှင့်ပေးပါမည်။ ◆ ပေါက်မဲများကို သတင်းစာတွင် ကြေညာပေးပါမည်။

| | | | |
|---|---|---|---|
| ပထမဆု – ၁၀၀၀၀၀၀၀ (သိန်းတစ်ရာကျပ်) | | တတိယဆု – | ၃၀၀၀၀၀ (သုံးသိန်းကျပ်) |
| ဒုတိယဆု – ၅၀၀၀၀၀ (ငါးသိန်းကျပ်) | | အထူးဆု – (ဆုမဲပေါင်းများစွာ) တစ်ဆုလျှင် | ၁၀၀၀၀၀ (တစ်သိန်းကျပ်) |

### ရန်ကုန် ကိုယ်စားလှယ်များ

| | | | |
|---|---|---|---|
| ၁။ | ဒေါ်ရွှေခင် | 22 လမ်း၊လသာ။ | 09 400471076 |
| ၂။ | ဦးလှမောင် | အမှတ်(H-1)၊ ညောင်ပင်လေးဈေး၊ | 01 229834, 09 73030189 |
| ၃။ | ဒီမမအောင် | 455၊ မြေအောက်ထပ်၊ ညောင်ပင်လေးဈေး။ | 01 210702, 09 5106831 |
| ၄။ | စိန်အိုးစည် | ညောင်ပင်လေးဈေး။ | 09 5084414, 01 709734 |
| ၅။ | နှင်းနှင်းလှိုင် | ညောင်ပင်လေးဈေး။ | 09 681868, 09 73165075 |
| ၆။ | မခိုင် | အမှတ်(၂၈၄/၂၈၅)၊(ပဒေသာဈေး) တောင်ဥက္ကလာပမြို့နယ်။ | 01 578598 |
| ၇။ | မနိုင် | ရွှေပြည်သာမြို့နယ်။ | 09 250980518 |

### နယ်ကိုယ်စားလှယ်များ

| | | | |
|---|---|---|---|
| ၁။ | ဟုန်ရှင်း (ဆန်ဆိုင်) | မော်လမြိုင် | 09 49314328, 09 425299644 |
| ၂။ | ဦးစိုင်းရှန် | တောင်ကြီး | 08 1205929, 08 12122589 |
| ၃။ | ဦးလှကြီးမောင်/ဒေါ်ခင်မာရီ | ကျောက်ပန်းတောင်းမြို့ | 09 2220129, 092220331,061-50087 |
| ၄။ | ကိုအောင်မြင့်မြတ် | ကြို့ပင်ကောက် | 09 5374657 |
| ၅။ | ကိုညီညီ | ချောက်မြို့ | 06 1200662, 09 401675488. |
| ၆။ | ကိုသူရဇံ | စစ်တွေ | 09 250332792 |
| ၇။ | သီတာကျော် | တပ်ကုန်း | 06 771055, 09 250201166 |
| ၈။ | ဦးသောင်းစိန် | တောင်တွင်းကြီး | 06 3500641, 09 5333073 |
| ၉။ | ဒေါ်ထွေးထွေး | နေပြည်တော် | 09 5169072, 0[illegible]2016061. |
| ၁၀။ | ဒေါ်စိုးစိုးလွင် | ပန်းတနော် | 09 422489515 |
| ၁၁။ | ဒေါ်ဝင်းမြင့် | ပုသိမ် | 04 221613 |
| ၁၂။ | မနိုင် | ပြည် | 09 31591642 |
| ၁၃။ | ဒေါ်ကောက်ပို | ဘိုကလေး | 09 428016337, 09 8595284 |
| ၁၄။ | ဦးထွန်းထွန်း | မအူပင် | 09 8585877 |
| ၁၅။ | မစောစန္ဒာထွန်း | မိတ္ထီလာ | 09 449004864, 09 259216840 |
| ၁၆။ | ဦးအောင်သိန်း/ဒေါ်ဆွေဆွေရီ | မိတ္ထီလာ | 06 424531, 09 402554278 |
| ၁၇။ | ဒေါ်ဖွားလေး | ကလေး | 09400309254, 09402716059 |
| ၁၈။ | ဒေါ်ခင်ထွေးကြည် | မော်ဘီ | 09 73190890 |
| ၁၉။ | ကိုဇော်မြင့် | မန္တလေး | 09 4302707083, 09 2033668 |
| ၂၀။ | ကိုအောင်အောင်မြတ် | မြိတ် | 09 43084472, 09 82020303 |
| ၂၁။ | ဦးဘစံ | သာစည် | 09 2225777 |
| ၂၂။ | ဦးလှမင်း | လက်ပံတန်း | 09 254587089 |
| ၂၃။ | ဒေါ်ယုယုအောင် | ဒေးဒရဲ | 09 49273847 |

အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်အမှတ် - ၈၉/ ၁၃၀၂၂ / ထလ

ကိုယ်စားလှယ်ယူလိုသူများနှင့် ရောင်းချလိုသူများ လာရောက်ဆက်သွယ် ဆွေးနွေးနိုင်ပါသည်။

ပင်ရင်းဌာန / ဖြန့်ချိရေးဌာန - အမှတ် (၉၇ / ၉၉)၊ ၂၂လမ်း၊ အထက်ဘလောက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်းနံပါတ် - 01 - 382333 , 01 - 384632 , 09 730 48157, 09-250065716, 09 250065717, 09 250065719